
www.burmeseclassic.com



www.burmeseclassic.com

ပဉ္စ ဂုဏ် အဟံ ဝန္ဒာမိ

စာမူခွင့်ပြုချက် □ ၂၁၈/၉၉ (၃)

မျက်နှာဖုံးခွင့်ပြုချက် □ ၁၉၄/၉၉ (၄)

ပုံနှိပ်မှတ်တမ်း □ ပထမအကြိမ်
၁၉၉၉ ခုနှစ်၊ ဇွန်လ
အုပ်ရေ ၁၀၀၀
တန်ဖိုး - ၂၀၀ ကျပ်တိတိ

ထုတ်ဝေသူ □ ဦးဝင်းမြင့် (လေးမောင်)
ဝင်းမြင့်အောင်စာပေ
၃၁၅/ ၂-၁ ရပ်ကွက်
ထောက်ကြန့်တိုးချဲ့။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် □ ဦးကျော်စိန် (မြ - ၀၂၉၀၉)
ကျောက်စိမ်းအော့ဖ်ဆက်၊
အမှတ် ၁၇၁၊ ၃၃-လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်

ဖြန့်ချိရေး □ မြိုတ်စာပေ
၁၉၀၊ ၃၁-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်

စီစဉ်သူ □ ကိုကျော်နိုင်

အထက်မြန်မာပြည် . . . နဂါးစာပေ (မန္တလေး)

## သည်လိုမြင်တယ်

ပြောသူ။ ။ကျွန်တော်က လူတစ်မျိုးဗျ၊ သူများက ရယ်စရာပြောရင် ဘယ်တော့မှ မရယ်ဘဲ ငိုတယ်။

အားထောင်သူ။ ။ဟုတ်ပါပြီ၊ ဒါ ထူးခြားမှုတစ်ခုပဲ၊ ဆက်ပါဦး။

ပြောသူ။ ။ငိုစရာ လာပြောရင် ရယ်တယ်၊ ဝမ်းသာစရာ စရာ လာပြောရင် ဝမ်းနည်းတယ်၊ ဝမ်းနည်းစရာပြောရင် ဝမ်းသာတယ်။

အားထောင်သူ။ ။ဟုတ်ပြီ။

ပြောသူ။ ။ဆရာ ကျွန်တော့်ကို ဘယ်လိုမြင်ပါသလဲ။

အားထောင်သူ။ ။စိတ်ရောဂါကုဆေးရုံကို သွားသင့်တယ်လို့ မြင်ပါတယ်။

## အစီအစဉ်

သား။ ။တရုတ်နှစ်ကူးရင် တရုတ်အမျိုးသားတွေက ရိုးရာမုန့်တွေလုပ်ကြပြီး အပေါင်းအသင်းတွေကို ဖိတ်ကျွေးတယ်။

ခင်။ ။ဟုတ်တာပေါ့။

သား။ ။ကုလားတွေအစ်ရင် ဆမိုင်းအသားမုန့်တွေအစရှိတဲ့ အစားအစာတွေလုပ်ပြီး မိတ်ဆွေတွေကိုဖိတ်ကျွေးတယ်။

ခင်။ ။မှန်တာပေါ့။

သား။ ။သားတို့ကျတော့ ဘယ်လိုအစီအစဉ်ရှိသလဲ မေမေ။

ခင်။ ။သူတို့ကျွေးတာတွေကို အကုန်စားလိုက်တာပေါ့သားရဲ့။



www.burmeseclassic.com

www.burmeseclassic.com

## ငါးထွ

မြို့ကို ယခုမှရောက်လာသော တောသားတစ်ယောက်သည် သူ့ဝဲ–ယာနှစ်ဘက်ဆေားမှ ဆိုင်ကယ်နှစ်စီးဖြတ်ပြီး မောင်းသွားသည်ကို တွေ့လိုက်ရသည်။

ညအမှောင်တွင် လမ်းဖြတ်ကူးစဉ် ကားတစ်စီးက သူ့ရှေ့တည့်တည့်မှ မောင်းလာရာ...

တောသား။ ။အံမာ...ဟိုဆိုင်ကယ်နှစ်စီးက မီးလုံးတွေဖွင့်ပြီး ယှဉ်မောင်းလာပါလား၊ ဟိုနေ့ကအတိုင်းပဲ... အလယ်မှ ရပ်နေလိုက်ရာ...

"ဒုန်း..."

တောသား။ ။အောင်မယ်လေးဗျ...။

## ဘာထူးသေးသလဲ

အပျိုကြီးကို ယူမိခဲ့သော လူပျိုကြီး၏အိမ်ထောင်သက်တမ်းတစ်လအကြာမှာ...

အပျိုကြီး။ ။မောင်ရေ...ခင့်အကျီကြယ်သီး လာကူတပ်ပေးပါဦး၊ ခင့် လက်မမီလို့။

လူပျိုကြီး။ ။တော်တော်အလုပ်ရှုပ်တယ်ကွာ။

အပျိုကြီး။ ။မောင်ကလဲ၊ ခင့်ဆို စိတ်မရှည်ဘူး၊ ဘာထူးသေးသလဲ၊ ဟိုတစ်ယောက်တုန်းကလဲ အဲဒီလိုပဲ။

လူပျိုကြီး။ ။ဟေ...မင်း...။





## ရှင်းရှင်းပြောပါလား

ဆရာမ။ ။ဆယ်ထဲကငါးနုတ်ရင် ဘယ်လောက်ကျန်မလဲ။

ကျောင်းသား။ ။ရေပဲ ကျန်ပါတယ် ဆရာ။

ဆရာမ။ ။မင်းကို တစ်ဆယ်ထဲက ငါးနုတ်ရင် ဘယ်လောက်ကျန်မလဲလို့ မေးတာကွယ်။

ကျောင်းသား။ ။ဒါဆို ငါးကျန်တာပေါ့၊ ဆရာမက ရှင်းရှင်းမှ မပြောဘဲကိုး။

## သည့်လိုတိုး

ဆရာမ။ ။သစ်ပင်ပေါ်မှာ စာကလေးငါးကောင်ရှိတယ်၊ အောက်ကနေ သေနတ်နဲ့ပစ်လိုက်ရင်း တစ်ကောင် မှန်သွားတယ်၊ ဘယ်နှစ်ကောင် ကျန်မလဲ။

ကျောင်းသား။ ။တစ်ကောင်မှ မကျန်ပါဘူး။

ဆရာမ။ ။ဟင်...ဘာဖြစ်လို့လဲ၊ ကျန်ရမှာပေါ့။

ကျောင်းသား။ ။ကျန်တဲ့အကောင်တွေက သေနတ်သံကြောင့် အားလုံးလန့်ပြီး ပြန်ပြေးကုန်ကြလို့ပါ။

www.burmeseclassic.com

www.burmeseclassic.com

## ထောင်

ဖခင်သည် သုံးနှစ်သား သားငယ်ကို လက်ဆွဲပြီး လမ်းလျှောက်သွားစဉ် မျက်မှန်တပ်ထားသော လူတစ်ယောက်က အနားမှ ဖြတ်သွားရာ...

သား။ ။ဟိုလူကြီးရဲ့မျက်လုံးတွေ သိပ်ပြီး သနားစရာကောင်းတာပဲနော် ဖေဖေ။

ဖခင်။ ။ဘာဖြစ်လို့လဲ သား။

သား။ ။သူ့မျက်လုံးတွေကို ထောင်ချထားလို့လေ။

## ငါး မရှိရင်

သူငယ်ချင်းနှစ်ယောက် ဆုံတွေ့ကြရာ တစ်ယောက်က အလွန် ပစိပစပ်များသည်။ စကားများသည်။

ဖိုးသောကြာ။ ။ကောင်းကင်မှာ ကြယ်တွေ၊လတွေကွယ်သွားရင် ဘာဖြစ်နိုင်မလဲ။

သူငယ်ချင်း။ ။တစ်လောကလုံး အမှောင်ဖုံးသွားမှာပေါ့။

ဖိုးသောကြာ။ ။ပင်လယ်သမုဒ္ဒရာထဲကရေတွေ ခန်းခြောက်သွားရင် ဘာဖြစ်နိုင်မလဲ။

သူငယ်ချင်း။ ။ရေသတ္တဝါတွေ သေကုန်ကြမှာပေါ့။

ဖိုးသောကြာ။ ။ငါ မရှိရင်ကော ဘာဖြစ်နိုင်မလဲ။

သူငယ်ချင်း။ ။ခုနစ်ရက်သားသမီး နားချမ်းသာသွားမှာပေါ့။





## မမှုးတော့ဘူး

အရက်ဆိုင်တစ်ဆိုင်တွင် စားပွဲတစ်လုံး၌ တစ်ယောက်တည်း အရက်သောက်နေသောသူ၊ သူ့ရှေ့မှာ သောက်ပြီးသား ပုလင်းခွံများက အစီအရီ။

သောက်သူ။ ။ဟော့ကောင်တွေ၊ ငါ့ကို လာမစမ်းကြနဲ့၊ ဘယ်ခွေးမှ လူမထင်ဘူးကွ၊ ဝေါ့...ထွီ။

[ဆိုင်ရှင်က အလျင်စလို ပြေးလာပြီး]

ဆိုင်ရှင်။ ။ဟာ...ဆရာသောက်နေတာ ရေပုလင်းတွေချည်းပဲ။ ကျွန်တော် မှားပြီး ပေးမိတယ်။

သောက်ရေ။ ။ဟေ...ဟုတ်လား၊ ဒါဆို ငါ မမူးတော့ဘူး။

## အကျင့်ပါနေလို့

ငရဲမင်းကြီး။ ။လူ့ပြည်မှာ မင်း မသေခင်တုန်းက ဘာအလုပ် လုပ်ခဲ့သလဲ။

ထိုသူ။ ။ခါးပိုက်နှိုက်အလုပ်နဲ့ အသက်မွေးဝမ်းကျောင်း ပြုခဲ့ပါတယ်။

ငရဲမင်းကြီး။ ။ဒါဆို၊ မင်း ဒုစရိုက်အလုပ်နဲ့ ကျင်လည်ခဲ့တာပေါ့၊ ဟေ...မင်း လူလူချင်း လှည့်စားလို့ ရချင်ရမယ်၊ ငါ့လို ငရဲမင်းကြီးကို လာကြော်လို့မရဘူးကွ၊ ဟာ...ငါ့အိတ်ထဲက ဖောင်တိန် ဘယ်ရောက်သွားပါလိမ့်။

ထိုသူ။ ။သည်းခံပါခင်ဗျာ၊ ကျွန်တော် စာရင်းမှတ်ချင်လို့၊ အခုလေးတင် နှိုက်ယူလိုက်တာပါ၊ သုံးပြီးရင် ပြန်ပေးမလို့ပါပဲ။


www.burmeseclassic.com

www.burmeseclassic.com

## အလိုက်သိ

သား။ ။ဖေဖေ့ကိုကြည့်ရတာ ခေါင်းထက်ပိုပြီး ခန့်လာသလိုပဲ။

ဖခင်။ ။ဟုတ်လား။

သား။ ။မေမေ့ကိုကြည့်ရတာ ပိုပြီး ချောချောလာတယ်။

မိခင်။ ။ဟုတ်လား သား။ (ပြုံးလျက်)

ဖခင်။ ။မအေကြီးရေ၊ သား မုန့်ဖိုး အရေးတကြီး လိုတယ်
ဆိုတာ သိပ်ပြီး သိသာနေပြီကွယ့်။

## အဲဒါကြောင့်

လူငယ်။ ။မင်းလေးကို မြင်လိုက်ရတဲ့အချိန်ကစပြီး ကိုယ့်
မှာလေ မအိပ်နိုင်၊ မစားနိုင်၊ မပျော်နိုင်နဲ့...

မိန်းကလေး။ ။ချစ်တဲ့စိတ်ကြောင့် ခံစားနေရတာလား ဟင်။

လူငယ်။ ။မဟုတ်ဘူး၊ ဘိုင်ပြတ်နေလို့။

## စိတ်ပျက်တယ်

သစ်ကိုင်းထက်မှာနားနေသော ကျီးတစ်ကောင်သည် သစ်ပင်အောက်မှ စုံတွဲကို မြင်လိုက်ရသောအခါ...

ကျီးဖို။ ။အောက်က စုံတွဲကိုကြည့်ရတာ စိတ်ပျက်စရာကြီးပဲ
ရှင်မရာ။

ကျီးမ။ ။ဘာဖြစ်လို့လဲ ရှင့်။

ကျီးဖို။ ။ကမ္ဘာဦးလူသားတွေကို မြင်နေရသလိုပါပဲကွာ။





## မှား

လက်မှတ်စစ်တစ်ယောက်သည် ရထားပေါ်ကိုတက်လာ၏။ ခရီးသည်များ၏ လက်မှတ်များကို စစ်သည်။

လက်မှတ်စစ်။ ။လူကြီးမင်းတို့ ရထားမှားပြီး စီးလာကြပါတယ်၊
ကျေးဇူးပြုပြီး ရှေ့ဘူတာကျရင်ဆင်းပေးကြပါ။

[ထိုအခါ ခရီးသည်များသည် အံ့အားသင့်သွားခဲ့ကြသည်။ရထားဆိုက်သောအခါ ထိုလက်မှတ်စစ်က အလျင်စလိုဖြင့် ပြေးဆင်းသွားခဲ့ပြီး စကားတစ်ခွန်း ပြောသွားခဲ့သည်မှာ...]

လက်မှတ်စစ်။ ။ကျွန်တော်ကလဲ ရထားမှားပြီး စစ်မိတာကိုး။

## တစ် နှစ် သုံး

ဆရာမ။ ။တစ်ပြီးရင် ဘာလာသလဲ။

ကျောင်းသား။ ။နှစ်ပါ။

ဆရာမ။ ။နှစ်ပြီးရင်ကော။

ကျောင်းသား။ ။သုံးပါ။

ဆရာမ။ ။သုံးပြီးရင်ကော။

ကျောင်းသား။ ။တပြားမှ မကျန်တော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

## အရင်ပြောပါ

အစည်းအဝေးတစ်ခု၌ အခမ်းအနားမှူးသည် အစည်းအဝေး မကျင်းပမီ အစီအစဉ်များကို ပြောလေ၏။

မှူး။ ။အစီအစဉ် ၁ မှာ...၊ အစီအစဉ် ၂ မှာ...အစီအစဉ် ၉ ကတော့ သဘာပတိရဲ့ နောက်ဆုံးနိဂုံးချုပ်မိန့်ခွန်းကို ပြောပါလိမ့်မယ်ခင်ဗျာ။

(ထိုစဉ် အစည်းအဝေး လာတက်သူများထဲမှ လူတစ်ယောက်က ထ,ရပ်လိုက်ပြီး)

ထိုသူ။ ။နောက်ဆုံး နိဂုံးချုပ်မိန့်ခွန်းကို အရင်ပြောပါခင်ဗျာ။

## ကိုယ့်ထက် ပိုမိုက်တဲ့သူ

အရက်မူးသမားတစ်ယောက်သည် အမူးလွန်ပြီး လမ်းထဲကို ဒယိမ်းဒယိုင်နှင့် လျှောက်လာခဲ့သည်။ ဓာတ်တိုင်ကြီးတစ်တိုင်၏ရှေ့ကို ရောက်လာသောအခါ...

ထိုသူ။ ။ဟေ့ကောင်၊ ငါ့ရှေ့က အခုချက်ချင်း ဖယ်စမ်း၊ ဘယ်ကကောင်လဲ၊ အံမာ မဖယ်ဘူးလား၊ မင်းက ဘယ်လောက်မိုက်နေလို့လဲ။

[ထိုသူသည် ဓာတ်တိုင်ကို ခြေထောက်နှင့် ကန်ကျောက်၏။ လက်သီးနှင့်ထိုး၏။ ခေါင်းဖြင့် တိုက်၏။]

ထိုသူ။ ။ဟာ...ဒီကောင် ငါ ဒါလောက် ရိုက်နှက်နေတာတောင် နည်းနည်းလေးမှ မဖြုံဘူး၊ အရှုံးပေးပါတယ်ကွာ၊ မင်းက ငါ့ထက် ပိုမိုက်မှန်း သိပါပြီ၊ သွားတော့မယ်နော်၊ ဟီး–ဟီး–။





## ရည်ရွယ်ချက်

သားသမီးများနှင့်အတူ မိသားစု စုညီစွာရှိကြသောအခါ–

မိခင်။ ။သားကြီး ကြီးလာရင် ဘာလုပ်မလဲ။

သားကြီး။ ။ဆရာဝန်။

ဖခင်။ ။သမီးလတ်ကရော ကြီးလာရင် ဘာလုပ်မလဲ။

သမီးလတ်။ ။ဆရာမ။

မိခင်။ ။ဟောသည် သားထွေးလေးကကော ကြီးလာရင်ရင် ဘာလုပ်မလဲ၊ ဖြေပါဦး အချစ်ဆုံးလေးရယ်။

သားထွေး။ ။မိန်းမယူမယ်။

## အစွမ်းအစ

မိဘနှစ်ပါးနှင့်အတူ သုံးနှစ်သားလေးတစ်ဦးလည်း အပါအဝင် လမ်းလျှောက်ထွက်လာသောအခါ လမ်းတွင် မိခင်တစ်ဦးက သုံးပဲခွာဘူးလေးတွေကို လှည်းဖြင့်တင်ကာ တွန်းသွားနေသည်ကို တွေ့လိုက်ရသောအခါ...

သား။ ။မေမေ သားအဖော်ရအောင်လို့ ဟိုအန်တီလို ကလေးတွေ အများကြီးရအောင် မွေးပေးပါ။

ဖခင်။ ။သည်ကလေး ပူဆာစရာ မဟုတ်တာကို ပူဆာတယ်ကွာ။

မိခင်။ ။သားရယ်၊ မင်းအဖေဟာ ဒါလောက်အထိ အစွမ်းအစ မရှိဘူးကွယ့်။



www.burmeseclassic.com

www.burmeseclassic.com

## ဉာဏ်နည်းသူ

စာသင်ခန်းအတွင်း၌–

ဆရာမ။ ။မောင်ဘ ထ,စမ်း၊ သိပ္ပံပညာရှင်ကြီး အိုက်ဇက်နယူတန်ရဲ့အကြောင်းကို ဘယ်လောက် သိပါသလဲ။

မောင်ဘ။ ။သူဟာ အင်မတန်မှ ဉာဏ်နည်းသူလို့ ထင်ပါတယ် ဆရာမ။

ဆရာမ။ ။ဟင်…ဘာဖြစ်လို့လဲကွယ်။

ကျောင်းသား။ ။သစ်သီးကြွေကျတာကို ကောက်စားဖို့မစဉ်းစားဘဲ ဘာကြောင့် ကြွေကျတယ်ဆိုတာကို စဉ်းစားခဲ့လို့ပါ။

## မြင်သောတရား

အဘိုးကြီးနှင့်အမယ်ကြီး လမ်းလျှောက်ထွက်လာသောအခါ လွန်စွာလှပသော မိန်းမပျိုလေးတစ်ယောက်လည်း သူတို့၏ ရှေ့မှ သွားနေ၏။

အမယ်ကြီး။ ။ရှင့် ခြေလှမ်းတွေ ဘာဖြစ်လို့ နှေးသွားတာလဲ၊ အဘိုးကြီးနော်၊ အသက်ကြီးကာမှ…

အဘိုးကြီး။ ။မင်း မသိပါဘူးကွာ၊ ဘဝဆိုတာ နိမ့်လိုက် မြင့်လိုက်နဲ့၊ သည်လိုပါပဲလို့ တရားမှတ်နေတာကွ။



## ဒါမှ ယောကျ်ား

ကာရာတေးနှင့် ဂျူဒိုချန်ပီယံကြီးသည် ခန်းမကြီးတစ်ခုအတွင်း၌သရုပ်ပြပွဲကြီးတစ်ခုကိုကျင်းပနေသည်။သူသည်ပရိသတ်များရှေ့မှောက်၌ အုတ်ခဲငါးလုံးဆင့်၍လက်ဝါးစောင်းဖြင့်ခုတ်ပြ၏။

ပရိသတ်။ ။ဖြောင်း…ဖြောင်း…ဖြောင်း။

[သစ်သားအမာပြားကြီးကိုခြေဖြင့်ကန်ကာ ချိုးပြ၏။]

ပရိသတ်။ ။ဖြောင်း…ဖြောင်း…ဖြောင်း။

[လူတွေတစ်ယောက်ပြီးတစ်ယောက် ကိုင်ပေါက်ပြ၏။]

ပရိသတ်။ ။ဖြောင်း…ဖြောင်း…ဖြောင်း။

[အိမ်ကို ပြန်ရောက်သောအခါ–]

ဇနီး။ ။မောင်ရေ၊ ငရုတ်သီးတစ်ဆုံ ထောင်းပေးစမ်းပါ။

[ဇနီးကို ကြောက်ရ၍ ငရုတ်သီးထောင်းပြ၏။]

သား။ ။ဖြောင်း…ဖြောင်း…ဖြောင်း…ဖေဖေကွ။

## စိတ်ကူး

အခန်းထဲ၌ ဇနီးက ဇာပန်းထိုးနေရင်း အိပ်ငိုက်နေသော ယောကျ်ားကို…

ဇနီး။ ။မောင်ရေ၊ ခြံထဲက မြက်ပင်တွေကို ရှင်းပစ်လိုက်ဦးလေ။

[အိပ်ချင်မူးတူးဖြင့် ရုတ်တရက်ပြောလိုက်သည်မှာ]

ယောကျ်ား။ ။အေး–အေး၊ မြက်ပင်တွေ့ရင် နောက်မှ စိတ်ကူးမယ်၊ အခု ခြံထဲကအမှိုက်တွေကိုရှင်းဖို့ စိတ်ကူးနေတယ်ဟ။



www.burmeseclassic.com

www.burmeseclassic.com

## ဆန်းသလား

တိရစ္ဆာန်ရုံတွင် လူလောက်နီးနီးနားလည်နေသော လူဝံထီးတစ်ကောင်က ပန်းချီဆွဲနေသည်။

လူဝံမ။ ။တော်က ပန်းဆွဲတာဖြင့် ကောင်းကောင်းမဆွဲဘူး၊ သက်ပြင်းတချချနဲ့ ဘယ်လိုဖြစ်နေတာလဲ။

လူဝံထီး။ ။ငါ အခုဆွဲနေတာ လူတွေရဲ့ပုံတွေ၊ ဘယ့်နှယ်ကြောင့် သူတို့နဲ့မတူဘဲ ငါနဲ့ လာတူနေရတာလဲ မသိဘူး။

လူဝံမ။ ။တူမှာပေါ့၊ ဒါဝင်ကပြောတယ်ဆို၊ လူဆိုတာ မျောက်က ဆင်းသက်ခဲ့တယ်လို့၊ ရှင်ဆွဲတာ သူတို့နဲ့ မတူဘူး၊ ကျုပ်တို့နဲ့တူတာ ဆန်းသလား။

လူဝံထီး။ ။အေး...ဖြစ်နိုင်တာပဲ။

## မေတ္တာ

သား။ ။ဖေဖေ၊ ဟိုမှာ ခွေးကြီးတစ်ကောင်၊ သားတို့ကို ကိုက်တော့မှာပဲ၊ ပြေးလာနေပြီ၊ ပြေးလာနေပြီ။

ဖခင်။ ။မေတ္တာသာ နာနာပို့သား၊ မေတ္တာသာ နာနာပို့။

သား။ ။ပို့တာပဲ ဖေဖေ၊ ဒါပေမယ့် မရဘူး၊ ကျွန်တော်တို့နဲ့ တဖြည်းဖြည်း နီးလာနေပြီ။

ဖခင်။ ။ထပ်ပို့ပါဦးသားရယ်၊ နာနာသာပို့ပေး။

သား။ ။မရတော့ဘူး ဖေဖေ၊ မရတော့ဘူး၊ ကျွန်တော်တို့နဲ့ နီးသထက်နီးလာပြီ။

ဖခင်။ ။ဟေ၊ ဟုတ်လား၊ ဒါဆိုရင် မထူးတော့ဘူးသား၊ ခဲနဲ့သာ ကောက်ထုပေတော့။





## အခုမှပဲ

ယောကျ်ားအရက်သောက်တာကို မကြိုက်တဲ့မိန်းမက–

မိန်းမ။ ။တော် အရက်မူးပြီး ပြန်ရဲ ပြန်လာကြည့်။

[ယောကျ်ားက မိန်းမကို ကြောက်ပြီး အရက်မသောက်ခဲ့ဘူး၊ အပြင်က ပြန်အလာမှာ ချော်လဲပြီး တံတိုင်နဲ့ခေါင်း ဆောင့်မိတယ်၊ ခေါင်းမူးပြီး ဒယိမ်းဒယိုင်နဲ့ပြန်လာတဲ့ယောကျ်ားကို–]

မိန်းမ။ ။တော်–အရက်မူးလာပြန်ပြီ၊ ကျုပ်စကားကို နားမထောင်ဘူးပေါ့လေ၊ ကဲ–ဟယ်...။

[ဆိုပြီး ခေါင်းကိုတုတ်နဲ့ တအားလွှဲရိုက်လိုက်တဲ့အခါ ခွေခွေကလေးလဲကျသွားတယ်၊ယောကျ်ားက ဘာပြောလိုက်သလဲဆိုရင်...]

ယောကျ်ား။ ။အခုမှ ရေချိန်ကိုက်သွားတော့တယ်ကွာ။

## နမူနာပါပဲ

အရက် အင်မတန်သောက်တဲ့လူတစ်ယောက်ရှိလေ၏။ ထိုသည်လူသည် အရက်မသောက်ဘဲနေလည်း အင်မတန်မှ ပတိစေပ်များတတ်၏။ တစ်နေ့တွင် မိန်းမနှင့် စကားများ၏။ ထိုအချိန်တွင် သူ လုံးဝ အရက်မသောက်ရသေး။

မိန်းမက စိတ်ဆိုးပြီး ခေါင်းကို ပုလင်းလွတ်တစ်လုံးဖြင့် ရိုက်လိုက်ရာ...

မိန်းမ။ ။ကဲ–ဟယ်...။



www.burmeseclassic.com

www.burmeseclassic.com

ယောက်ျား။ ။အား...

[ကုလားထိုင်ပေါ်က ထိုးကျသွားပြီး မထနိုင်တော့ အနားမှာရှိနေသော တူတော်မောင်က ဘယ်လို ပြောလိုက်သလဲဆိုလျှင်...

တူမောင်။ ။ငါ့ဦးလေးကတော့ နမူနာပါပဲကွာ၊ ပုလင်းခွံနဲ့တော မှုးနေသဟော့။

## သိတာပေါ့

သူငယ်ချင်းနှစ်ယောက် နတ်ကန္နားပွဲတစ်ခုကို အမှတ် မထင် ဝင်ကြည့်မိ၏။ နတ်ဝင်သည်က တစ်ယောက်ကို...

နတ်ဝင်သည်။ ။မင်း ဦးမင်းကျော်ကို သိသလား။

ထိုသူ။ ။သိတာပေါ့၊ ကျွန်တော်နဲ့ သားရေကွင်း ပစ် ဖော် ပစ်ဖက်၊ ဂေါ်လီရိုက်ဖက်လေ။

[သဘောကျသွားပြီး...]

နတ်ဝင်သည်။ ။မင်းမှတ်မိသားပဲ၊မဆိုးဘူး၊ငါကိုယ်တော်သဘော ကျတော်မူတယ်၊ရော့–သောက်၊ကြက်ကင်စား...

[ထိုသူတို့ ပြန်ထွက်အလာ...]

သူငယ်ချင်း။ ။ဟော့ကောင်၊ ဦးမင်းကျော်က နှစ်ပေါင်းထောင် ချီပြီး အတိတ်ကာလမှာ ကျန်ခဲ့ပြီ၊ မင်း ဘ တွေ လျှောက်ပြောခဲ့တာလဲ။

ထိုသူ။ ။မသိဘူးလေ၊ ငါပြောတာက အပြင်က ငါ့သူငယ် ချင်း ဦးမင်းကျော်ကို ပြောတာ၊ နတ်ကတော် ဘယ်လို သဘောပေါက်သွားသလဲမှ မသိတာ





## စင်းလုံးချော

တီကောင် အဖိုနှင့်အမတို့စကားစပ်မိ၍ ပြောကြရာ–

ဘိဖို။ ။လူတွေပြောပြောနေကြတဲ့ စင်းလုံးချောအလှဆိုတာ ဘာပါလိမ့်။

ဘိမ။ ။ရှင်ကလဲလေ၊ အ,ရန်ကော၊ ကျွန်မလို ဘော်ဒီမျိုးကို ပြောတာပေါ့ရှင့်...အဟင်းဟင်း...။

## တိတ်တိတ်နေ

မြို့ကို တစ်ကြိမ်တစ်ခါမှ မရောက်ဖူးခဲ့သော တောသား တစ်ယောက် မြို့မှ သူငယ်ချင်းတစ်ယောက်က ခေါ်လာခဲ့ရာ ဆိုင်းဘုတ်ကမ်းမှာ ရပ်ထားသော သင်္ဘောကြီးတစ်စင်းကို မြင်မိသည် နှင့် အံ့အားသင့်သွားပြီး...

တောသား။ ။ဟာ...ဟိုဟာကြီးက ဘာကြီးလဲကွ...။

မြို့သား။ ။ဟော့ကောင်၊ တိတ်တိတ်နေကွ။

[ဆက်ပြီး လျှောက်လာခဲ့ကြရာ သင်္ဘောကြီးတစ် စင်းကို တွေ့ပြန်သည်။]

တောသား။ ။ဟာ...သည်တိတ်တိတ်နေကြီးက ဟို တိတ်တိတ် နေကြီးထက် ပိုပြီးတော့ ကြီးနေပါလားကွ။

## ကံကောင်းလို့

မောင်တိုး။ ။ပီဋ္ဌီယက္ခမင်းကြီးက သုဝဏ္ဏသာမကို မြားနဲ့ပစ် လိုက်တော့ သုဝဏ္ဏသာမက ဘာပြန်ပြောသလဲကွ။

မောင်ဖြိုး။ ။ခင်ဗျားကြီး သောက်ရမ်းသောက်ရမ်းလုပ်တယ်ဗျာ၊ ကံကောင်းလို့ ချိုးမမှန်တယ်တဲ့။


www.burmeseclassic.com

www.burmeseclassic.com

## မကြာခင်မှာ

တောရွာတစ်ရွာတွင် ဘုရားပွဲ၌ ရုပ်ရှင်ပြရာ ယခင်… နာမည်ကြီး ရုပ်ရှင်မင်းသား ရွှေဘနှင့်လူဆိုး ထိုးကြိတ်ခန်း… ရွှေဘချည်းပဲ ခံနေရသည်။ ရိုးသားကြသော တောသူတောင်သ… များက ခံပြင်းနေကြပြီး ပိတ်ကားကို ခဲဖြင့် ပေါက်ကြရာ…

ထိုအခါ တာဝန်ရှိသူတစ်ယောက်က ထွက်လာပြီး…

ထိုသူ။ ။ပရိသတ်ကြီးခင်ဗျား၊ တစ်ဆိတ်သည်းခံကြပါ။ အ… နေတော့ ရွှေဘ ရှုံးနေပါတယ်၊ မကြာခင်မှာ ရွှေ… ပြန်နိုင်လာတော့မှာပါ၊ စိတ်ချပါ၊ ဆန္ဒမစောကြပါ… ခင်ဗျာ။

## ဘယ်သူ့လက်ချက်လဲ

ဖနီးမှာ သားဦးလေး မွေးဖွားလာသည်။ သူနှင့်လ… မတူ၊ ဖနီးနှင့်လည်း မတူ။

ယောကျ်ား။ ။ဟော့-ဒါ ဘယ်သူ့လက်ချက်လဲကွ၊ ဘယ်သူ့ လက်ချက်လဲကွ၊ ပြောစမ်း။

ဖနီး။ ။ဘယ်သူ့လက်ချက်ရမှာလဲ၊ ရှင့်လက်ချက်ပဲပေ…





## ဒါပဲ

…ကောင်။ ။ဟယ်လို၊ ကျုပ်တီကောင်ပါ၊ မြေပြင်ပေါ်မှာ လမ်း ကြောင်း ရှင်းရဲ့လား၊ လမ်းကြောင်းရှင်းရဲ့လား။

…က်ကျို။ ။မရှင်းသေးပါဘူး၊ ခဏစောင့်ပါဦး၊ ခဏစောင့်ပါဦး။ [တစ်အောင့်အကြာ]

…ကောင်။ ။ဟဲလို၊ အခြေအနေ ဘယ်လိုရှိသလဲ၊ ဘယ်လိုရှိ သလဲ။

…က်ကျို။ ။ကောင်းသွားပြီ၊ ကောင်းသွားပြီ၊ ငါးစာရှာတဲ့သူ တွေ မရှိတော့ဘူး၊ တက်လာခဲ့တော့၊ တက်လာခဲ့ တော့။

…ကောင်။ ။ဒါပဲလား၊ ဒါပဲလား…။

…က်ကျို။ ။ဒါပဲ…ဒါပဲ…။

## အမေးနဲ့အဖြေ

ဖခင်ဖြစ်သူသည် စကားပြောတတ်ကာစ သားငယ်ကို …ရစ္ဆာန်ရုံသို့ ခေါ်သွားခဲ့ရာ…

…ား။ ။ဟို…လည်ပင်းရှည်ရှည်နဲ့ကောင်ကြီးဟာ ဘာကောင် ကြီးလဲ ဖေဖေ၊ သူ့လည်ပင်းက ဘာဖြစ်လို့ အရှည် ကြီးဖြစ်နေရတာလဲ ဖေဖေ။

…ခင်။ ။အဲ…အဲဒါ သစ်ကုလားအုတ်လို့ ခေါ်တယ်ကွယ့်၊ လည် ပင်ကြီး ရှည်နေတာကတော့၊ အင်း…အဲ…ဟိုလေကွာ… လေလယ်ရင် မနံ့အောင်လို့ နှာခေါင်းနဲ့ ဝေးအောင် တမင်ရှောင်ထားတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

## ဗူလိုက်တာ

တရုတ်ရွာန်ရုံသို့ သားငယ်ကို ခေါ်လာသော မိဘနှစ်ဦး မျောက်ရုံသို့ ရောက်သောအခါ...

သား။ ။ဖေဖေ ဟိုမှာ ကြည့်စမ်း၊ မျောက်ကြီးက သူ့မိန်းမ မျောက်မကြီးကို သန်းရှာပေးနေတယ်။

ဖခင်။ ။အဲဒါ ဘာဖြစ်သလဲ သားရဲ့။

သား။ ။ဖေဖေ့လိုပဲနော်။

## မှတ်ထား

လွန်စွာ သတိမေ့တတ်သူတစ်ယောက် လမ်းလျှောက်လာရင်း မျက်နှာချင်းဆိုင်မှ လာနေသော အမျိုးသမီးတစ်ဦးနှင့် တွေ့ဆုံမိရာ...

ထိုသူ။ ။တစ်ဆိတ်လောက်ခင်ဗျာ၊ စိတ်မရှိနဲ့နော်၊ ကျွန်တော် တစ်ခုလောက် မေးပါရစေ။

အမျိုးသမီး။ ။မေးပါ။

ထိုသူ။ ။နာမည် ဘယ်လိုခေါ်သလဲခင်ဗျာ၊ ခင်ဗျားက ကျွန်တော့်မိန်းမနဲ့ သိပ်ပြီးတူနေလို့ပါ။

အမျိုးသမီး။ ။ကျွန်မ ရှင့်မိန်းမပဲ ရှင့်။





## ငါတို့လို

တီကောင်ဖို။ ။လူတွေကို ကြည့်စမ်းပါဦး မိန်းမရယ်။

တီကောင်မ။ ။ဘာဖြစ်လို့လဲတော့။

တီဖို။ ။မျက်နှာပေါ်မှာလဲ အဖုအထစ်တွေနဲ့၊ လက်တံခြေတံတွေနဲ့၊ ဘယ်လိုမှ ကြည့်မကောင်းဘူး၊ ငါတို့ကိုယ်ပေါ်မှာ ဘာအဖုအထစ်မှ မရှိဘူး၊ တစ်ကိုယ်လုံး စင်းလုံးချော။

တီမ။ ။ဟုတ်တယ်နော်၊ သူတို့ကိုကြည့်ရတာ ရွံ့စရာကောင်းလိုက်တာ။

## မှတ်ထား

ချစ်သူနှင့် ခိုးရာလိုက်ပြေးရန် မိဘများ အိပ်မောကျနေချိန်ကို စောင့်နေသူ အလစ်မှာ တိတ်တဆိတ်ထွက်လာခဲ့ရာ အိမ်အောက်တွင် အသင့်စောင့်နေသော ချစ်သူနှင့် တွေ့သည်။

ကောင်လေး။ ။အိုကေရဲ့လား မေ့ရီ။

ကောင်မလေး။ ။အိုကေတယ် ဂျော်နီ။

[ထိုစဉ် ပြတင်းပေါက်မှ အမျိုးသမီးတစ်ဦး ပေါ်လာပြီး-]

မိခင်။ ။သမီးကလေး၊ ခုထက်ထိ ရုပ်ပျာပျာနိုင်တုန်း၊ သည်မှာ အနွေးထည်အကျႌ [illegible] မှာ အေးတယ်ကွယ်၊ ရော့-ယူသွား


www.burmeseclassic.com

www.burmeseclassic.com

## ပါတာ

မားပြ။ ။ဟော့ကောင်၊ လက်မြှောက်လိုက်စမ်း၊ နည်းနည်းလေးမှ မလှုပ်နဲ့၊ ပါတာ အကုန်ထုတ်။

ထိုသူ။ ။ထုတ်စရာ ပါမလာတော့ပါဘူးခင်ဗျာ။

မားပြ။ ။အူကြောင်ကြောင် မလုပ်နဲ့၊ ဘာဖြစ်လို့လဲ။

ထိုသူ။ ။စောစောကပဲ အိမ်သာတက်ခဲ့ပြီးလို့ပါ။

## မမြှောက်နဲ့

တပည့်။ ။ဆရာက သိပ်ချော၊ သိပ်ခန့်တာပဲ။

ဆရာ။ ။ဟော့ကောင်၊ ငါက သူများလို အမြှောက် မကြိုက်ဘူးကွ၊ မမြှောက်နဲ့။

တပည့်။ ။ဟာ–ဟုတ်တယ်၊ အမြှောက်မကြိုက်တာ ဆရာ့တစ်ယောက်တည်းပဲရှိတာ ခုမှ သိတယ်။

ဆရာ။ ။ဒါပေါ့ကွ။

## ခွဲမဖြစ်မယ်

ဖခင်။ ။မဖြစ်ဘူး၊ ခွဲရမယ်၊ ခွဲကိုခွဲရမယ်။

သမီး။ ။မခွဲပါနဲ့ဖေဖေရယ်၊ သမီးတောင်းပန်ပါတယ်။

ဖခင်။ ။အခုမှတော့မတားနဲ့တော့သမီးမရတော့ဘူး၊ဖေဖေ့စိတ်ကို သိတယ်မဟုတ်လား၊ခွဲမယ်၊ ခုချက်ချင်းကို ခွဲပစ်မယ်။

သမီး။ ။အစက ဖေဖေတို့ပဲ သဘောတူထားပြီး အခုမှ သမီးတို့ရဲ့ ချစ်ခြင်းကို ခွဲမယ်ဆိုတာ တရားသလား။

ဖခင်။ ။ဘာတွေလျှောက်ပြောနေတာလဲ၊ ပေါင်မှာပေါက်နေတဲ့ ဖေဖေ့သွေးစုနာက မြုံနေလို့ မခွဲမဖြစ်တော့ဘူး၊ ခွဲရလိမ့်မယ်လို့ ပြောတာ။

မြတ်စာပေ



## ဆိပ်ခတ်

သားငယ်။ ။မေမေ၊ ကျွန်တော့်လက်ကို ခပ်နာနာလေး ဆိတ်လိုက်စမ်းပါ။

မိခင်။ ။ဘာဖြစ်လို့လဲ သားရဲ့။

သားငယ်။ ။ဆိတ်ဆိုဆိတ်ပါ မေမေရဲ့၊ သားပြောသလိုလုပ်ပါ။
[မိခင်က လက်ကို ဆွဲဆိတ်လိုက်သည်။]

သားငယ်။ ။ဟာ...နာတယ်၊ ဒါဆို သား အိပ်မက်မက်တာ ကျိန်းသေသွားပြီ။

မိခင်။ ။ဘာတွေမက်လို့လဲ သားရဲ့။

သားငယ်။ ။သားရဲ့အိပ်မက်ထဲမှာလေ၊ မေမေက သားကို သည်မနက်မှာ ရေခဲမုန့်ဝယ်ကျွေးလို့တဲ့ မေမေရဲ့။

## သုခနဲ့ဒုက္ခ

တံခါးခေါက်သံ။ ။ဒေါက်ဒေါက်။

လူ။ ။ဘယ်သူလဲ။

ဒုက္ခ။ ။ငါ...ဒုက္ခပဲ။

လူ။ ။ဒုက္ခဆို မလာနဲ့။

တံခါးခေါက်သံ။ ။ဒေါက်ဒေါက်။

လူ။ ။ဘယ်သူလဲ။

သုခ။ ။ငါ...သုခပဲ။

လူ။ ။ဒါဆို ဝင်လာခဲ့။

[တခါးဖွင့်ပေးလိုက်သည်။]

ဒုက္ခ။ ။သုခနဲ့ဒုက္ခဟာရင်ချင်းစက်အမြွှာညီအစ်ကိုလေ၊

မြတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## ရွှေနဲ့နောက်

ဗေဒင်ဟောစာတမ်း။ ။ဗေဒင်ဟောစာတမ်းတွေ ရမယ်၊
ရောင်းသူ – အချစ်ရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး၊
ရှေ့ဖြစ်၊ နောက်ဖြစ် အကုန်မှန်အောင်
ဟောထားတယ်၊ တစ်စောင်မှ တစ်ကျပ်။
[နောက်မှ လိုက်လာသော မှန်ဆောင်
သည်က–]

မှန်ဆောင်သည်။ ။မှန်ဆောင်–မှန်ဆောင်။

## ထာဝရတရား

မိတ်ဆွေ။ ။မရပ်မနား လည်ပတ်နေတဲ့အရာဟာ ဘာလဲ။
ဓမ္မဆရာ။ ။သံသရာပါ။
မိတ်ဆွေ။ ။ရှိမှန်းသိပေမယ့် လက်နဲ့ဖမ်းလို့မရတာ ဘာလဲ။
ဓမ္မဆရာ။ ။စိတ်ပါ။
မိတ်ဆွေ။ ။ပြန်မပြောဝံ့အောင် အမြဲတမ်းကြောက်နေရတာ ဘယ်
သူလဲ။
ဓမ္မဆရာ။ ။အိမ်က မိန်းမပါ။





## နောက်ကျ

အနောက်နိုင်ငံတစ်နိုင်ငံ၊ ဟိုတယ်တစ်ခု၌ဖြစ်သည်။ အသက်ခုနစ်ဆယ်ခန့်ရှိ အဘိုးအိုတစ်ဦးသည် အခန်းတစ်ခု၌ ဘည်းခိုနေ၏။

ထိုအခါ ရေကူးဝတ်စုံဝတ်ထားပြီး လှပတောင့်တင်းသည့် အမျိုးပသမီးတစ်ယောက်သည် အခန်းတံခါးကိုဖွင့်ပြီး ရုတ်တရက် ဝင်လာ၏။

မိန်းမပျို။ ။အို…ဆောရီး အန်ကယ်၊ ကျွန်မအခန်းမှားသွားလို့
ပါ။
အန်ကယ်။ ။ကိစ္စမရှိပါဘူး၊ မင်း အခန်းမမှားဘူး၊ အချိန်ပဲ
မှားတာ။
မိန်းမပျို။ ။ဘာဖြစ်လို့ပါလဲ ရှင်…။
အန်ကယ်။ ။မင်း နှစ်ငါးဆယ်လောက် နောက်ကျပြီး မွေးလာခဲ့
တဲ့အတွက်လေ။

## ရပါတယ်

မောင်ခွေး။ ။မင်းဦးလေးဆုံးတုန်းက ငါ့ကို ဘာဖြစ်လို့ မဖိတ်
တာလဲ။
မောင်အေး။ ။ဆောရီးကွာ၊ မင်းကို ငါ မေ့သွားတယ်။
မောင်ခွေး။ ။ကိစ္စမရှိပါဘူးကွာ၊ ရပါတယ်၊ နေပေါ့၊ အခု ငါ့
ဦးလေးလဲ ဖျားနေပါပြီကွ။



www.burmeseclassic.com

www.burmeseclassic.com

## တုခေါ်ပါသည်

ဆရာမ။ ။ရေပတ်လည် ဝိုင်းရံလျက်ရှိတာကို ဘာလို့ ခေါ်သလဲကွယ့်။ တာတီးဖြေစမ်း။
တာတီး။ ။ကျောက်ပြင်လို့ ခေါ်ပါတယ် ဆရာမ။

## မိတ်တူး

ဆရာမ။ ။တစ်မနုတ်လောက်။
ကျောင်းသား။ ။ကိုး။
ဆရာမ။ ။နှစ်မနုတ်လောက်။
ကျောင်းသား။ ။ရှစ်။
ဆရာမ။ ။သုံးမနုတ်လောက်။
ကျောင်းသား။ ။သုံး မနုတ်လောက်တော့ ချေးသုံးရပါတယ် ဆရာမ။

## အတူတူ

တဆွေ။ ။အူး...ဝါးဟား...ဟား။
ဘိုသူ။ ။[မတုန်မလှုပ် ခပ်တည်တည်နှင့်သာ ရှိနေ၏။]
ဘဆွေ။ ။ဟေး...ဝါး...ဟူး...ဟူး။
ဘိုသူ။ ။[အနည်းငယ်မျှပင် တွန့်ဆုတ်မသွားဘဲ ရှိနေ၏။]
ဘဆွေ။ ။ဟေ့ကောင်၊ ငါ ဒီလောက်တောင် ခြောက်ပြနေတာ ဘာဖြစ်လို့ မကြောက်တာလဲကွ။
ဘိုသူ။ ။ကြောက်မလားကွ၊ ငါလဲ မင်းလို တဆွေပဲဟာ။





## ထိမှနာ

သူငယ်ချင်း။ ။ဟေ့ကောင်၊ မနေ့က ဈေးထဲမှာ မင်း မိန်းမကို လူတစ်ယောက်က အပျိုမှတ်ပြီး လိုက်စကားပြောနေတယ်ကွ။
ထိုသူ။ ။ဟာ...နေပါစေကွာ၊ ပြောပြော...။
သူငယ်ချင်း။ ။စတိုးဆိုင်တစ်ခုမှာ မင်းမိန်းမကို လူတစ်ယောက်က ပခုံးကိုင်လိုက်၊ လက်ကိုင်လိုက်နဲ့၊ ရယ်လားမောလား လုပ်နေတာ မြင်ခဲ့ရသကွ။
ထိုသူ။ ။ရင်းနှီးတဲ့မိတ်ဆွေ ဖြစ်မှာပေါ့ကွာ။
သူငယ်ချင်း။ ။မင်းခယ်မ အလုပ်ကအပြန်မှာ လူတစ်ယောက်စာလိုက်ပေးနေတာ တွေ့ခဲ့ရသကွ။
ထိုသူ။ ။ဘာကွ၊ သည်ကောင်ကလား ငါ့ခယ်မကို၊ တွေ့ကြသေးတာပေါ့ကွာ၊ မှတ်လောက်သားလောက်အောင် ဆုံးမပစ်လိုက်မယ်ဟေ့၊ ငါ့ကို ဘာမှတ်လို့လဲ။

## မဖြစ်နိုင်သောအရာ

မြေး။ ။လောကမှာ အဖိုးမဖြတ်နိုင်တဲ့အရာဟာ ဘာများလဲ ခင်ဗျာ။
ခဘိုး။ ။ငါ့မြေး၊ အဖိုးမဖြတ်နိုင်တဲ့အရာဟာ အဘွားပဲကွယ့် မှတ်ထား။


www.burmeseclassic.com

www.burmeseclassic.com

## မြစ်ရေလေ

မိန်းကလေးတစ်သိုက် လှုကွယ်သော မြစ်ကွေ့တစ်ခုတွင် ရေဆင်းချိုးမည်ပြုရာ...

မေရီ။ ။ဖြစ်ပါ့မလား၊ ဟိုမှာ လူကြီးတစ်ယောက် ငါတို့ဘက်ကို ငေးပြီးတော့ ကြည့်နေတယ်။

လှစီ။ ။အဲသည်လူကြီးက ကြောင်တောင်ကန်းကြီး၊ ငါတို့ ရေချိုးတာကို သူ မြင်နိုင်တာ မဟုတ်ဘူး။

[မြစ်ထဲဆင်းပြီး လွတ်လပ်စွာ ရေချိုးကြသည်။]

[ရေချိုးပြီး ကမ်းပေါ်ကို တက်လာကြသောအခါ ထိုလူကြီးပြောလိုက်သောစကားကြောင့် အားလုံး ပျာယာခတ်သွားခဲ့ကြသည်။]

လူကြီး။ ။ကောင်းလိုက်တဲ့မြင်ကွင်းကွာ၊ ရေသူမလေးတွေလား မှတ်ရတယ်။

မေရီ။ ။ဟယ်တော့...သူ အကန်းမှ မဟုတ်ဘဲ၊ သည်လိုလုပ်နေတာ ဘယ်လောက်ကြာပြီလဲ မသိဘူး။

[ချုံထဲသို့ အလျင်စလို ပြေးဝင်သွားခဲ့ကြလေတော့၏။]





## မေ

အလွန်မေ့တတ်သောပါရဂူကြီးတစ်ယောက်သည် အခန်းစောင့်လေးတစ်ဦးအား စုံစမ်းနေသည်။

ပါရဂူ။ ။သည်အခန်းထဲမှာ ပါရဂူကြီး ဦးသော်တာ ရှိသလား။

အခန်းစောင့်။ ။ပါရဂူကြီးဦးသော်တာဆိုတာ ဦးမင်းကိုယ်တိုင် ပါပဲခင်ဗျာ။

ပါရဂူ။ ။ဟော...ဟုတ်လား၊ သတိကလဲ မေ့ပါကွာ၊ ကဲ–ကဲ–သူ့ကို အခုသွားပြောလိုက်စမ်းပါ၊ ငါ အပြင်မှာ စောင့်နေတယ်လို့။

## ချုတ်ချင်း

ဇနီးသေဆုံးသွား၍ ဖြေမဆည်နိုင်ဖြစ်နေသော လင်ယောက်ျားသည် တငိုငိုတရယ်ရယ်ဖြစ်နေစဉ် ယောက္ခမလည်း မည်သို့ ဖြေသိမ့်စကားဆိုရမှန်း မသိ၊ ထိုအခါ သမီးအပျိုငယ်လေးကို သတိရလိုက်ပြီး...

ယောက္ခမ။ ။အကြီးရယ်သေ၊ အငယ်ကျန်ပါသေးတယ်။

[ဟု ကြံရာမရ ထိုစကားဖြင့် နှစ်သိမ့်လိုက်လေရာ သားမက်လည်း ပြုံးတုံးပြုံတဲ့နှင့် ရုတ်တရက်ကောက်ပြီး မေးလိုက်သည်က...

သားမက်။ ။ခုလား အမေ...တဲ့လေ။



www.burmeseclassic.com

www.burmeseclassic.com

## ဆွေး

ထိုသူ။ ။ဆွေးတယ်ကွာ၊ ဆွေးတယ်၊ သိပ်ကို ဆွေးနေပြီ ကွာ။

သူငယ်ချင်း။ ။မင်း သိပ်ခံစားနေရပြီထင်တယ်၊ ဇကန္တ ရည်းစားက ပစ်ပြေးသွားပြီပေါ့လေ။

ထိုသူ။ ။ကြံကြံဖန်ဖန်ကွာ၊ အိမ်က ကြမ်းခင်း ဆွေးနေတာ မလဲနိုင်သေးလို့ စိတ်ညစ်နေတာ၊ တလွဲ တွေးနေပြန်ပြီ။

## ဘီကွမ်း

မောင်ရှင်။ ။ဟေ့ကောင် မောင်လွင်၊ ငါက ဘီကွမ်းကွ။

မောင်လွင်။ ။ဘာ...မင်းက ဘီကွမ်း ဟုတ်လား၊ လုပ်မနေစမ်း ပါနဲ့ကွာ၊ အချင်းချင်းတွေ၊ မင်း လေးတန်းတောင် မအောင်ခဲ့တာ ငါ မသိတာမှ မဟုတ်တာ။

မောင်ရှင်။ ။မင်းကလဲ ငါ ပြောတာ အစအဆုံး နားထောင်ပါဦး၊ ငါက ဘီယာကို နေ့တိုင်းသောက်တယ်၊ ကွမ်းစားတတ်တဲ့အကျင့်ရှိတယ်၊ အဲသည် ဘီကွမ်း ကို ပြောတာပါကွ။





## အတွေး

မောင်ထူး။ ။လေးနဲ့ငါးကြားမှာ ခြောက်ခြားလိမ့်မယ်ကွ။

မောင်ပြူး။ ။ဟေ–ဟုတ်လား၊ ဘာဖြစ်လို့လဲ၊ ပြောစမ်းပါဦး ကွာ။

မောင်ထူး။ ။ဟာ–လေးနဲ့ငါးကြားမှာ ခြောက်ကြီးတစ်လုံးလုံး ခြားနေမယ်လို့ ငါ ပြောတာ၊ မင်းက ဘာ ပြူး တူး ပြဲတဲဖြစ်နေတာလဲကွ။

မောင်ပြူး။ ။ဟေ–ဟုတ်သားပဲ၊ ငါ အတွေးချော်သွားတယ်၊ ဟီး...ဟီး...။

## အသည်းကျွမ်းသူ

မိန်းကလေးတစ်ယောက်က လူတစ်ယောက်၏အနားမှ ဖြတ်သွားစဉ်...

ထိုသူ။ ။အသည်းတွေကျွမ်းကုန်ပြီ၊ ငါ့အသည်းတွေ ကျွမ်း ကုန်ပြီ။

မိန်းကလေး။ ။ရှင့်ကို ပြန်မချစ်လို့ အသည်းကျွမ်းတာ၊ ကျွန်မ နဲ့ ဘာမှ မဆိုင်ဘူး၊ လာ မပြောနဲ့။

ထိုသူ။ ။ဟာ–ခင်ဗျား ဘာတွေ လာပြောနေတာလဲ၊ ဆရာဝန်က အရက်သောက်လွန်းတဲ့ကျွန်တော့် ကို အသည်းတွေကျွမ်းကုန်ပြီလို့ပြောလို့ ကိုယ့် ဘာသာ ကိုယ် အော်နေတာ သိပြီလား။

မိန်းကလေး။ ။ဟောတော်...။



www.burmeseclassic.com

www.burmeseclassic.com

## ဖြတ်

မိတ်ဆွေ။ ။ခင်ဗျား အရက်ကို ဘာနဲ့ ဖြတ်လိုက်သလဲ။

ထိုသူ။ ။ကွမ်းနဲ့လေ။

မိတ်ဆွေ။ ။ဒါနဲ့ အရက်ပြတ်သွားရောလား။

ထိုသူ။ ။ကွမ်းပါ စွဲသွားတယ်လေ။

## တစ်ဝက်

မောင်ခွေး။ ။ဟေ့ကောင်၊ မင်း သည်လိုသာ အရက်ကို ဆက်သောက်နေရင် မြန်မြန်သေမှာပဲကွ၊ လုံးဝ မဖြတ်နိုင်သေးတာတောင် တစ်နေ့နည်းနည်းစီ လျှော့သောက်ကွာ။

မောင်သွေး။ ။ငါ လျှော့သောက်နေပါပြီကွာ၊ တစ်နေ့တစ်ဝက်လောက်ပဲ သောက်တော့တယ်။

မောင်ခွေး။ ။ပုလင်းတစ်ဝက်လား။

မောင်သွေး။ ။တိုင်ကီတစ်ဝက်လေ။

## သြော်...

ကိုတူး။ ။သူငယ်ချင်း၊ အရက်က မင်းကို နိုင်သွားလိမ့်မယ်ကွ၊ သိပ်မသောက်နဲ့တော့ကွာ၊ ငါ စေတနာနဲ့ သတိပေးတာပါ။

ကိုပြူး။ ။ငါ သိပ်မသောက်တော့ပါဘူးကွာ၊ အပေါင်းအသင်းတွေနဲ့ ကြုံမှပဲ သောက်တော့တယ်။

ကိုတူး။ ။သြော်...တစ်ခါတလေကြုံတာလား။

ကိုပြူး။ ။မဟုတ်ဘူး၊ နေ့တိုင်းကြုံတယ်လေ။





## ဖြစ်ရလေ

သူငယ်ချင်း။ ။ကုဋေရှစ်ဆယ်သူဌေးသားဟာ ဘာဖြစ်လို့ မွဲသွားတာလဲ သိလား။

ထိုသူ။ ။ဟင့်အင်း...။

သူငယ်ချင်း။ ။ကြားကား နေ့တိုင်းစီးလို့ပေါ့။

## မှားလို့

လူစိမ်း။ ။သင်းကိုတော့ မသတ်လို့ မဖြစ်ဘူး၊ သတ်ရတော့မယ်။

ရဲ။ ။ဟေ့လူ၊ ခင်ဗျား လူတစ်ယောက်ကိုသတ်ဖို့ ကြံစည်နေတယ် မဟုတ်လား၊ လာ–ရဲစခန်းကိုလိုက်ခဲ့။

လူစိမ်း။ ။ဟာ...အထင်မမှားပါနဲ့ဗျာ၊ ကျွန်တော် သတ်ရမှာက အိမ်က ခွေးရူးကိုပြောတာပါ၊ မသတ်လို့ မဖြစ်ဘူးလေ၊ တွေ့ရာလူတွေကို အန္တရာယ်ပေးတော့မှာ။

## ရှင်းရှင်းပြောပါလား

ကိုတိုး။ ။ဝမ်းနည်းတယ်ကွာ၊ သိပ်ကို ဝမ်းနည်းတယ်။

မောင်မြင့်။ ။ဟေ့ကောင်၊ ဝမ်းနည်းတာများ အော်နေရသေးသလား၊ ဝမ်းနုတ်ဆေး စားပေါ့ကွ။

ကိုတိုး။ ။ဟာ–စိတ်မကောင်းဖြစ်လို့ ဝမ်းနည်းတာကို ပြောတာကွ၊ ဝမ်းချုပ်လို့ မဟုတ်ဘူး။

မောင်မြင့်။ ။သိပါဘူးကွာ၊ မင်းက ရှင်းရှင်းပြောပါလား။


www.burmeseclassic.com

www.burmeseclassic.com

### ဪ...

လူကြီး။ ။မင်း ငါ့ကို ဘယ်လို မြင်သလဲ၊ ပြောစမ်းပါကွ၊ ဘယ်လိုမြင်သလဲဆိုတာ။

ထိုလူ။ ။ဘယ်...ဘယ်လိုမှ မမြင်ပါဘူးခင်ဗျာ။

လူကြီး။ ။ဘာဖြစ်လို့ မမြင်ရတာလဲကွ။

ထိုလူ။ ။ကျွန်တော်က မျက်မမြင်တစ်ယောက်မို့ပါခင်ဗျာ။

### မိုးကိုမှန်းသူ

စိန်မြ။ ။မိုးကိုမှန်းတယ်၊ သိပ်ကိုမှန်းတယ်၊ မိုးကို ဘယ်လိုမှ ကြည့်မရဘူး။

သူငယ်ချင်း။ ။ဪ...မိုးဆိုတဲ့ကောင်မလေးက မင်းကို မချစ်ဘဲ ရက်စက်စိမ်းကားသွားလို့လား။

စိန်မြ။ ။မင်း ဘာတွေ လာပြောနေတာလဲ၊ မိုးရွာရင် အိမ်မိုးစရာ ပိုက်ဆံမရှိလို့ မိုးကို ကြည့်မရဘူး၊ မုန်းတယ်လို့ ပြောနေတာ။

### ဈွက်တိန်း

သူငယ်ချင်း။ ။မင်း ဘာဖြစ်လို့ ဒါလောက် သွားခေါတဲ့မိန်းမကို ရှာပြီးယူရတာလဲကွာ။

ကိုတွတ်။ ။အလှူလုပ်ရင် အုန်းခြစ်မလိုအောင်ပေါ့ကွာ။





### အဲ့ကြောင့်ကိုး

ထိုသူ။ ။သည်ကောင် ငါ့အပေါ်မှာအမြင်စောင်းနေတယ်ကွ။

သူငယ်ချင်း။ ။ဒါဖြစ်နိုင်တယ်၊ သူ့ရဲ့မွေးရာပါ မျက်လုံးက စွေစောင်းနေတာကိုးကွ။

### တော်ပါသေးရဲ့

ခင်ပွန်း။ ။ကောင်မလေးကလေ ငါ့ကို မျက်စ,ပစ်ပြတယ်၊ ပြီးတော့ ငါ့အနားကို တဖြည်းဖြည်းတိုးလာပြီး...

ဇနီး။ ။ရှင်...ရှင်နော်...

ခင်ပွန်း။ ။သူက ဘာပြောသလဲ သိလား၊ ရှင်က ခန့်ချောကြီးတဲ့ သိပ်ကိုချစ်ဖို့ ကောင်းတာပဲတဲ့။

ဇနီး။ ။ကြည့်စမ်း...ကြည့်စမ်း၊ သည်လိုပဲ ပြောသလား၊ ရှင်ကကော ဘာပြန်ပြောလိုက်သလဲ၊ ပြောစမ်းမြန်မြန်။

ခင်ပွန်း။ ။ဘာမှ မပြောဖြစ်လိုက်ပါဘူးကွာ၊ ကောင်းခန်းရောက်မှပဲ အိပ်ရာက လန့်နိုးသွားတော့တယ်။

### မျိုးကောင်း

ရောင်းသူ။ ။သည်ခွေးက ခွေးမျိုးကောင်းခင်ဗျ။

ဝယ်သူ။ ။ဟုတ်လား၊ ကျွန်တော် ဟိုတစ်ခေါက်လာခဲ့တုန်းက သည်ခွေးရဲ့အမေကို တွေ့လိုက်ပါသေးတယ် အခု ဘယ်ရောက်သွားလဲ။

ရောင်းသူ။ ။သူခိုးအနင်းခံရလို့ သေသွားပြီလေ။

www.burmeseclassic.com

www.burmeseclassic.com


## အကြားနဲ့အမှား

ဝယ်သူ။ ။တရုတ်စုတ်ရှိသလား။

တရုတ်။ ။ဆရာကြီး ဘာစကားပြောတာလဲ၊ သည်လို စော်ကားတာမျိုးကတော့ မကောင်းဘူးလို့ထင်တယ်။

ဝယ်သူ။ ။ဟာ…ပေါက်ဖော်ကြီးကလဲ ကျွန်တော်က ပန်းချီဆရာဗျ၊ တရုတ်ပြည်ဖြစ် စုတ်တံရှိသလားလို့ မေးတာ။

တရုတ်။ ။မသိဘူးလေ၊ အစကတည်းက ရှင်းရှင်းပြောပါလား၊ ကန်တော့–ကန်တော့၊ စိတ်မရှိပါနဲ့။

## ခွက်

ဗေဒင်ဆရာ။ ။လက်ဖြန့်ပြပါ၊ လက်အမျိုးအစား လေးမျိုးရှိပါတယ်။

ဗေဒင်မေးသူ။ ။ပြောပါ ဆရာ။

ဆရာ။ ။ခွက်တစ်၊ ခွက်နှစ်၊ ခွက်သုံး၊ ခွက်လေးတဲ့။

မေးသူ။ ။ကျွန်တော်က ဘယ်အမျိုးအစားထဲမှာပါသလဲ ဆရာ။

ဆရာ။ ။အင်း…ခွက်လေး။

## ကတော်

သူတောင်းစား။ ။ရှင်မဘုရင်နဲ့ညားရင် ဘာဖြစ်မလဲ။

သူတောင်းစားမ။ ။မိဖုရားပေါ့။

သူတောင်းစား။ ။ဒါဖြင့် မင်းနဲ့ငါနဲ့ ညားရင်ကော။

သူတောင်းစားမ။ ။သူတောင်းစားကတော်။

## တွေ့နိုင်တာ

ဆရာမ။ ။မြေပုံပေါ်မှာကြည့်ရင် ဘာတွေ တွေ့နိုင်သလဲကွယ်။

တပည့်များ။ ။တိုက်ကြီးများ၊ မြို့ကြီးများနဲ့ မြစ်တွေကို တွေ့နိုင်ပါတယ် ဆရာမ။

[အိပ်ငိုက်နေသော ပုတုကို ဆရာမက ကောက်ကာ ငင်ကာ မေးလိုက်သည်။]

ဆရာမ။ ။ပုတု ဖြေစမ်း၊ မြေပုံပေါ်မှာ ဘာတွေ တွေ့နိုင်သလဲကွယ်။

ပုတု။ ။တီ…တီကောင်တွေပါ ဆရာမ။

## အချိန်မီးအောင်

ဖခင်သည် ပြောဆိုစကား နားမထောင်သော သားဖြစ်သူကို…

ဖခင်။ ။မင်းဟာလေ၊ အကောင်ကြီးပြီး အချိန်မစီးဘူး။

သား။ ။ကျွန်တော် ဆင်ခြင်ပါ့မယ် ဖေဖေ။

[နောက်တစ်နေ့တွင် သားဖြစ်သူသည် ခဲလုံးကြီးတစ်လုံးကို ကျောပိုးအိတ်ထဲထည့်ကာ ထမ်းချလာသည်။]

ဖခင်။ ။ဟေ့ကောင်၊ ဘယ်လိုကြောင့် အရှုးထပြီး ခဲလုံးကြီးကို ထမ်းလာခဲ့ရတာလဲကွ…ဟေ။

သား။ ။ဖေဖေက သားကို အကောင်ကြီးပြီး အချိန်မစီးဘူးဆိုလို့ အချိန်စီးအောင် ခဲလုံးကြီးကို ထမ်းလာခဲ့တာပါ။

မြိတ်စာပေ
www.burmeseclassic.com
မြိတ်စာပေ

www.burmeseclassic.com

## သတိမှတ်ချိန်

သူငယ်ချင်း။ ။ဟေ့ကောင်–မင်း အရက်ဖြတ်လိုက်ပြီဆိုကွ။

မောင်ဘ။ ။အေး–ဟုတ်တယ်ကွ။

သူငယ်ချင်း။ ။လုံးဝမသောက်တော့ဘူးပေါ့။

မောင်ဘ။ ။မဟုတ်ဘူး၊ အချိန်မကျသေးလို့ ညနေမှ။

## အိပ်ရာဝင်ပါ

သားဖြစ်သူသည် အိပ်ရာပေါ်သို့ ဖိနပ်စီး၍ တက်သွား သည်ကို ဖခင်က မြင်တွေ့လိုက်ရသောအခါ...

ဖခင်။ ။ဟဲ့သား၊အိပ်ရာဝင်တာ ဘာဖြစ်လို့ဖိနပ်စီးထားရတာလဲ

သား။ ။ညက အိပ်မက်ထဲမှာ ခြေထောက်ကို သံစူးတယ်လို့ မက်တယ် ဖေဖေ၊ သည်တစ်ခါ အိပ်မက်မက်ရင် သံ စူးမှာစိုးလို့ ဖိနပ်စီးပြီး အိပ်ရတာပါ။

## မြစ်နဲ့အမြစ်

ဆရာမသည် အတန်းထဲမှ ကျောင်းသားများကို ပထ ဘာသာရပ်နှင့်ပတ်သက်ပြီး မေးခွန်းများမေးသည်။ ကျောင်းသာ တစ်ယောက် အိပ်ငိုက်နေရာ...

ဆရာမ။ ။မောင်မှတ် ဖြေစမ်း၊ ကမ္ဘာပေါ်မှာ အရှည်ဆုံးမြစ်နဲ့ အတိုဆုံးမြစ်ကို ပြောပြ။

မောင်မှတ်။ ။အရှည်ဆုံးမြစ်က ဝါးမြစ်၊ အတိုဆုံးမြစ်က ပဲ– ပဲမြစ်ပါ ဆရာမ။

[ဟု အိပ်ချင်မူးတူးဖြင့် ကယောင်ကတမ်း ဖြေ လိုက်လေသည်။]





## မမြိတ်သဘော

အသက်ကြီးကြီးအဘိုးကြီးနှင့်အဘွားကြီး နှစ်ယောက် လမ်းလျှောက်လာကြသည်။ ရှေ့တူရူမှ လမ်းလျှောက်လာသော မိန်းမပျိုလေးတစ်ဦးက မတော်တဆ ထဘီကျွတ်ကျသွားခဲ့ရာ အလျင် စလိုဖြင့် ဖမ်းထိန်းလိုက်ရသည်။

အဘွားကြီး။ ။ရှင်–ဟိုကောင်မလေး ထဘီကျွတ်ကျတာ ကြည့်နေရသလား၊ မျက်နှာလွှဲနေတာ မဟုတ်ဘူး။

အဘိုးကြီး။ ။မင်း ဘာသိလို့လဲ၊ ငါ မမြိတ်သဘောကို တရားဆင်ခြင်ပြီး ကြည့်နေတာကွ။

## ခြစ်

သူငယ်ချင်းတစ်ယောက်က သွားအလွန်ခေါနေသော အမျိုးသမီးတစ်ယောက်ကို လက်ထပ်ယူထားလေရာ...

မောင်လွင်။ ။မင်းကွာ၊ စိတ်ကူးလွဲလိုက်တာ၊ ဒါလောက် သွား ခေါနေတဲ့ အမျိုးသမီးကိုမှ ယူထားတာ ဘာ သဘောလဲ။

မောင်သွင်။ ။မင်း ဘာသိလို့လဲ၊ အလှူလုပ်လို့ အုန်းသီးခြစ်ရင် အုန်းခြစ် မလိုဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com

## သည်လို

လူတစ်စုနှင့် ရန်ဖြစ်သော သူငယ်ချင်းကို မောင်မြက–

မောင်မြ။ ။ဟေ့ကောင်၊ မင်းကို ဘာသူလုပ်လွှတ်လိုက်သလဲ၊ ပြောစမ်း၊ ငါ မခံဘူးကွ။

သူငယ်ချင်း။ ။မင်းက မခံဘူးဆိုတော့ သူတို့ကို ငါ့ဘက်က သွားပြီး ရန်ဖြစ်ပေးမလို့လား။

မောင်မြ။ ။ဟာ–ငါ မခံဘူးဆိုမှ မင်းပဲ ခံပေါ့ကွ။

## အမြန်ဆုံး

မောင်ခွေး။ ။ငါ့အဖေက အမြန်ဆုံး ပြေးနိုင်တယ်ကွ၊ ဘယ်လောက် မြန်အောင် ပြေးနိုင်သလဲဆိုရင် သူ ပစ်လိုက်တဲ့ မြားတစ်စင်း ဆိုပါတော့၊ ပစ်မှတ်ကို မရောက်မီ သူက အဲဒီပစ်မှတ်ကို အရင်ရောက်နှင့်နေတယ်ကွ။

မောင်နီ။ ။အဲဒါ အသေးအဖွဲ့ပါကွာ၊ ငါ့အဖေက ပို၍ မြန်တာကွ၊ ကိုက် ၅၀၀ အကွာမှာရှိတဲ့ သမင်ကို သေနတ်နဲ့ ပစ်လိုက်ပြီး အဲသည် သမင်လဲမကျမီ ငါ့အဖေ အရောက်သွားနိုင်တယ်လေ။

ညီညီ။ ။ဟေ့ကောင်တွေ၊ ဒါလောက်လေးနဲ့တော့ အကြွား မပိုကြနဲ့၊ငါ့အဖေကမှ အမြန်တကာ့ အမြန်ဆုံး ရှုပါ မင်းထက်တောင် သာသေးတယ်၊ ဘယ်လောက်မြန်သလဲဆိုရင် သူ့ရုံးဆင်းချိန်က လေးနာရီခွဲ၊ အိမ်ကိုရောက်နေတာက သုံးနာရီခွဲ၊ ကဲ–ဘယ့်နှယ်ရှိစ...။





## အထင်

သူငယ်ချင်း။ ။ငါ့ကိုယ်ငါ တစ်ခါတစ်ခါ ဘုရင်ကြီးလို့ ထင်နေမိတယ်ကွ၊ တစ်ခါတစ်ခါလဲ စစ်ဗိုလ်ကြီးလိုလို၊ ပညာရှိကြီးလိုလို ထင်မိတယ်၊ မင်းကကော ငါ့ကို ဘယ်လိုထင်မိသလဲကွ။

မောင်ပေါ။ ။ငါလား၊ မင်းကို အရူးကြီးလို့ ထင်မိသကွယ့်"

## သည်းခံသူ

ကိုတိုး။ ။ငါက သူ့ကို ဘယ်လိုပဲ လက်သီးနဲ့ထိုးထိုး၊ ခြေထောက်နဲ့ကန်ကန်၊ ငါ့ကို စိတ်လဲ မဆိုးဘူး၊ ဘယ်လိုမှလဲ မတုံ့ပြန်ဘူး။

ကိုဖြိုး။ ။ဟုတ်လား၊ တော်တော့်ကို သည်းခံတဲ့လူပဲကွာ၊ သူက ဘယ်သူများလဲကွ။

ကိုတိုး။ ။သဲအိတ်လေကွာ။

www.burmeseclassic.com

www.burmeseclassic.com

## ခေါ်လို့ပုံဘာ

အ,သုံးလုံးသင်နေသော ရွာလေးတစ်ရွာတွင် ဖြစ်သည်။ ဆရာမက သက်ကြီးရွယ်အိုများကို သစ်ပင်အောက်၌ စာပြပေးနေလေရာ...

ဆရာမ။ ။ကကြီးကို ဟောသည်လိုထောင်ပြီး ညာဘက်ကို လှန်လိုက်ရင် ဒဒွေးလို့ခေါ်တယ်၊ မှတ်ထားကြနော်၊

ဆရာမ။ ။အဲသည် ကကြီးကိုပဲ သည်လိုပက်လက်လှန်လိုက်ရင် ဘာခေါ်မလဲ၊ ဟိုဘက်က ဒေါ်ဒေါ် အဖြေပေးပါ။

[အဒေါ်ကြီးက အားပါးတရ ဖြေလိုက်သည်မှာ]

အဒေါ်ကြီး။ ။ကပက်လက်လို့ ခေါ်ပါတယ် ဆရာမ။

## ဒါ့ကြောင့်တိုး

အပေါ်ထပ်တိုက်အမြင့်ပေါ်တွင် ရောက်နေသော လူနှစ်ယောက်အနက် တစ်ယောက်က...

မောင်ပု။ ။ဟောသည် တိုက်ပေါ်က တိုက်ရိုက်ထိုးကျသွားတယ်ကွာ၊ အောက်က ပိုက်လဲ ခံမထားဘူး၊ လေထီးလဲ မပါဘူး၊ ကားလမ်းပေါ်ကို သူ အရှိန်ပြင်းပြင်းနဲ့ ကျသွားတယ်၊ ဒါပေမယ့် သူ ဘာမှ မဖြစ်ဘူးကွ။

မောင်စု။ ။ဘာမှ မဖြစ်ဘူးဟုတ်လား၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ သူက ဘာမို့လို့လဲ။

မောင်ပု။ ။သိပ်ဖြစ်နိုင်တာပေါ့ကွ၊ သူက ကျောက်ခဲလေ။





## လက်တွေ့

ခင်။ ။ခင့်ကို မောင် သိပ်ချစ်တယ်ဆိုတာ တကယ်ပဲလားဟင်။

မောင်။ ။တကယ်ပေါ့ ခင်ရယ်။

ခင်။ ။ဒါဖြင့် ချစ်သက်သေပြတဲ့အနေနဲ့ ဟောသည်ချောက်ကြီးထဲကို ခုန်ချရဲပါ့မလား။

မောင်။ ။ဟာ–သိပ်ခုန်ချရဲတာပေါ့၊ အခုချက်ချင်းလား။

ခင်။ ။ချက်ချင်းပေါ့။

[မောင်သည် ထိုင်ခုံတစ်လုံးကို ချောက်ထဲသို့ ပစ်ချလိုက်လေ၏။]

မောင်။ ။ကဲ–တွေ့လား၊ ခုန်ချလိုက်ပြီလေ။

## မြစ်ရှလေ

လူစည်ကားလှသောဈေးထဲတွင် ဈေးဝယ်သူများ အေးအေးဆေးဆေး ဈေးဝယ်နေကြသည်။

ထိုအခိုက် လူတစ်ယောက်သည် ဈေးထဲကို အသံနက်ကြီးဖြင့် ငယ်သံပါအောင်အော်ပြီး ပြေးဝင်လာခဲ့လေ၏။

"နဂါး...နဂါးလာနေပြီ၊ နဂါးလာနေပြီ"

လူအများလည်း အထိတ်တလန့်ဖြစ်သွားခဲ့ကြသည်။

"ဟာ–နဂါးဆိုပါလား၊ ပြေး–ပြေးကြဟေ့"

ပြေးတဲ့သူတွေက ပြေးကြသည်။ သို့သော် အချိန်အတော်ကြာတဲ့အထိ နဂါးက ရောက်မလာ၊ ထိုအခါ အော်ပြီး ထွက်ပြေးသောသူကို ရှာပြီး မေးသည်။


www.burmeseclassic.com

www.burmeseclassic.com

"ဟော့ကောင်၊ မင်း နဂါးဆို၊ ဘယ်မှာလဲ၊ အလကား လူတွေကို အထိတ်တလန့်ဖြစ်အောင် လုပ်တယ်"

"ဟာ–ကျွန်တော် ညာမပြောဘူး၊ ဟိုမှာ ကြည့်–နဂါး"

သူ လက်ညှိုးထိုးပြရာကို ကြည့်လိုက်ကြသည်။

နားနှစ်ဖက်စလုံး သာမန်ထက် ပိုကြီးပြီး ကားနေသော သောသူ…ခပ်တည်တည်ဖြင့် အနားမှ ဖြတ်လျှောက်သွားခဲ့လေ ရာ…

"သြော်…နားကားနေတဲ့ နားတား၊ ဖြစ်မှဖြစ်ရလေ…"

နောက်ပြောင်သွားသော ထိုသူက ပြုံးစိစိနှင့် ထွက်သွား ခဲ့လေသည်။

သြော်…နဂါးဆိုမှ နဂါးတဲ့လေ…။

## ဆန္ဒ

မောင်မြ။ ။ဥမ္မာဒန္တီရဲ့အလှဟာ မြင်ရတဲ့သူ မူးမေ့သွားလောက် တဲ့အထိ ဖြစ်သွားရတယ်ဆို။

မောင်လှ။ ။အေးကွာ၊ ခုခေ ဥမ္မာဒန္တီရှိရင် သိပ်ကောင်းမှာပဲ။

မောင်မြ။ ။ဘာဖြစ်လို့လဲကွ။

မောင်လှ။ ။ဟာ–သူ့ကို ကြည့်လိုက်မိတာနဲ့ ပိုက်ဆံမကုန်ဘဲ မူးနိုင်တာပေါ့ကွ။





## ဒါလဲ တုတ်တုတ်တုတ်

မောင်ချွေး။ ။ပပဝတီဟာ ခုနစ်ဆောင်တိုက်ခန်းမှာ မီးမထွန်းဘဲ လင်းတယ် ဆိုပဲ။

မောင်ဖြူ။ ။ခုနေများ ပပဝတီရှိရင် သိပ်ဟန်ကျမှာပဲ။

မောင်ချွေး။ ။ဘာကြောင့်လဲကွ။

မောင်ဖြူ။ ။လျှပ်စစ်မီး မလိုဘူးပေါ့ကွာ၊ သူ ရှိနေရင် မီတာ တက်မှာလဲ မစိုးရိမ်ရဘူးလေ။

## ရန်

သူငယ်ချင်း။ ။မင်းကွာ၊ ဒီလောက် အရုပ်ဆိုးတဲ့မိန်းမကိုမှ ဘာ ဖြစ်လို့ ယူထားရတာလဲကွ။

ထိုသူ။ ။မိန်းမချောချော မယူရဲတာ မင်းရန်ကို ကြောက် လို့ပေါ့ကွ။

## ကြောက်

သား။ ။ဖေဖေရေ၊ သည်မှာလေ၊ ညီလေးပေါ့။

ဖခင်။ ။ညီလေး ဘာဖြစ်လို့လဲကွ။

သား။ ။သားကို ကြောက်လိုက်တာ၊ လက်လေးရွယ်လိုက်တာ နဲ့ ဖက်လေးကို ပုသွားရော။

ဖခင်။ ။အဲဒါ ဘာဖြစ်သလဲကွ။

သား။ ။မေမေက ဖေဖေ့ကို ရွယ်လိုက်လို့ ဖြစ်သွားတဲ့အတိုင်းပဲ။


www.burmeseclassic.com

www.burmeseclassic.com

## မိတ်ကူး

တပ်သားသစ်လေးများကို သင်တန်းပေးနေသော တပ်ကြပ်ကြီး တစ်ဦးက–

တပ်ကြပ်ကြီး။ ။အဲ–သည်အချိန်မှာ မင်းမှာ သေနတ်ကလဲ ရှိနေတယ်၊ မမျှော်လင့်ဘဲ မင်းရှေ့မှာ သေနတ်ကိုင်ထားတဲ့ ရန်သူနဲ့ ဘွားခနဲတွေ့လိုက်ရတဲ့ အခါ မင်း ဘာဆက်လုပ်မလဲ။

တပ်သားသစ်။ ။ငါ့ကို မီးတစ်တို့လောက်ပေးကွာလို့ ပြောလိုက်မှာပေါ့ ဆရာ။

တပ်ကြပ်ကြီး။ ။ဘာဆိုင်လို့လဲကွ။

တပ်သားသစ်။ ။အဲ့သည်အချိန်မှာ ကျွန်တော်က ဆေးလိပ်သောက်ချင်နေတာကိုး။

## ပရိယာယ်

ဧည့်သည်ယောကျ်ားတစ်ဦးသည် မိတ်ဆွေဇနီးမောင်နှံ၏ အိမ်သို့ တည်းခိုရန် ရောက်လာစဉ် လင်မယားရန်ဖြစ်ကြတာနှင့် ကြုံနေလေ၏။

ခင်ပွန်း။ ။ဒါ မင်းကြောင့်ဖြစ်တာကွ၊ မင်း အသုံးမကျလို့။





ဇနီး။ ။တော့်ကြောင့်ဖြစ်တာ၊ တော် ညံ့ဖျင်းလို့၊ ဘာပြောချင်သေးသလဲ။

ခင်ပွန်း။ ။မင်းကြောင့်ကွ။

ဇနီး။ ။တော့်ကြောင့်။

[ရန်စွယ်ငေါငေါနှင့် ဖြစ်နေကြပြီး သတ်ပုတ်ကြရာ ဧည့်သည်လည်း ကြောက်လန့်ပြီး ထွက်ပြေးသွားခဲ့တော့၏။ ဧည့်သည်မရှိတော့မှ ဇနီးမောင်နှံလည်း ပြုံးပြုံးရွှင်ရွှင်နှင့် ပြန်လည်သင့်မြတ်သွားခဲ့ကြပြီး–]

ခင်ပွန်း။ ။အလိုက်ကန်းဆိုးမသိဘဲ ခဏခဏလာတည်းချင်တဲ့ ဧည့်သည်၊ ငါတို့ရဲ့ ဧည့်နှင်နည်းက မဟန်ဘူးလား မိန်းမရေ။

ဇနီး။ ။မှန်တာပေါ့တော်။

## မိတ်ကူး

သူငယ်ချင်း။ ။လပေါ်ကို မင်း ရောက်သွားရင် အရင်ဆုံး ဘာလုပ်ဖို့ စိတ်ကူးသလဲ။

ထိုသူ။ ။ဟာ–မြေတွေကို အကွက်ချပြီး ရောင်းစားမယ်လေ။


www.burmeseclassic.com

www.burmeseclassic.com

## မြင်ရတာကတော့

ဆရာဝန်တစ်ဦးသည် လူတစ်ယောက်၏သွားများကို စစ်ဆေးပြီးနောက် သွားကိုက်ဝေဒနာပျောက်စေရန် ကုသပေးလိုက်လေ၏။ လိုအပ်သည့်နေရာတွင် သွားအချို့ကိုလည်း နှုတ်ပေးလိုက်သည်။ လူနာက ကျသင့်ငွေကိုပေးရန် မေးသည်။

လူနာ။ ။ဘယ်လောက်ကျပါသလဲ ဆရာ။

ဆရာဝန်။ ။ဒေါ်လာသုံးဆယ် ကျပါတယ်။

တစ်နေ့သော် ထိုဆရာဝန်သည် သူ၏ကား ချို့ယွင်းချက်တစ်ခုဖြစ်သဖြင့် ဝပ်ရှော့ကို လာပို့၏။ ဝပ်ရှော့ဆရာမှာ အခြားသူ မဟုတ်၊ သူ့ဆီကို သွားရောဂါ လာကုဖူးသော ဝပ်ရှော့ဆရာပဲ ဖြစ်နေ၏။

ဝပ်ရှော့ဆရာက မော်တော်ကားအပ်လျှင် အဖုံးကိုဖွင့်ပြီး အသေးစိတ် လေ့လာနေသည်။ ဆရာဝန်က မေးသည်။

ဆရာဝန်။ ။ဘာတွေတွေ့ရသလဲကွ။

ဝပ်ရှော့ဆရာသည် ဆရာဝန်ကိုမကြည့်ဘဲ ချက်ချင်း ပြန်ဖြေလိုက်သည်မှာ-

"ဒေါက်တာ ကျွန်တော့်ပါးစပ်ကို ဟ,ခိုင်းပြီး စစ်ဆေးတဲ့အခါ မြင်ရတဲ့အရာတွေအတိုင်း မြင်ရတယ်လေ၊ ဒေါ်လာတွေလေ ဆရာရဲ့။

ဟူသတည်း။





## ရည်မှန်းချက်

ဖခင်ဖြစ်သူသည် အသက်ကိုးနှစ်၊ ခုနစ်နှစ်၊ ငါးနှစ်စီရှိကြကုန်သော သားသုံးယောက်ကို အောက်ပါမေးခွန်းများ မေးသည်။

ဖခင်။ ။သားကြီးလာရင် ဘာလုပ်မလဲ။

သားကြီး။ ။ဆရာဝန်လုပ်မယ် ဖေဖေ။

ဖခင်။ ။သားလတ်ကကော။

သားလတ်။ ။စစ်ဗိုလ်ကြီးလုပ်မယ် ဖေဖေ။

ဖခင်။ ။ဟုတ်လိုက်လေကွယ်၊ ကဲ-အငယ်ဆုံးသားထွေးလေးကရော ပြောပါဦး၊ ကြီးလာရင် ဘာလုပ်မလဲကွယ့်။

သားထွေး။ ။မိန်းမယူမယ်။

## ကယောင်ကတမ်း

မိခင်။ ။မေမေတို့ခေတ်က ဆန်တစ်ပြည်ကို ခြောက်ဆယ့်ငါးပြား၊ဆီတစ်ဆယ်သားတစ်မတ်၊ကြက်သား တစ်ပိဿာ သုံးကျပ်ပဲ၊ အမဲသားတစ်ပိဿာမှ နှစ်ကျပ်ခွဲ။

[မိခင်က ထိုသို့ပြောသောအခါ ညီငယ်ဖြစ်သူသည် သူ၏အစ်ကိုကို မည်သို့ ပြန်ပြောသနည်းဆိုသော်]

ညီငယ်။ ။အစ်ကိုကြီး-အစ်ကိုကြီး၊ မေမေက စိတ်မှန်ရဲ့လား ဟင်၊ ဘာတွေလာပြောနေတာလဲ မသိဘူး၊ အထူးကု ဆရာဝန်လေးဘာလေး ပြကြည့်ပါဦး။

အစ်ကို။ ။အေး-ဟုတ်တယ်၊ မေမေ့ကိုကြည့်ရတာ မူမမှန်ဘူး၊ ကယောင်ကတမ်းတွေ လျှောက်ပြောနေတယ်။

www.burmeseclassic.com

www.burmeseclassic.com

## မော

သားအဖနှစ်ယောက်တို့သည် တောင်ထိပ်တစ်ခုပေါ်[illegible] ရောက်သည်အထိ ခဲရာခဲဆစ် ဆက်တက်လာခဲ့ကြ၏။ တော[illegible] ထိပ်ပေါ်သို့ ရောက်လာသော် မောပန်းလွန်း၍ ပါးစပ်ထဲက[illegible] အမြှုပ်များ ထွက်နေကြ၏။ တစ်အောင့်အကြာတွင် ဖခင်က[illegible]

ဖခင်။ ။ကြည့်စမ်းပါဦးသားရယ်၊ တောင်အောက်က ရှုခင်း[illegible] ဟာ ဘယ်လောက် စိမ်းလန်းစိုပြည်ပြီး သာယာသလ[illegible] [ထိုအခါ သားဖြစ်သူက ဖခင်ကို ဘယ်လိုပြန်ပြောလို[illegible] သလဲ ဆိုသော်-]

သား။ ။အဖေရယ်၊ တောင်အောက်က ရှုခင်းတွေက ပိုပြီးတော[illegible] သာယာနေတယ်ဆိုရင် ဘာဖြစ်လို့ အပင်ပန်းခံပြီး တော[illegible] ပေါ်ကို တက်လာခဲ့ရသေးသလဲဗျာ၊ ခုတော့ မောလို[illegible] တာ။

## တန်ဖိုး

မောင်လယ်။ ။ငွေစက္ကူနဲ့ ရိုးရိုးစက္ကူ ဘယ်ဟာက ပိုပြီး တန်ဖိုးရှိသလဲကွ။

မောင်ကြွယ်။ ။ရိုးရိုးစက္ကူက ပိုပြီး တန်ဖိုးရှိတာပေါ့ကွ။

မောင်လယ်။ ။မင်းကလဲ မဟုတ်တာ၊ ဘာဖြစ်လို့လဲ။

မောင်ကြွယ်။ ။ဟာ–ရိုးရိုးစက္ကူဖြစ်တဲ့ ချက်လက်မှတ်ပေါ်မှာ မင်း ကြိုက်သလောက်ငွေကိုရေးပြီး ထုတ်လ[illegible] ရတယ်လေ။



## နေ့ကြမင်း

မောင်မြ။ ။ဇနက္ကမင်း သင်္ဘောနစ်တော့ ပင်လယ်ထဲမှာ ကမ်း မမြင်၊ လမ်းမမြင် ခုနစ်ရက်တိတိ ကူးနေရတယ်။

မောင်လှ။ ။ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်လဲ။

မောင်မြ။ ။မေခလာနဲ့တွေ့တော့ ချက်ချင်းမကယ်ဘဲ ဘာဖြစ် လို့ မေးခွန်းတွေ ထုတ်နေရတာလဲကွ။

မောင်လှ။ ။ဂျာနယ်ထဲမှာ ထည့်ချင်လို့ဖြစ်မှာပေါ့ကွာ။

## အခြေအနေ

သူငယ်ချင်း။ ။ကိုလံဘတ်ဟာ အမေရိကတိုက်ကို စ,ပြီးတွေ့ တဲ့သူဆိုတာ အမှန်ပဲလားကွ။

ထိုသူ။ ။ကိုလံဘတ် အမေရိကတိုက်ကို တွေ့တွေ့၊ မတွေ့ တွေ့ အကြောင်း မဟုတ်ဘူး၊ မင်းကို ကြွေးရှင် က တွေ့သွားပြီ၊ ပြေးပေတော့။

## ခေါင်းပုံဖြတ်

သူငယ်ချင်း။ ။ဟောဟိုမှာ လမ်းကိုဖြတ်သွားတဲ့ သူကို တွေ့ လား၊ သည်ကောင်က ခေါင်းပုံဖြတ်သမားကွ။

ထိုသူ။ ။အဲ့သည်လူက ဘာအလုပ်လုပ်လို့လဲ။

သူငယ်ချင်း။ ။ဆံပင်ညှပ်သမားလေ။

မြတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## အထင်

မောင်။ ။ခင့်ရဲ့မျက်နှာလေးကလေ စန္ဒာလနဲ့ သိပ်ပြီးတူတာပဲ

ခင်။ ။ဟင်–ဘာပြောတယ်၊ စန္ဒာလနဲ့တူတယ် ဟုတ်လား
ဒါဆို ရှင်က ကျွန်မကို သူတောင်စားနဲ့တူတယ်လို့
ပြောလိုက်တာပေါ့လေ၊ ကဲဟယ်–ကဲဟယ်၊ ပြောဦး

## ဥပမာပေးချက်

ချစ်သူနှစ်ဦး ပန်းခြံထဲတွင် ချိန်းတွေ့ကြရာ–

မောင်။ ။ခင့်ရဲ့မျက်လုံးတွေကလေ သမင်မရဲ့မျက်လုံးလေးတွေ
သိပ်တူတာပဲ၊ ခြေသလုံးလေးတွေကတော့ သမင်မရဲ့
ကြော့ရှင်းတဲ့ ခြေသလုံးလေးတွေလို သိပ်လှတာပဲ
နှာတံလေးစင်းနေတာက ကြိုးကြာနှာတံလေးလို၊ နီရဲ
တဲ့ နှုတ်ခမ်းလေးတွေကတော့ ငါးဖမ်းမ,ရဲ့ပါးစပ်
လို...။

ခင်။ ။တော်စမ်းပါရှင်၊ ရှင် ကျွန်မကိုပြောနေတဲ့အတိုင်း
ရင် ကျွန်မတစ်ကိုယ်လုံး လူနဲ့ကို မတူတော့ဘူး။





## ဟုတ်လား

သူငယ်ချင်းနှစ်ယောက် စကားပြောနေကြစဉ် အမျိုးသမီး
တစ်ယောက်က ခပ်လှမ်းလှမ်းမှ ဖြတ်သွားခဲ့ရာ...

ထိုသူ။ ။အဲဟိုအမျိုးသမီးပေါ့ကွ၊ဟိုတစ်လောက သင်္ဘော
သားတစ်ယောက်နဲ့ ညားသွားတာ။

သူငယ်ချင်း။ ။ဘာလဲကွ၊ သင်္ဘောသားဖြင့် သင်္ဘောသားပေါ့၊
ဘာဖြစ်လို့ သင်္ဘောသားကျလို့ ခေါ်ရတာလဲ။

ထိုသူ။ ။ဟာ...သူက အစကသင်္ဘောသားလေ၊ သူ့သင်္ဘော
ကုမ္ပဏီပျက်သွားလို့သင်္ဘောမလိုက်ရတော့ သင်္ဘော
သားကျ ဖြစ်သွားခဲ့တာပေါ့။

## ဓာ

မိန်းမပျိုလေးတစ်ယောက်နောက်ကို လူငယ်တစ်ဦးက
လိုက်လာပြီး...

လူငယ်။ ။သည်...သည်မှာ...ဓာ...ဓာ...။
[စကားမဆုံးမီ...]

မိန်းမပျို။ ။ဘာ–ရှင်က ကျွန်မကို ရည်းစားစာပေးမလို့ ဟုတ်
လား၊ ရှင့်ကို အမေနဲ့ တိုင်ပြောမယ်။

လူငယ်။ ။အထင်မလွဲပါနဲ့ဗျာ၊ ကျွန်တော်ပေးချင်တာက ဟော
သည် ဓာပါ။
[ကိုယ်နောက်သို့ဖွက်ထားသောလက်ကိုထုတ်လိုက်ရာ
လက်ထဲတွင် ဓာကလေးတစ်ကောင်။]


www.burmeseclassic.com

www.burmeseclassic.com

## အဖြေ

ဆေးလိပ်သောက်ခြင်း၏ အပြစ်ကိုပြောလိုသော ဆရာမ တစ်ယောက်သည်–

ဆရာမ။ ။ဆေးလိပ်များများသောက်ရင် ဘာဖြစ်သလဲကွယ့် မောင်အေး ဖြေစမ်း။

မောင်အေး။ ။မီးခိုးများများထွက်ပါတယ် ဆရာမ။

## အတူတူ

နှုတ်ခမ်းပွဲနေသော အမျိုးသားတစ်ဦးနှင့် ဘဝတူ နှုတ်ခမ်းပွဲနေသော အမျိုးသမီးတို့ အိမ်ထောင်ကျကြသောအခါ တစ်နေ့တွင် အမျိုးသမီးဇနီးဖြစ်သူသည် ဟင်းချိုပူပူကြီးကို လင်ယောကျ်ား၏ရှေ့တွင် ချပေးသည်။ ယောကျ်ားက ဟင်းချိုကို ခပ်သောက်၏။

ဟင်းချိုက ပူလွန်းလှ၍ ဇနီးကို မည်သို့ပြောသနည်း ဆိုသော်...

ယောကျ်ား။ ။ဟင်းချိုက ပူလွန်းလှပါလား။

[ဇနီးကလည်း အောက်ပါအတိုင်း ပြန်ပြောလိုက်လေ၏။]

ဇနီး။ ။ဂူရင်ဝှတ်သောက်ပါလားတော့...

ဟူသတည်း။





## မ,သဘာဝ

ယောကျ်ား။ ။မင်းကို ဟိုလူက အပျိုကြီးမှတ်ပြီး ရည်းစားစကား လိုက်ပြောတာ ငါ မြင်တယ်၊ ဟုတ်တယ် မဟုတ်လား။

ဇနီး။ ။ဟုတ်တယ်လေ၊ ဘာဖြစ်လဲ။

ယောကျ်ား။ ။မင်းက ကျွန်မ အပျိုမဟုတ်ဘူး၊ ယောကျ်ားနဲ့ပါလို့ ဘာဖြစ်လို့ ပြန်မပြောလိုက်တာလဲ။

ဇနီး။ ။အို...မပြောချင်ပေါင်၊ အပျိုအထင်ခံရတာ နည်းတာ မှတ်လို့...အဟင်း...ဟင်း...။

## မှား

အိမ်ထောင်ကျပြီးတာ တစ်လခန့်ပင်ရှိသေးသော သူငယ်ချင်းတစ်ယောက်နှင့် ဆုံမိရာ...

ထိုသူ။ ။ဘယ့်နှယ့်လဲ သူငယ်ချင်း၊ မင်းတို့အိမ်ထောင်ရေး အဆင်ပြေကြရဲ့လား။

သူငယ်ချင်း။ ။မှားတယ်ကွာ၊ ငါ သိပ်မှားတယ်။

ထိုသူ။ ။ဟာ...အခုမှ ယူပြီးတာ တစ်လပဲရှိသေးတယ်၊ မှားတယ်လို့ ပြောနေပြီလား၊ အဆင်မပြေကြတော့ဘူးလား။

သူငယ်ချင်း။ ။မဟုတ်ပါဘူးကွာ၊ မင်း ဘာတွေပြောနေတာလဲ၊ ငါ မှားတယ်လို့ဆိုတာက အခုမှ အိမ်ထောင်ကျတာနောက်ကျသွားတာကို ပြောတာ၊ သည့်ထက်စောကျခဲ့ရင်ဘယ်လောက်ပိုကောင်းလိုက်မလဲလို့။



www.burmeseclassic.com

## မှား

လွှမ်းစွာရိုးအ,လုသောသူငယ်ချင်းတစ်ယောက်နှင့် ဆုံမိရာ

မောင်ရိုး။ ။ငါ့မိန်းမကွာ၊ တစ်နှစ်ကိုတစ်ယောက် မှန်မှန်ဈေး နေတော့ကလေးတွေများပြီး စိတ်ညစ်နေတယ်ကွာ။

မောင်မျိုး။ ။ဒါဆိုရင် ဆရာဝန်တွေရဲ့ညွှန်ကြားချက်နဲ့ ထုတ် ထားတဲ့ ဆေးကတ်လေးတွေ သောက်ကြည့်ကွာ။

[သုံးလခန့်အကြာတွင် ပြန်ဆုံမိကြသည်။]

မောင်ရိုး။ ။မင်းသောက်ခိုင်းတဲ့ဆေးက မဟန်ပါဘူးကွာ၊ အခု ငါ့မိန်းမ နောက်ထပ်တစ်ယောက် ကိုယ်ဝန်ရနေ ပြန်ပြီကွ။

မောင်မျိုး။ ။မင်း ငါစားခိုင်းတဲ့ဆေးကို မင်းမိန်းမကို မကျွေး ဘူးလား။

မောင်ရိုး။ ။ဘာ–ငါ့မိန်းမကို ကျွေးရမှာလား၊ မသိဘူးကွ ငါ စားရမယ်မှတ်လို့ ငါပဲ စားနေတာကွ။

မောင်မျိုး။ ။ဟော...။





## အခြေအနေဆိုးလာပြီလို့

လူတစ်ယောက်သည် စိတ်ရောဂါအထူးကုဆရာဝန်ကြီး နှင့် တွေ့ဆုံပြီး သူ သိချင်တာကို မေးမြန်းလေရာ...

ထိုသူ။ ။ဆရာ၊ လူတစ်ယောက်ဟာ ပုံမှန်စိတ် မရှိတော့ဘူး လို့ ဘယ်အချိန်မှာ သိနိုင်ပါသလဲ။

ဆရာဝန်။ ။ခင်ဗျား မှန်ကြီးကြီးတစ်ခုရဲ့ရှေ့မှာ ရပ်လိုက်၊ အဲ့ သည်မှန်ကို နေ့တိုင်းကြည့်၊ ခင်ဗျားက ရယ်ပြရင် မှန်ထဲက ပုံရိပ်က မရယ်ဘူး၊ မဲ့ပြမယ်၊ ခင်ဗျားက ငိုရင် သူက ရယ်မယ်၊ ခင်ဗျားက ခေါင်းခါရင် သူက ခေါင်းညိတ်မယ်၊ အဲ့သည်လို ဆန့်ကျင် ဘက်တွေ ဖြစ်လာခဲ့ရင် သည်ဆေးရုံကိုသာ အချိန် မီ အမြန်ဆုံး ပြေးလာခဲ့ပေတော့–ကိုယ့်လူ။

## မှား

ဇနီး။ ။ရှင်...တနင်္ဂနွေနေ့က ငါးမျှားလာခဲ့တာ ငါး ဘယ် နှစ်ကောင် ရလာတယ်လို့ ကျွန်မကို ပြောခဲ့သေးသလဲ။

ခင်ပွန်း။ ။ခြောက်ကောင်လေမိန်းမရဲ့၊ မင်းကို ငါ ပြောပြီး ပေးခဲ့တာပဲ၊ ဘာဖြစ်လို့လဲ။

ဇနီး။ ။ဘာမှ မဖြစ်ပါဘူး၊ ငါးဆိုင်က ကျွန်မဆီမှာ ရွှေ ကောင်ဖိုး ငွေတောင်းလိုက်လို့၊ အဲဒါ မှားများနေ သလားလို့။

www.burmeseclassic.com

## တောသား

မြို့ကို တစ်ကြိမ်တစ်ခါမှ မရောက်ဖူးသော တောသား သူငယ်ချင်းတစ်ယောက်ကို မြို့သားက အလယ်ခေါ်လာခဲ့ရာ–

ရန်ကုန်မြို့အနှံ့လျှောက်၍ပြပြီးသည်။ နောက်ဆုံး ရွှေတိဂုံဘုရားကို ရောက်လာခဲ့ကြသည်။ ဘုရားပေါ်သို့အတက်တွင် လှေကားဖြင့် တက်ကြသည်။ အဆင်းတွင် တောသားသူငယ်ချင်း အတွေ့အကြုံရအောင်ဆိုပြီး ဓာတ်လှေကားဖြင့် ဆင်းရန် စီစဉ်သည်။

ဓာတ်လှေကားခန်းထဲသို့ ဝင်သောအခါ တောသားသူငယ်ချင်းက ပြူးတူးကြောင်တောင်ဖြင့် ကြည့်နေသည်။ သူဘာမှ မသိ။

ဓာတ်လှေကား မောင်းသူက ခလုတ်ကိုနှိပ်လိုက်၍ ဓာတ်လှေကား သိမ့်ခနဲဆိုဖြစ်သွား၏။ အောက်သို့ ရုတ်တရက် ထိုးဆင်းသွားသောအခါ ထိုသူလည်း အထိတ်တလန့်ဖြင့် ငယ်သံပါအောင် အော်လိုက်လေ၏။ မည်သို့ အော်လိုက်သနည်းဆိုသော်…

"အောင်မယ်လေးဗျ၊ ကယ်ကြပါဦး၊ အရှင်လတ်လတ် မြေမျိုပါပြီဗျ…"





## အဖြေရခက်သောမေးခွန်း

သားဖြစ်သူသည် မိခင်၏ မီးပုံးပျံလို ပူဖောင်းနေသော ဝမ်းဗိုက်ကြီးကိုကြည့်ပြီး မေးသည်။

သား။ ။မေမေ၊ ဟောသည် ဗိုက်ထဲကို ညီလေးဖြစ်လာအောင် ဘယ်သူက ထည့်ပေးတာလဲ ဟင်။

[မိခင်နှင့်ဖခင်သည် မျက်နှာတွေ နီရဲထူအမ်းသွားကြပြီး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။]

သား။ ။ပြောပါ ဖေဖေရဲ့၊ ညီလေးဖြစ်လာအောင် ဘယ်သူက ထည့်ပေးတာလဲလို့။

[အဖြေရခက်သော မေးခွန်းပင်ဖြစ်သည်။ အတန်ကြာမှ စိတ်ကူးတစ်ခုရသွားပြီး ဖခင်က ဖြေလိုက်သည်။]

ဖခင်။ ။ဘု–ဘုရားကထည့်ပေးတာပေါ့ သားရဲ့၊ ဟဲ…ဟဲ။

## ဘဝတူ

တိရစ္ဆာန်ရုံထဲရှိ မျောက်လှောင်အိမ်ထဲတွင် မျောက်ထီးက မျောက်မကို သန်းရှာပေးနေသည်။

အပြင်ဘက်မှာလည်း မြက်ခင်းတစ်နေရာတွင် လူသားလင်ယောကျာ်းဖြစ်သူက ဇနီးကို သန်းရှာပေးနေသည်။ မျောက်ထီးကြီးက ထိုမြင်ကွင်းကိုကြည့်ပြီး မည်သို့ ပြောလိုက်သလဲဆိုသော်–

မျောက်ထီး။ ။ရှင်မရေ၊ ဟိုမှာကြည့်စမ်း၊ သူတို့နဲ့ငါတို့ဟာ ဘဝတူတွေပဲကွ။

မျောက်မ။ ။အင်း…ဟုတ်ပါရဲ့တော်။


www.burmeseclassic.com

www.burmeseclassic.com

## မှတ်ထား

ကတ်သီးကတ်ဖဲ့ပြောတတ်သော ကိုကတ်ဖဲ့နှင့်စကားကို ခပ်ရွဲ့ရွဲ့ပြောတတ်သော ကိုရွဲ့နှင့်တွေ့ကြရာ...

ကိုကတ်ဖဲ့။ ။မိုးလေဝသဆိုတဲ့စကားမှာ မိုးလေဆိုတာကတော့ ဟုတ်ပါပြီ၊ ဝသဆိုတာက ဘာလဲကွ။

ကိုရွဲ့။ ။မသေမချင်းမှတ်ထား၊ ဝသဆိုတာ မင်းကြီးတော်ကြီးကို ပြောတာကွ။

## ဖြစ်ရုံလေး

ညွှန့်သည်။ ။သားက ဦး သားရဲ့အိမ်ကို လာလည်တာ သဘောကျတယ်၊ ခဏခဏလဲ လာလည်စေချင်တယ်ဆိုတော့ ဦးကို သိပ်ခင်လို့နဲ့တူတယ်။

ကလေး။ ။မဟုတ်ဘူး၊ ညွှန့်သည်လာရင် ဟင်းကောင်း အမြဲစားရလို့။





## အချစ်နဲ့ထီး

မိုးက ရွာစပြုလာသည်။ ထီးမပါဘဲ လမ်းလျှောက်သွားနေသော မိန်းမပျိုလေးတစ်ယောက်ကို လူတစ်ယောက်က ပြေးသွားပြီး ထီးလိုက်ပေး၏။

ထိုသူ။ ။သည်ထီးလေးကိုယူသွားပါ၊ တော်ကြာ မိုးသဲတော့မယ်။

မိန်းမပျို။ ။ဟင့်အင်း...မယူချင်ဘူး။

ထိုသူ။ ။ယူသွားပါကွယ်၊ အအေးမိလို့ ဖျားနာရင် သိပ်ပြီး စိတ်ညစ်ရမှာ။

မိန်းမပျို။ ။အအေးမိလို့ဖျားနာပြီး စိတ်ညစ်ရတာက တော်သေးတယ်၊ ရှင့်ထီးငှားမိတာကို အခွင့်ကောင်းယူပြီး ရည်းစားစကား တကောက်ကောက်လိုက်ပြောနေမှ ပိုပြီး စိတ်ညစ်ရမှာ။

## အသွားနဲ့အပြန်

လမ်းလျှောက်လာသောလူတစ်ယောက်ကိုလက်ညှိုးထိုး ပြပြီး

ထိုသူ။ ။ဟိုလူက စောစောက တို့ရှေ့က လျှောက်သွားတုန်းက ခေါင်းငိုက်စိုက်ချပြီး မှိုင်သွားတယ်၊ အခုပြန်အလာမှာ ရင်ကော့ပြီး ပြုံးလို့ရွှင်လို့ပါလား။

သူငယ်ချင်း။ ။ဟုတ်တယ်၊ အသွားတုန်းက သူ့ပိုက်ဆံအိတ် ပျောက်သွားတယ်လေ၊ သူ့ယောက္ခမဆုံးတယ် ဆိုတဲ့သတင်းလဲကြားရော အမွေရတော့မှာ ကျိန်းသေလို့ ဝမ်းသာပြီး ခုလို ပုံစံနဲ့ ပြန်လာတာပဲ၊

www.burmeseclassic.com

www.burmeseclassic.com

## ယူမှာသာယူလိုက်စမ်းပါ

လူတစ်ယောက်သည် မိမိနှင့်စေ့စပ်ထားသော မိန်းကလေး တစ်ဦးရှိသည်။ တစ်နေ့မှာ ထိုမိန်းကလေးက တခြားသူနှင့် ခိုးရာလိုက်သွားခဲ့လေ၏။ မိန်းကလေး၏မိခင်က တစ်ရက် အကြာတွင် မိမိ၏သမီးကို ရှာဖွေတွေ့ရှိ၍ ပြန်ခေါ်လာခဲ့သည် ထိုသူသည် သူနှင့်စေ့စပ်ထားသော မိန်းကလေးဖြစ်သော်လည်း သူတစ်ပါးနှင့် တစ်ရက်ခိုးရာလိုက်ပြေးထားသူဖြစ်၍ ယူဖို့ရန် အင်တင်တင်ဖြစ်နေသည်။

ထိုအခါ ယောက္ခမလောင်း မိခင်ကြီးက သိရှိသွားသည်

ထိုသူ။ ။အ…အဒေါ်သ…သမီးက…

ထိုသူ စကားမဆုံးမီမှာ ယောက္ခမလောင်းက ချက်ချင် မည်သို့ ပြန်ဖြေလိုက်သည်ဆိုမူ…

"အမလေး…ဒါလောက်ကြီးလဲ စဉ်းစားမနေပါနဲ့ မော ဟတ္တရယ်၊ ငါ့သမီးတစ်ရက်လေး ခိုးရာလိုက်သွားရုံနဲ့ ဘာ မဖြစ်နိုင်ပါဘူး၊ ယူမှာသာ ယူလိုက်စမ်းပါ"

ဟူသတတ်။





## ရပါတယ်

ပြောမနာ ဆိုမနာ သူငယ်ချင်းနှစ်ယောက် ဆုံတွေ့ကြလေရာ-

မောင်တိုး။ ။ဟေ့ကောင် မောင်ဖြိုး၊ မင်း အစ်မကွာ၊ အပျိုကြီး ဘဝနဲ့ တစ်သက်လုံးနေသွားတော့မှာလား၊ ပျင်းခြောက်ခြောက်ကြီးဖြစ်နေရင် မကောင်းဘူး၊ ငါကလဲ လူပျိုကြီးဆိုတော့ ငါနဲ့သာ ပေးစားလိုက်ပါတော့ကွာ။

မောင်ဖြိုး။ ။မင်းနဲ့တော့ ပေးစားချင်ပါတယ် ယောက်ဖရာ ဒါပေမယ့် မင်းက အရပ်သိပ်ပြီးမြင့်တယ်၊ ငါ့အစ်မက အရပ်သိပ်ပုတယ်၊ လမ်းအတူတူလျှောက်သွားရင် ကြည့်မကောင်းဘူးကွ။

မောင်တိုး။ ။ဒါများ ဘာခက်တာမှတ်လို့၊ မပူပါနဲ့၊ မင်းအစ်မနဲ့ လမ်းအတူတူလျှောက်သွားရင် ငါ့ခြေထောက် နှစ်ဖက်စလုံးကို ခွင်ထားလိုက်မှာပေါ့ကွ။


www.burmeseclassic.com

www.burmeseclassic.com

## တွတ်ထိန်း

လူကြီးတစ်ယောက်သည် သတင်းစာထဲမှ ကြော်ငြာတစ်ခုကို တွေ့ပြီး လိပ်စာအတိုင်း ထိုနေရာသို့ ချက်ချင်းလိုက်သွားသည်။

စားပွဲတစ်လုံးတွင် ထိုင်နေသောလူတစ်ယောက်နှင့် တွေ့လေသည်။

လူကြီး။ ။ဟောသည် သတင်းစာမှာပါတဲ့ ကြော်ငြာအတိုင်း လာခဲ့တာပါ၊ ကျွန်တော်များ နောက်ကျသွားပြီလား လို့။

ထိုလူ။ ။ခြကွက်ကိစ္စလား။

လူကြီး။ ။ဟုတ်ပါတယ်၊ ဦးရာလူ ရမယ်ဆိုလို့လေ၊ ကျုပ်နာမည်က ဦးရာလူပါ၊အလကားပေးတာ မဟုတ်လား။

ထိုလူ။ ။[ရယ်မောလိုက်လျက်] ဟာ–ဦးလေး စိတ်ကူးလွဲသွားပြီ၊ ဦးရာလူ ရမယ်ဆိုတာ ဈေးချိုချိုနဲ့ ရောင်းမှာမို့ ဦးအောင် အရင်လာတဲ့သူကို ရောင်းမယ်လို့ ပြောတာပါဗျာ။

လူကြီး။ ။ဟာ–သိပါဘူးကွာ၊ ငါ့နာမည်က ဦးရာလူဆိုတော့ မင်းတို့ရဲ့ ကြော်ငြာခေါင်းစဉ်နဲ့ ရောသွားတာကိုး။





## ရှင်ခုန်တယ်

ချစ်သူနှစ်ဦး ပန်းခြံတစ်ခုထဲတွင် ချိန်းပြီးတွေ့ကြရာ–

မောင်။ ။မောင့်ရင်ထဲမှာလေ၊ သည်ကနေ့ အရမ်းကို ခုန်နေတာပဲ အချစ်ရယ်။

ခင်။ ။ဟုတ်လား မောင်၊ ခင်နဲ့တွေ့ရလို့ စိတ်လှုပ်ရှားနေတာလား ဟင်။

မောင်။ ။ဟင့်အင်း–သည်ကနေ့ ထီဖွင့်တော့မယ်လေ၊ ပေါက်မှ ပေါက်ပါ့မလားလို့ စိတ်လှုပ်ရှားနေမိတာ အချစ်ရဲ့။

## ပြေးဒေး

ကိုဒုက္ခ။ ။ဟာ...သည်ကနေ့ ပြေးဒေးပါလား။

ကိုမှန်။ ။ဘယ်က ပြေးဒေးရမှာလဲ၊ လခထုတ်ရက်လေ၊ ပေးဒေးပေါ့။

ကိုဒုက္ခ။ ။ဟ...လခထုတ်ရက်မှာ ကြွေးရှင်တွေက ငါ့နောက်ကို လိုက်ကြတော့မယ်လေ၊ ငါ ပြေးရတော့မှာမို့ ပြေးဒေးလို့ ခေါ်တာကွ။



www.burmeseclassic.com

www.burmeseclassic.com


## ဖြစ်ရလေ

မောင်မောင်သည် သူငယ်ချင်းဖြစ်သူ လှမောင်ထံသို့ အလည်လာ၏။ ထိုအခါ မောင်မောင့်အိမ်တွင် အချိန်မှန်တွန် သော ကြက်ဖကြီးတစ်ကောင်ကို တွေ့ရသည်။

"အောက်အီးအီးအွတ်..."

မောင်မောင်။ ။မင်း အိမ်က ကြက်ဖကြီးဟာ သိပ်ပြီး အသံ ကောင်းပါလားကွ။

လှမောင်။ ။အသံကောင်းရုံတင်မကဘူး၊ အချိန်လဲ သိပ်ပြီး မှန်တယ်ကွ။

[နောက်တစ်ခါ လှမောင်၏အိမ်ကို လာလည်သော အခါ ကြက်ဖကြီးကို မတွေ့ရတော့ချေ။]

မောင်မောင်။ ။အချိန်မှန်မှန်တွန်တဲ့ မင်းကြက်ဖကြီး ဘယ် ရောက်သွားသလဲကွ။

လှမောင်။ ။အချိန်မှန်လွန်းလို့ မခံနိုင်တာနဲ့ ငါ သတ်စား လိုက်ပြီကွ။

မောင်မောင်။ ။ဟာ...နားမရှင်းပါဘူး၊ အချိန်မှန်တာနဲ့ မင်းက ဘာဖြစ်လို့ သတ်စားလိုက်ရတာလဲကွ။

လှမောင်။ ။အေး...က နားမရှင်းရင် နားထောင်၊ ကြက်ဖကြီး တစ်နေ့သုံးခါတွန်တယ်၊ မနက်အရုဏ်တက်မှာလဲ မှန်မှန်တွန်တယ်၊ အဲ့သည်အချိန်ကျရင် ငါ့မိန်းမက ငါ့ကို အလုပ်သွားဖို့နှိုးရော၊ ငါကလဲ အစောကြီး မထချင်ဘူး၊ ဆက်ပြီး နှပ်ချင်သေးတယ်၊ သည် ကြက်ဖကြီးရှိနေရင် ငါ ခဏခဏအနှိုးခံရမှာပဲ၊ အဲ့ဒါကြောင့် ကြက်ဖကြီးမရှိမှ အေးမယ်၊ သည် ကောင်ဟာ ငါ့အတွက် ဂြိုဟ်ကောင်၊ ကောင်းကျိုး မပေးဘူး၊ ခုဆို သူ မရှိတော့ မိန်းမလဲ အချိန် ကို မှန်းလို့ မရတော့ဘူး၊ ငါလဲ အစောကြီး အနှိုးမခံရတော့ဘူးပေါ့...ဟဲ...ဟဲ...

မောင်မောင်။ ။ဖြစ်မှ ဖြစ်ရလေကွာ။

## ဘယ်လိုပဲကြည့်ကြည့်

စာမတတ်သော လင်ယောကျ်ားဖြစ်သူသည် မဂ္ဂဇင်း စာအုပ်တစ်အုပ်ကို ဟန်ရပန်ရ ဖတ်နေ၏။ ဇနီးဖြစ်သူက ရထား ဘူတာရုံအတွင်းမှာ ဟိုကြည့်သည်ကြည့်ဖြင့် ကြည့်လိုက်ပြီး လေသံတိုးတိုးဖြင့်...

ဇနီး။ ။တော် မဂ္ဂဇင်းစာအုပ်ဖတ်တာက ဇောက်ထိုးကြီး၊ ဟိုမှာ လူတွေက တော့်ကိုကြည့်နေကြတယ်။

[ထိုအခါ ယောကျ်ားဖြစ်သူသည် မဂ္ဂဇင်းကို အတည့်ပြန်ပြီး ပြောင်းလိုက်သည်။ မည်သို့ ပြန် ပြောလိုက်သလဲဆိုမူ...

ယောကျ်ား။ ။ဟောသည်စာအုပ်ထဲက မိန်းကလေးဟာ ဘယ် လိုပဲကြည့်ကြည့် ဇောက်ထိုးကြည့်လဲ လှနေတာပဲ နော်...တဲ့။



www.burmeseclassic.com

www.burmeseclassic.com

## ဝမ်းနည်းလို့

သူငယ်ချင်း။ ။ဝမ်းနည်းတယ်ကွာ၊ ငါ သိပ်ပြီး ဝမ်းနည်းနေ
တယ်။

ထိုသူ။ ။စိတ်မကောင်းစရာ အပြစ်အပျက်များ ကြုံနေ
ရလို့လားကွာ။

သူငယ်ချင်း။ ။ဟာကွာ၊ ငါ ဝမ်းချုပ်ပြီး ဝမ်းသွားနည်းနေလို့
ဝမ်းနည်းတယ်လို့ ပြောတာပါကွ။

BURMESE CLASSIC

## လွယ်ပါတယ်

လေယာဉ်ပျံက ထွက်တော့မည်ဖြစ်သည်။ လူတစ်ယောက်က ခါးပတ်ပတ်ရန် ယူလိုက်သောအခါ ခါးပတ်က တစ်ခြမ်းသာ ရှိသည်။ ထိုအခါ အနားမှဖြတ်သွားသော လေယာဉ်မယ်လေးတစ်ဦးကို...

ခရီးသည်။ ။ခါးပတ်က တစ်ခြမ်းပဲရှိတယ်၊ ဘယ်နှယ့်လုပ်
မလဲ။

လေယာဉ်မယ်။ ။မခက်ပါဘူးရှင်၊ လေယာဉ်ထွက်ရင် ရှေ့က
ထိုင်ခုံကို ခြေနဲ့ကန်ထားလိုက်ပေါ့။





## အဲသည်တော့

စကော့ပူမှ ရန်ကုန်သို့ ပျံသန်းမည့် လေယာဉ်တစ်စင်းပေါ်၌ ခရီးသည်တစ်ဦးသည် လေယာဉ်ပေါ်မတက်မီကတည်းက သွေးတိုးနေသည်။ ထိုင်ခုံမှာထိုင်နေသော ထိုခရီးသည်ကို လေယာဉ်မယ်လေးက နေမကောင်းဖြစ်နေမှန်း သိသွားသောအခါ...

လေယာဉ်မယ်။ ။ကျွန်မ ဘာအကူအညီပေးရမလဲရှင်။

ခရီးသည်။ ။ကျွန်တော် သွေးတိုးနေတယ်၊ လေယာဉ်ပေါ်
မှာ ဆရာဝန် ပါလာသလား။

လေယာဉ်မယ်။ ။ဟင့်အင်း။

ခရီးသည်။ ။ဆေးကော ပါသလား။

လေယာဉ်မယ်။ ။ဟင့်အင်း။

ခရီးသည်။ ။ဒါဖြင့်လဲ ရှိပါစေတော့။

[လေယာဉ်ထွက်ပြီး ဆယ့်ငါးမိနစ်အကြာမှာ
ထိုလေယာဉ်မယ်လေးကရောက်လာပြန်သည်။]

လေယာဉ်မယ်။ ။ကျွန်မ ဘာအကူအညီပေးရမလဲ ရှင်။

ခရီးသည်။ ။ကျွန်တော် သွေးတိုးနေတယ်၊ လေယာဉ်ပေါ်
မှာ ဆရာဝန်ရှိသလား။

လေယာဉ်မယ်။ ။ဟင့်အင်း။

ခရီးသည်။ ။ဆေးဝါးကောရှိသလား။

လေယာဉ်မယ်။ ။ဟင့်အင်း။


www.burmeseclassic.com

www.burmeseclassic.com

ခရီးသည်။ ။ဒါဖြင့်လဲ ရှိပါစေတော့။

[ထိုသူသည် ဆွေးအလွန်တက်လျက်ရှိသည်။ ခေါင်းပင်စိုက်လျက်ရှိနေလေ၏။ နောက်ထပ် ဆယ့်ငါးမိနစ်ခန့်အကြာတွင် လေယာဉ်မယ်လေးက ရောက်လာခဲ့ပြန်ပြီ။]

လေယာဉ်မယ်။ ။ကျွန်မ ဘာအကူအညီပေးရမလဲရှင်။

ခရီးသည်။ ။လေယာဉ်ပေါ်မှာ ဆရာဝန်လဲ မပါဘူး၊ ဆေးဝါးလဲ မရှိဘူး၊ ဟုတ်တယ်မဟုတ်လား။

လေယာဉ်မယ်။ ။ဟုတ်ပါတယ်ရှင်။

ခရီးသည်။ ။အေးဗျာ၊ ခင်ဗျားက ဘာအကူအညီပေးရမလဲလို့ ခဏခဏမေးနေတော့ ကျွန်တော့်ဘက်က သိပ်ပြီး အားနာလာမိပြီ၊ အဲ–တစ်ခုတော့ ရှိတယ်၊ အိမ်မှာပေါ့ဗျာ၊ ကျွန်တော်အခုလို ဆွေးတိုးလို့ ဆရာဝန် ခေါ်မရတဲ့အခါ၊ ဆေးဝါးအဆင်သင့်မရှိတဲ့အခါ ကျွန်တော့်မိန်းမက ရောဂါ သက်သာအောင် ကျွန်တော့်ကို သူ့ရင်ခွင်ထဲမှာထည့်ပြီး ချော့ထားလေ့ရှိတယ်၊ အခုလဲ ဆေးဝါးမရှိ၊ ဆရာဝန်လဲ မရှိတော့...အဟမ်း...

[လေယာဉ်မယ်လေး ဘယ်လိုသဘောပေါက်သွားသည်လဲ မသိ၊ မျက်နှာလေးနီရဲသွားပြီး ချာခနဲဆို လှည့်ထွက်သွားလေတော့၏။]





## ဒေါ်ကြောင်

စာအလွန်ဖတ်သောသူတစ်ဦးသည် ဗဟုသုတနည်းသော မိတ်ဆွေတစ်ဦးနှင့် စကားလက်ဆုံကျရာ...

ထိုသူ။ ။ဝေဿန္တရာမင်းကြီးဟာ သမီးနဲ့သားကို ဘာဖြစ်လို့ ဇူဇကာပုဏ္ဏားကြီးဆီမှာ အလှူပေးလိုက်တာလဲ သိလား။

မိတ်ဆွေ။ ။ကုန်ဈေးနှုန်းကြီးလို့ ဖြစ်မှာပေါ့ဗျာ။

## ဈေး

လက်ဖက်ရည်ဆိုင်ထဲသို့ လူတစ်ယောက်ဝင်လာပြီး လှမ်းမှာလိုက်သည်။

ထိုသူ။ ။လက်ဖက်ရည်တစ်ဝက်။

စားပွဲထိုး။ ။တစ်ခွက်ဖြင့်လဲ တစ်ခွက်ပေါ့ဗျာ၊ ဘာဖြစ်လို့ တစ်ဝက်လို့ အော်ရတာလဲ။

ထိုသူ။ ။လက်ဖက်ရည်က ဈေးကြီးလို့ တစ်ဝက်ဖိုးပဲ တတ်နိုင်လို့ပါ။


www.burmeseclassic.com

www.burmeseclassic.com

## မှတ်သားလောက်ပါတယ်

ပထမလူ။ ။ငါ့မျက်စိက ဘယ်လောက်ကောင်းသလဲဆိုရင် ဟိုးမှာ လူတစ်ယောက်မြင်းစီးလာတာ အထီးလား အမလားဆိုတာ ငါ အတတ်ပြောနိုင်တယ်။

ဒုတိယလူ။ ။အေး...ငါက မင်းထက် မျက်စိပိုကောင်းတယ်၊ သူ စီးလာတာ အထီးကွ။

ပထမလူ။ ။မဟုတ်ဘူး၊ အမကွ။

[နှစ်ယောက် ငြင်းခုံနေကြသည်။ ထိုအခါ သူတို့နှင့် မနီးမဝေးမှ ဖြတ်သွားသော မြင်းနှင့်လူကို လှမ်းပြီး မေးလိုက်သည်။

ပထမလူ။ ။ဟေ့လူ၊ ခင်ဗျား၊ရဲ့မြင်းဟာ အမ မဟုတ်လား။

မြင်းနှင့်လူ။ ။အလို...ခင်ဗျားတို့ မှားနေကြပြီ၊ ကျွန်တော် စီးလာတာ မြင်းမဟုတ်ပါဘူး၊ နွားကြီးပါ။

## ရာထူး

အမျိုးသမီးတစ်ယောက်သည် သူမ၏ သူငယ်ချင်းအား တွေ့တွေ့ချင်း ဤသို့ အော်ငိုလိုက်လေ၏။

သူမ။ ။အမလေး သူငယ်ချင်းရဲ့၊ ငါတော့ ရာထူးတက် သွားပြီတော့။

သူငယ်ချင်း။ ။ရာထူးတက်သွားတာပဲကွယ်၊ ငိုစရာလား၊ ဝမ်းသာစရာပဲ မဟုတ်လား။

သူမ။ ။အလုပ်ရာထူး တက်သွားတာ မဟုတ်ဘူး၊ ငါ့ ယောကျ်ားမယားငယ်ယူသွားလို့ငါက နံပါတ် တစ် မယားကြီးအဆင့်ရောက်သွားလို့ပြောတာဟဲ့ဟီး...





## ဒါကြောင့်ပါ

ကြက်ပွဲများကိုကြည့်ရန် ဝါသနာပါသော ကျောင်းသား တစ်ဦးသည် ဆရာမ စာသင်နေစဉ် အခန်းထဲမှာ အိပ်ငိုက်နေ၏။ ဆရာမ ထိုကျောင်းသားကို–

ဆရာမ။ ။မောင်မောင်ထစမ်း၊ ဆဒ္ဒန်ဆင်မင်းဟာ ဘာဖြစ်လို့ သေသွားရတာလဲကွယ့်။

[မောင်မောင်သည် ချက်ချင်းမတ်တတ်ရပ်လိုက်ပြီး ကယောင်ကတမ်းဖြင့် ဖြေလိုက်သည်မှာ]

မောင်မောင်။ ။ကြက်–ကြက်ခွပ်လို့ပါ ဆရာမ။

BURMESE CLASSIC

## လိုက်မမီ

သူငယ်ချင်း။ ။ဟေ့ကောင်၊ မင်း မိုးပေါ်ကို ခြေဖျားထောက်ပြီး ဘာဖြစ်လို့ ခဏခဏကြည့်နေရတာလဲ၊ သက်ပြင်းလည်း ချလို့။

ထိုသူ။ ။လိုက်မမီတော့ဘူးကွာ။

သူငယ်ချင်း။ ။ဘာကိုလဲ။

ထိုသူ။ ။ကုန်ဈေးနှုန်းလေ၊ ရေးရေးတောင် မမြင်ရတော့ဘူး၊ သိကြားမင်း ပြသာဒ်ကိုတောင်ချိတ်နေပြီ။


www.burmeseclassic.com

www.burmeseclassic.com

## အကြောင်းသိ

အလုပ်မှ ပြန်လာသော လင်ယောကျ်ားကို ခါတိုင်းလို ဆက်ဆံပုံမျိုး မဟုတ်၊ လိုတာထက် ပို၍ မျက်နှာချိုသွေးနေသော ဇနီးသည်သည်–

ဇနီး။ ။မောင်–ရေအရင်ချိုးမှာလား၊ ထမင်းအရင်စားမှာလား ဟင်၊ ရေချိုးရင် ရေတစ်ခွက်လောက် သောက်ပြီးမှ ချိုးနော်၊ မောင် အပူရှပ်မှာစိုးလို့ သိလား၊ ပြီးတော့ ခင်လေ မောင် သိပ်ကြိုက်တတ်တဲ့ ငရုံ့အူဟင်းလဲ ချက်ထားတယ်၊ သိလား၊ ပြီးတော့...

မောင်။ ။မင်း သည်ကနေ့ ငါ့ကို ဆက်ဆံပုံက သိပ်ပြီး အရောဝင်နေလွန်းနေတယ်၊ထူးခြားတယ်၊ ကေန္တ မဟုတ်မှ လွဲရော ငါ့အကျႌကို မီးပူတိုက်တာ မီးကျွမ်းသွားပြီထင်တယ်။

## ထီ

သူငယ်ချင်း။ ။ဟေ့ကောင်၊ မင်း ထီပေါက်လို့ဆို၊ ဘာဖြစ်လို့ မှိုင်နေရတာလဲ။

ထိုသူ။ ။ငါ ပေါက်တာ အင်ထိကွ၊ အိမ်ကို ခေါ်လာပြီး ကျွေးစရာ ပိုက်ဆံမရှိလို့ မှိုင်နေတာကွ...ဟီး...





## ရှင်ဘုရင်

မောင်ခွေး။ ။ငါ့အဖေဟာ ဟိုတုန်းက ရှင်ဘုရင်ကြီးဖြစ်ခဲ့ဖူးတာ ပေါ့ကွာ။

မောင်ပု။ ။ဟာ...ဟုတ်လား၊ ဘယ်အချိန်တုန်းကလဲ။

မောင်ခွေး။ ။ဇာတ်ကတုန်းကလေ။

## လက်တွေ့သမား

မောင်ခွေးသည် လွန်စွာမှ ဓိဇာကြောင်သူဖြစ်သည်။

မောင်ခွေး။ ။ဟေ့ကောင် မောင်မှတ်၊ အတိတ်မေ့တယ်ဆိုတာ ဘာကို ခေါ်တာလဲကွ။

မောင်မှတ်။ ။ကိုယ့်ဘဝနောက်ကြောင်းကိုပြန်ပြီး သတိမရတာကို ပြောတာ၊ ဘဝမေ့သွားတာပေါ့ကွာ။

မောင်ခွေး။ ။ငါ မရှင်းပါဘူးကွာ၊ လက်တွေ့ကျကျမှ ငါက ယုံတာကွ။

မောင်မှတ်။ ။သြော်–မင်းက လက်တွေ့သမားကိုး၊ အေး–ဒါဆိုလဲ ငါ့မှာ တာဝန်ရှိလာပြီပေါ့ကွာ။

[မောင်မှတ်သည် မောင်ခွေး၏ခေါင်းကို တုတ်ဖြင့် ရိုက်ထည့်လိုက်သည်။ အားခနဲဆိုအော်ပြီး လဲကျကျသွား၏။ ပြန်၍ သတိရလာသောအခါ...]

မောင်မှတ်။ ။ဟေ့ကောင်၊ မင်း ဘယ်သူလဲ။

မောင်ခွေး။ ။ကျော်ဟိန်း။

မောင်မှတ်။ ။ငါကော ဘယ်သူလဲ။

မောင်ခွေး။ ။ပီချေး။

[မောင်ခွေး အတိတ်မေ့သွားခဲ့လေပြီ။]



www.burmeseclassic.com

www.burmeseclassic.com


## အိပ်မက်

မိမိနှင့်အတူ အိပ်ပျော်နေသော သူငယ်ချင်းတစ်ယောက်သည် အိပ်ရာထဲမှာ ရုတ်တရက်ထ,ပြီး အော်လိုက်ရာ...

သူငယ်ချင်း။ ။အား...ကယ်ကြပါဦး။

ထိုသူ။ ။ဟေ့ကောင်–ဟေ့ကောင်၊ ထ,စမ်း၊ မင်း ဘာဖြစ်တာလဲ။

[အိပ်ရာက လန့်နိုးလာပြီး–]

သူငယ်ချင်း။ ။ငါ ဗီဒီယို သရဲကားကြည့်ပြီး အိပ်မက်ဆိုးတွေမက်လို့ကွာ၊ မင်းသာ အချိန်မီ မနှိုးရင် ငါ့နောက်ကို လိုက်လာတဲ့ သရဲက ငါ့ကို မီလုနေပြီ၊ ကျေးဇူးပဲကွာ။

[တစ်ဖန် ပြန်၍ အိပ်ပျော်သွားကြပြန်သည်။]

သူငယ်ချင်း။ ။အား...ကျွတ်–ကျွတ်။

ထိုသူ။ ။ဟေ့ကောင်၊ ထ,ထစမ်း၊ အိပ်မက်ဆိုးတွေ မက်ပြန်ပြီလား။

သူငယ်ချင်း။ ။ဟာကွာ...အိပ်မက်ထဲမှာ ငါ့ချစ်သူက ငါ့ကို ချစ်စနိုးနဲ့ လက်မောင်းကို ဆွဲဆိတ်လိုက်တာ ငါတို့ အချစ်ကျီစယ်နေတုန်း မင်းက လာနှိုးတာကိုး၊ သည်တစ်ခါတော့ ကျေးဇူးမတင်ဘူးကွာ၊ စိတ်ဆိုးတယ်။



## ရှိတာပြောရရင်

ဆရာမ။ ။မောင်အောင် ဖြေစမ်း၊ မိုးနဲ့မြေကြီးကြားမှာ ဘာရှိသလဲ။

မောင်အောင်။ ။နဲ့ ရှိပါတယ် ဆရာမ။

[မိုး နှင့် မြေကြီးကြားတွင် လေရှိသည်ကို ဖြေစေလို၍ မေးခြင်းပင် ဖြစ်သည်။]

## ဗေဒင်ဆရာ

မိတ်ဆွေ။ ။မင်းဆီမှာ ဗေဒင် လာမေးကြတဲ့သူတွေက မင်းဟောတာကို သိပ်ပြီး သဘောကျတာပဲကွ၊ အဲဒါ ဘာဖြစ်လို့လဲ။

ဗေဒင်ဆရာ။ ။ငါက ဗေဒင် လာမေးကြသူတိုင်းကို နိုင်ငံခြားသွားရလိမ့်မယ်ချည်း ဟောဟောလွှတ်လိုက်တာကိုးကွ။


www.burmeseclassic.com

www.burmeseclassic.com

## ပဲနူးဝန်ထောက်

ရှေးက ကာလသား၊ ကာလသမီးများသည် စကားပြော ကြလျှင် စကားထာဝှက်ပြီး ပြောတတ်ကြသည်။ ဥပမာ–ကျွန်း တုံး ကြောင်လျှောက်၊ လွမ်းတုန်း မောင်ရောက်၊ လှေကား အောက်မှာ သစ်တိုသီး၊ ငါ ယယ်ယယ်တုန်းက စစ်ဗိုလ်ကြီး အစရှိဖြင့်ပေါ့။

တစ်နေ့ မောင်မောင်သည် သူငယ်ချင်းတစ်ယောက်နှင့် လက်ဖက်ရည်ဆိုင်မှာ အတူထိုင်ပြီး လက်ဖက်ရည်သောက်ကြ သည်။

အတန်ကြာ၍ လူချင်းခွဲကြသောအခါ မောင်မောင်လည်း သူငယ်ချင်း၏ရှေ့မှာ လှည့်ပြီး ထွက်သွားသောအခါ...

သူငယ်ချင်းက ဤသို့ အော်ပြောလိုက်လေ၏။

သူငယ်ချင်း။ ။ဟေ့ မောင်မောင်၊ ပဲနူးဝန်ထောက်ကွ။
မောင်မောင်။ ။ဟာ...အေးကွာ၊ ကျေးဇူးပဲ။

ဆိုပြီး ပုဆိုးကိုလှည့်၍ ချက်ချင်းဝတ်လိုက်လေ၏။ ပြီး တော့မှ လိုရာခရီးကို ဆက်၍ ထွက်ခွာသွားသည်။

အဓိပ္ပာယ်ကတော့ သူငယ်ချင်းက မောင်မောင့်ကို ပဲနူး ဝန်ထောက်ဟု ပြောလိုက်ချင်းမှာ ပုဆိုးဖင်ပေါက်နေခြင်းကြောင့် ပါတည်း။





## ကျွန်းလေးပေါ်မှာ

သင်္ဘောပျက်၍ လင်မယားနှစ်ယောက်သည် ဆယ်ပေ ပတ်လည်သာသာရှိ ကျွန်းကလေးတစ်ခုပေါ်မှာ သောင်တင်နေ ကြသည်။

တစ်ရက်တွင် ထိုလင်မယားနှစ်ယောက်သည် ကျွန်းပေါ် မှာ အကြောင်းတစ်ခုခုကြောင့် စကားများကြသည်။ ရန်ဖြစ် ကြသည်။

လင်ယောကျ်ား။ ။ဒါ–မင်းကြောင့် ဖြစ်တာ။
ဇနီး။ ။တော်ကြောင့် ဖြစ်တာ။

[ယောကျ်ားထက် မိန်းမက ပိုပြီးစွာသည်။ ပိုပြောသည်။နောက်ဆုံး နားညည်း၍ သည်း မခံနိုင်သည့်အဆုံးတွင် လင်ယောကျ်ားက ဇနီး ကို ပြောလိုက်သည့် စကားက...

ယောကျ်ား။ ။မင်း အခုချက်ချင်း ဆင်းသွား။

## ဖြစ်နိုင်ခဲ

ဝယ်သူ။ ။သည်ပစ္စည်းက ဘာဖြစ်လို့ ကုန်ဈေးနှုန်းတက်သွား ရတာလဲ၊ ရှင်းပြနိုင်မလား ခင်ဗျာ။
ရောင်းသူ။ ။ဟုတ်ကဲ့၊ ရှင်းပြနိုင်ပါတယ်ခင်ဗျာ၊ သူ–ကုန်ဈေး နှုန်း ဘာ့ကြောင့် တက်သွားရသလဲဆိုရင်...


www.burmeseclassic.com

www.burmeseclassic.com

[ရောင်းသူက ပစ္စည်း၏ဈေးနှုန်းတက်သွားရသည့် အကြောင်းကို ရှင်းပြပြီး–]

ဝယ်သူ။ ။ဒါဖြင့် သည်ပစ္စည်းကုန်ဈေးနှုန်းကျသွားရမယ့် အချိန်နဲ့ ဘာဖြစ်လို့ ကျသွားရသလဲဆိုတာကို ဘယ် အချိန်မှာ ရှင်းပြနိုင်မလဲ ခင်ဗျာ။

ရောင်းသူ။ ။အဲ...ကမ္ဘာလဆန်းတစ်ရက်နေ့လောက်ဆို ဖြစ်နိုင် မလားဘဲ။

## တစ်စုတည်း

ဦးထွေးသည် ဦးပွားအိမ်က ပစ္စည်းများကို ခဏခဏ ငှားယူတတ်သည်။ ငှားပြီး ပြန်ပေးဖို့ရန်လည်း အမြဲတမ်း မေ့လျော့နေတတ်ရာ တစ်နေ့တွင် ဦးပွားက...

ဦးပွား။ ။ဦးထွေးရေ–ကျွန်တော်ရဲ့ ကားပြင်ပစ္စည်းတင်တဲ့ ခုံ ကလေးကို ခင်ဗျားရဲ့ ကားဂိုဒေါင်ထဲကို ရွှေ့ထား လိုက်ရင် ကောင်းမယ်နဲ့တူတယ်။

ဦးထွေး။ ။ဘာဖြစ်လို့လဲဗျ။

ဦးပွား။ ။ဘာမှ မဖြစ်ပါဘူး၊ ကျုပ်ရဲ့ ပစ္စည်းအားလုံးလိုလို ခင်ဗျားဆီ ရောက်နေတယ် မဟုတ်လား၊ သည်ခုံ ကို ယူလိုက်ရင် တစ်စုတစ်စည်းတည်း ဖြစ်သွားအောင် လို့ပါ။





## ခုတော့ ယုံပြီ

ရွာမှ ဦးကြီးတစ်ယောက်သည် မြို့ရှိ တူမောင်တစ်ဦးဆီ သို့ အလည်ရောက်လာခဲ့သည်။

ဦးကြီး။ ။မင်းရဲ့အလုပ်က နေ့တိုင်းပဲ တိုးတက်နေတယ်ဆို။

တူမောင်။ ။ဟုတ်ကဲ့။

ဦးကြီး။ ။ငါ မယုံပါဘူးကွာ၊ လက်တွေ့ပြစမ်းပါ။

[တူဖြစ်သူက နောက်တစ်နေ့နံနက်မှာ အလုပ်သွား ရာကို ခေါ်သွား၏။ ဘတ်စ်ကားတိုးစီးသောအခါ မဆံ့မပြဲတင်သော စပယ်ယာကြောင့် အတင်းတိုးပြီး တက်ရသည်။ ကားပေါ်မှ ဆင်းတော့လည်း ကြပ် ကြပ်ညှပ်ညှပ်နှင့် တိုးပြီးဆင်းကြရသည်။ ဦးကြီးမှာ မောဟိုက်လွန်း၍ လျှာထွက်နေလေပြီ။]

တူမောင်။ ။ဘယ့်နှယ်လဲ ဦးကြီး။

ဦးကြီး။ ။ငါ...ငါ ယုံပါပြီကွာ၊ မင်းရဲ့အလုပ် နေ့တိုင်း တိုး– တိုးတက်နေတယ်ဆိုတာ...ဟော...ဟောဟဲ။


www.burmeseclassic.com

www.burmeseclassic.com

## ရှယ်တယ်ဆိုတာ

တောမှ ဦးကြီးတစ်ယောက်သည် မြို့ကို အလည်ရောက်လာ၏။ ဗိုက်ဆာသဖြင့် လက်ဖက်ရည်ဆိုင်သို့ဝင်ကာ ထိုင်၏။

ဦးကြီး။ ။အင်း…သာဂိတို့ မြို့က ပြန်လာကြတုန်းက လက်ဖက်ရည် ရှယ်သောက်ခဲ့တယ်လို့ ငါ့ကို လာပြီး ကပ်ကြွားနေတယ်၊ ရှယ်ဆိုတာ ဘာလဲသိရအောင် မှာကြည့်မှ၊ ဟေ့–ငါ့အတွက် ရှယ်လက်ဖက်ရည်တစ်ခွက်။

[မကြာမီ စားပွဲထိုးက လက်ဖက်ရည်တစ်ခွက် လာချပေး၏။ ဦးကြီးသည် ပန်းကန်ကိုကြည့်ပြီး ဒေါသနှင့် မည်သို့ ပြောလိုက်သနည်းဆိုလျှင်…]

ဦးကြီး။ ။ဟေ့–ငါမှာတာက ရှယ်လက်ဖက်ရည်ကွ၊ ဘာဖြစ်လို့ ဇွန်းတပ်ပေးရတာလဲ။

## တစ်မျိုးကြီးပဲ

တောရွာမှ သာဂိသည် မြို့မှ သူငယ်ချင်းတစ်ဦးက အလှူဒိတ်သဖြင့် အလှူအိမ်သို့ ရောက်လာခဲ့လေ၏။

ဘုန်းတော်ကြီးများကို ဆွမ်းကပ်ပြီးသောအခါ လူများကို ထမင်းကျွေးသည်။ စားပွဲပေါ်၌ လက်ဆေးရန် ဆပ်ပြာမွှေးခဲတစ်တုံးကို ပန်းကန်ပြားလေးထဲ ထည့်ထားသည်။

သာဂိ ထမင်းစားအပြီးတွင် လွှန်စွာမွှေးလှသော ထိုဆပ်ပြာတုံးလေးကိုကြည့်ပြီး…





သာဂိ။ ။အင်း…ဒါ ဘာလေးလဲ၊ မွှေးလိုက်တာ၊ မေးကြည့်ရင်လဲ ငါ သိပ်ပြီး ဗဟုသုတနည်းရာကျမယ်၊ ဒိန်ခဲတုံးလေးပဲ ဖြစ်မှာပါ။

[ဆိုပြီး ထိုဆပ်ပြာခဲလေးကို ကောက်ဝါးကာ မျိုချလိုက်လေ၏။]

[ထို့နောက် သူငယ်ချင်းဖြစ်သူက ရောက်လာပြီး]

သူငယ်ချင်း။ ။ထမင်းစားလို့ ကောင်းရဲ့လားကွ။

သာဂိ။ ။ထမင်းစားလို့တော့ ကောင်းပါရဲ့ကွာ၊ ဒါပေမယ့် ဟောဟို ပန်းကန်ထဲမှာထည့်ထားတဲ့ ဒိန်ခဲကတော့ အမြင်သာလှတာ၊ စားလို့ အရသာ သိပ်မတွေ့ဘူးကွ၊ ပါးစပ်ထဲမှာ ရှတတနဲ့၊ တစ်မျိုးကြီးပဲ။

သူငယ်ချင်း။ ။ဟေ…ဘုရားဘုရား။

## လက်ရာရှင်

ပန်းချီဆရာတစ်ဦးသည် ဆွဲလက်စ ပန်းချီကားကို ထားခဲ့ပြီး ကိစ္စပေါ်သဖြင့် အိမ်ခန်းထဲကို ဝင်သွား၏။ အနားမှာ ဆော့နေသော သုံးနှစ်သားအရွယ်ကလေးက ပန်းချီကားကို သူ၏ လက်ဝါးနှစ်ဖက်ဖြင့် ပွတ်သပ်ပစ်လိုက်သည်။ စုတ်တံဖြင့် ရောင်စုံဆေးများကို တို့ကာ ရေးချင်ရာရေးခြယ်ပစ်သည်။

ဖခင်ဖြစ်သူက ပြန်ထွက်လာသောအခါ ပန်းချီကား လက်ရာကို ဖျက်ဆီးပစ်နေသော သားအား တွေ့ရှိသွားခဲ့ရာ–

www.burmeseclassic.com

www.burmeseclassic.com

ဖခင်။ ။ဟော့ကောင်…မင်း…မင်း…ငါ့ပန်းချီကားကို…

[စကားမဆုံးမီမှာ အိမ်ထဲသို့ လူတစ်ယောက်က ဝင်လာပြီး ပန်းချီကားကို တွေ့သွားသောအခါ-]

ထိုသူ။ ။ဟာ-သိပ်ပြီးတော့ လက်ရာကောင်းတဲ့ ပန်းချီကားပါလား၊ အတွေးအခေါ် တော်တော်နက်ရှိုင်းတယ်၊ ပညာသား သိပ်ပါတယ်၊ ကျုပ် ဒေါ်လာတစ်ထောင်ပေးမယ်ဗျာ။

ဖခင်။ ။မဟုတ်သေးဘူးလေ၊ ကျွန်တော် ပြော-။

ထိုသူ။ ။နည်းလို့လား၊ သုံးထောင်ပေးမယ်ဗျာ၊ သုံးထောင်- [ဟု ဆိုပြီး ပန်းချီကားကို ဒေါ်လာသုံးထောင်ပေးကာ ဝယ်သွားခဲ့လေ၏။]

[ဖခင် ပန်းချီဆရာသည် မမျှော်လင့်မိသော အခြေအနေကြောင့် ဝမ်းမြောက်ဝမ်းသာဖြစ်သွားခဲ့သည်။ သားငယ်ကို ရောင်စုံဆေးများနှင့် စုတ်တံများကို အပ်ပြီး စကားတစ်ခွန်း ပြောလိုက်သည်မှာ--

ဖခင်။ ။ရော့-သည်နေ့ကစပြီး ဖေဖေ မင်းရဲ့တပည့်အဖြစ် ခံယူတော့မယ်ဟေ့၊ အားကိုးပါရစေကွာ-။ ဟူသတည်း။





## ရှင်းရှင်းမေးပါလား

ပေါလ်သည် ကွန်ပျူတာမှ ဗေဒင်ဟောသည်ဆိုသော စကားကို အယုံအကြည် လုံးဝမရှိ၊ ချစ်သူမေရီက ကွန်ပျူတာ ဗေဒင်သွားမေးမည်ဟု ပြောသောအခါ…

ပေါလ်။ ။မဖြစ်နိုင်ပါဘူးကွာ၊ ကွန်ပျူဟာဆိုတာ လူက လုပ်ထားတဲ့စက်ပစ္စည်းပါ၊ ဒါလောက်အထိ အသိဉာဏ်မရှိပါဘူး။

မေရီ။ ။ဒါဖြင့် ရှင် ကျွန်မကို ဘယ်လောက်ချစ်တယ်ဆိုတာ ကွန်ပျူတာကို ပြောပြလေ၊ မှန်ရင် သူက ကျွန်မကို သက်သေခံလိမ့်မယ်၊ မှန်ရင် ထောက်ခံချက်ပေးမှာပေါ့။

[ကွန်ပျူတာဗေဒင်ဆီရောက်သွားခဲ့ကြပြီး…]

ပေါလ်။ ။ကျွန်ပျူတာဗေဒင်ဆရာကြီးခင်ဗျာ၊ ကျွန်တော်ဟာ ကျွန်တော့်ချစ်သူကို ဘယ်လောက် ချစ်တယ် ဆိုတဲ့ အကြောင်းသိရင် ထောက်ခံပေးပါ။

[ထိုအခါ ကွန်ပျူတာမှ ချက်ချင်းပေါ်လာသော စာတမ်းလေးကြောင့် မေရီမှာ အကြီးအကျယ် ဒေါကန်သွားခဲ့ရလေသည်။]

မေရီ။ ။ဟင်…ရှင်…ရှင်…။

[ထိုပေါ်လာသော စာတမ်းလေးကတော့…]

ကွန်ပျူတာ။ ။ရှင်းရှင်းမေးပါ မိတ်ဆွေ၊ မေရီကိုလား၊ ရှီးဗီးကိုလား၊ ဘယ်ရည်းစားကို အချစ်ဆုံးလဲဆိုတာ…။



www.burmeseclassic.com

www.burmeseclassic.com


## တစ်ခါတည်းသာ ပြောလိုက်ပါ

အဆောင်မှူးသည် ကျောင်းသားတစ်ယောက်ကို အခန်းထဲသို့ ခေါ်လိုက်ပြီး...

အဆောင်မှူး။ ။မင်းကို ညက အမျိုးသမီး အဆောင်နားမှာ တွေ့ရတယ်၊ အဲ့သည်တော့ ဒဏ်ငွေရိုက်ရမယ်၊ ပထမအကြိမ်မို့ ဒဏ်ငွေငါးဆယ်၊ ဒုတိယအကြိမ် ဆိုရင်တော့ တစ်ရာ၊ အဲ...တတိယအကြိမ် ကျူး လွန်ရင်ကော၊ တစ်ရာ့ငါးဆယ်၊ ပြီးတော့...

ကျောင်းသား။ ။ဆရာကြီးခင်ဗျာ၊ သည်လိုသာ လျှောက်ပြော နေရင် အချိန်တွေ နှမြောလှပါတယ်၊ တစ်နှစ် စာ ဘယ်လောက်လဲ၊ တစ်ခါတည်းသာ ပြော လိုက်ပါတော့။

## ပေါ်မှပေါ်

နယ်ဘက်သို့သွားနေသော ကားတစ်စီး လမ်းတွင် ခဏ ရပ်တန့်၍ ယာဉ်မောင်းက ကားပေါ်မှနေ၍ လူတစ်ယောက် အား လှမ်း၍ မေးသည်။

ထိုသူ။ ။ရှေ့နားမှာ ကွေ့လေးတစ်ခုရှိတယ်။

ယာဉ်မောင်း။ ။ဟုတ်ကဲ့။

ထိုသူ။ ။အဲ့သည်ကွေ့အလွန်မှာ ချောက်ကြီးတစ်ခု တွေ့ လိမ့်မယ်၊ ချောက်ထဲမှာ ကားပစ္စည်းတွေ ပေါ် ပေါပဲဗျို့။

ယာဉ်မောင်း။ ။ဗျာ။



## သံ

ထိုသူ။ ။သံချောင်း ရထားကြိတ်လို့ကွာ။

သူငယ်ချင်း။ ။ဟင်...ဟုတ်လား၊ ဖြစ်မှဖြစ်ရလေကွာ၊ မနေ့ ညနေကပဲ ငါနဲ့ စကားပြောလိုက်ရသေးတယ်၊ တစ်ခါတည်း ပွဲချင်းပြီးပဲလားကွာ။

ထိုသူ။ ။ဟာ..ဘာတွေလျှောက်ပြောနေတာလဲ၊ ရထား ကြိတ်သွားတဲ့ သံချောင်းက အိမ်ရိုက်သံ။

## အလုပ်ရှုပ်နေလို့

ရည်းစားနှင့်အတူ ရုပ်ရှင်သွားကြည့်ခဲ့သော မောင်မွေးက မောင်ခွေးကို ကြွားသည်။

မောင်မွေး။ ။မနေ့က ငါ့ရည်းစားနဲ့ မင်္ဂလာအဆင့်မြင့်ရုံကြီး မှာ ရုပ်ရှင်တစ်ပွဲ ကြည့်ခဲ့တယ်ကွ။

မောင်ခွေး။ ။ဟုတ်လား၊ အဲသည်ရုံမှာပြနေတဲ့ ဇာတ်ကားက သိပ်ကောင်းတယ်တဲ့၊ ဒါနဲ့ ဇာတ်လမ်းက ဘယ် လိုလဲ။

မောင်မွေး။ ။ဟေ...မင်း ပြောမှ ငါ သတိရတယ်၊ ရုပ်ရှင်သာ ပြီးသွားတယ်၊ ဘယ်လိုဇာတ်လမ်းလဲဆိုတာ လုံးဝ မသိလိုက်ဘူးကွ။


www.burmeseclassic.com

www.burmeseclassic.com

## ဆိုးချက်က

မင်္ဂလာဆောင်ခံပွဲတစ်ခုတွင် မိန်းကလေးတစ်ယောက်က သီချင်းဆို၍ ဖျော်ဖြေနေသည်။

မိတ်ဆွေ။ ။တော်တော့်ကို အသံကောင်းတဲ့မိန်းကလေးပဲဗျာ၊ တော်တော့်ကို သည်းခံပြီး နားထောင်ရမှာပဲ။

ထိုသူ။ ။အဲ့ဒါ ကျွန်တော့်ရဲ့သမီးလေ။
[အားနာစွာဖြင့်...]

မိတ်ဆွေ။ ။ဟုတ်လား၊ ဟင်...အဲ... ကျွန်တော့် ခံစားချက်က ခေတ်မမီလို့ တုံးလို့ပဲ ဖြစ်မှာပါ၊ တစ်ချက်က သီချင်းစာသားက မကောင်းတာ အမှန်ပဲ၊ အဲ့ဒါက ဖျက်နေသလားလို့။

ထိုသူ။ ။အဲ့သည်သီချင်းကို ကျွန်တော်စပ်တာဗျ။

## မှတ်ထား

သူတစ်ပါးအား နှိမ်တတ်သောလူတစ်ယောက်ရှိသည်။ ရပ်ကွက်ထဲမှ လူတစ်ယောက်သည် ထိုသူ့ကို ဘယ်လို သင်ခန်းစာပေးရမလဲဟု အမြဲပဲ စဉ်းစားနေမိရာ...

ထိုသူ။ ။အကြံရပြီ၊ သူ ရေးတဲ့ ကဗျာကို ငါလက်ရေးနဲ့ ကူးရေးပြီး ကောင်းမကောင်း သူ့ကို ဝေဖန်ခိုင်းကြည့်မယ်၊ သူကတော့ ဘယ်တော့မှ အကောင်း ပြောမှာ မဟုတ်ဘူး။





ကဗျာဆရာ။ ။ဟော့–ဘာလဲကွ၊ ဘာကိစ္စလဲ။

ထိုသူ။ ။ဟောသည် ကဗျာလေး ဖတ်ခိုင်းချင်လို့ပါဆရာ၊ ပြီးတော့ ဆရာ ဝေဖန်ချက်လေး...။

[ဖတ်ကြည့်လိုက်သောအခါ မည်သို့ ပြန်ပြောလိုက်သလဲဆိုသော်...]

ဆရာ။ ။အင်း...ကဗျာကတော့ သိပ်ကောင်း၊ ဂန္ထဝင်မြောက်လောက်ပါပေတယ်၊ အဲ–လက်ရေးကတော့ အလွန့်အလွန်ညံ့သကွ။

## ပြော...

သူငယ်ချင်းနှစ်ယောက်၏အနားမှ လူတစ်ယောက်က ဖြတ်လျှောက်သွားသည်။

မောင်ဝင်း။ ။အဲ့ဟိုလူဟာ အမ်ဘီဘီအက်စ်ကွ။

မောင်သင်း။ ။ဟာကွာ၊ မဖြစ်နိုင်တာ၊ သူ့ပုံပန်းကြီးနဲ့၊ သူ့.. ဆရာဝန် မဟုတ်ဘူးဆိုတာ ငါ သိတယ်။

မောင်ဝင်း။ ။ဟ့ကောင်ရ၊ ငါ ပြောတဲ့ အမ်ဘီဘီအက်စ်ဆိုတာ မြန်မာဗုဒ္ဓဘာသာ ဗိန္ဓောဆရာကို ပြောတာကွ။


www.burmeseclassic.com

www.burmeseclassic.com

## အားနည်းချက်

ရဲတစ်ယောက်သည် လူဆိုးကို ဖမ်းမိသွားသည်နှင့် လက်ထိတ်ခတ်လိုက်ရာ...

လူဆိုး။ ။ကျွန်တော် ရုပ်ဖျက်ထားတာကို ဆရာက ဘယ်လို မှတ်မိသွားတာလဲဗျာ။

ရဲ။ ။မင်းက ဆံပင်တုတပ်ထားတယ်၊ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေး ထားတယ်၊ ဒါပေမယ့် မျက်ကြောလိုက်နေတာကိုတော့ မင်း ဖုံးကွယ်လို့ မရဘူးလေ။

## တူလွန်းလို့ပါ

သားအဖနှစ်ယောက် အတူတူလမ်းလျှောက်လာကြသည်။ သူတို့ရှေ့မှာလည်း မိန်းမဝဝကြီးတစ်ယောက်က လမ်းလျှောက်သွားနေသည်။

ဖခင်။ ။ဟို...မိန်းမကြီးကလဲကွာ...။

[ဖခင်က တစ်ခုခုကိုပြောတော့မည်မို့ သမီးက...]

သမီး။ ။ဖေဖေ...အဲဒါ မေမေလေ...။

[တကယ်ပဲ မိမိဇနီးမှန်း မမှတ်မိဘဲဖြစ်သွား၏။ စကားကို မည်သို့ ပြန်ပြင်ပြီး ပြောလိုသလဲဆိုသော်...]

ဖခင်။ ။ဖေဖေ သိပါတယ်ကွ၊ သူ လမ်းလျှောက်တာက ရုပ်ရှင်မင်းသမီးကြီး တင်တင်မူနဲ့ တူလွန်းလို့ ကြည့်ကောင်းကောင်းနဲ့ ကြည့်နေမိတာလေ။





## ခေါ်ရာ

ဇနီး။ ။ခန္ဓာကိုယ်သေးသွယ်တဲ့မိန်းကလေးတွေကို ငါးရံ့ကိုယ်လုံးလေးတဲ့၊ ခါးသေးပြီး ရင်ချီတဲ့မိန်းကလေးတွေကို ဂစ်တာရှိပ်ပ်တဲ့၊ ကျွန်မလို ဝတဲ့လူဆိုရင် ဘယ်လိုခေါ်သလဲ။

ယောကျ်ား။ ။ဝက်ပုပ်ရှိပ်ပ်ပေါ့ကွာ။

## ဆေး

အမျိုးသမီးသူငယ်ချင်းနှစ်ယောက် ဆုံမိကြရာ...

ပင်န်စီ။ ။ဟယ်...မေရီ၊ ဒါလောက်ဝတဲ့ ခန္ဓာကိုယ်က ခုလို သေးသေးသွယ်သွယ်လေးဖြစ်သွားတယ်၊ အံ့အားသင့်စရာပဲ၊ ကြည့်လို့လဲလှသွားတယ်၊ ငါလဲ ပိန်ချင်လိုက်တာဟယ်၊ နည်းလမ်းလေးဘာလေးပေးပါဦး၊ ဘာဆေးစားလိုက်လို့လဲ ဟင်။

မေရီ။ ။ငါ့ယောကျ်ား မယားငယ်ယူတယ်ဆိုတဲ့သတင်းလဲ ကြားလိုက်ရော အဲသလို ဖြစ်သွားတာပဲ သူငယ်ချင်း။

www.burmeseclassic.com

www.burmeseclassic.com

## ဒါကြောင့်ပါ

ခြေဆော့လက်ဆော့နှင့် အငြိမ်မနေတတ်သော ချစ်သူ ရည်းစားက ကက်သလင်းကို ဆိတ်ငြိမ်ရာမှာ တွေ့ချင်သည်ဟု ချိန်းသောအခါ…

ကက်သရင်း။ ။ရှင်–ကျွန်မ ဘာပဲလုပ်လုပ် သည်းခံမယ် ဆိုရင်တော့ ရှင် ချိန်းတဲ့နေရာ တွေ့မယ် လေ။

[အဓိပ္ပာယ်တစ်မျိုးပေါက်သွား၏။ ပြုံးပြုံး ကြီးဖြင့်…]

ချစ်သူယောကျ်ား။ ။ရ…ရပါတယ်ကွယ်၊ မင်း သဘော။

[ပန်းခြံထဲသို့ရောက်သွားသောအခါ…]

ကက်သလင်း။ ။ကဲ–မျက်စိပိတ်ထား။

[ထိုသူက မျက်ခွံတွေကို ပိတ်ထားလိုက် သည်။]

ချစ်သူ။ ။ဒါ…ဒါ…ဘာလုပ်တာလဲ။

ကက်သလင်း။ ။ရှင့်လက်တွေ အငြိမ်မနေနိုင်လွန်းလို့ပါ [illegible] သည်လိုပဲ လုပ်လိုက်ရတာလေ။

[ထိုသူ့ကို လက်ထိတ်ခတ်ပြီး ပါးစပ်[illegible] လည်း ပလာစတာကြီးဖြင့် ပိတ်ပစ်လို[illegible] လေသည်။]





## နံပါတ်ဘယ်လောက်လဲ

ချစ်သူနှစ်ဦး ချိန်းတွေ့ကြစဉ် မာတင်က မာဂရက်ကို မေးသည်။

မာတင်။ ။မင်း ငါ့ကို သိပ်ချစ်တယ် မဟုတ်လား မာဂရက်၊ ငါ မင်းကို စွန့်လွှတ်သွားရင် ဝမ်းနည်းကြေကွဲပြီး ကျန်ရစ်ခဲ့မှာပဲ မဟုတ်လား။

မာဂရက်။ ။အင်း…သည်လိုမေးခွန်းမျိုး ဘယ်တုန်းက ကြားဖူး ခဲ့ပါလိမ့်၊ သိပြီ၊သိပြီ၊ ဟိုလူ ပီတာလေ၊ သူ ပြော ခဲ့တဲ့ စကားပေါ့၊ သူက နံပါတ်ဘယ်လောက်ပါလိမ့်၊ အဲ…ဆယ့်ခြောက်ယောက်မြောက်…။

## လူတုံး

ဟယ်လင်သည် ရည်းစားများသည်။ ရည်းစားသုံးယောက် ကို တစ်နေ့တည်းမှာ နာရီပြောင်းပြီး ချိန်းတွေ့သည်။ ယခု ဂျွန်နှင့် တွေ့နေစဉ်…

ဟယ်လင်။ ။ဟယ်…အခုမှ သတိရတယ်၊ မာမီအရေးတကြီး နိုင်းထားတဲ့ကိစ္စရှိတယ်၊ မသွားမဖြစ်ဘူး။

ဂျွန်။ ။ဟယ်လင်ကလဲကွာ၊တွေ့လို့ကဖြင့် အားမရသေး ဘူး။

ဟယ်လင်။ ။သိပ်ကို အရေးကြီးနေလို့ပါကွာ၊ ခဏလေး၊ တား တာ…။



www.burmeseclassic.com

www.burmeseclassic.com

[ဟယ်လင် ဂျွန့်ကိုထားခဲ့ပြီးထွက်သွားသည်။ ပန်းခြံတစ်နေရာတွင် ဟင်နရီနှင့် ချိန်းတွေ့သည်။]

[ဟယ်လင် နာရီကို ကြည့်လိုက်သည်။ သူမ ချိန်းထားသူ တစ်ယောက်ရှိသေးသည်မဟုတ်ပါလား]

ဟယ်လင်။ ။မာမီနိုင်းထားတဲ့ကိစ္စရှိနေလို့ ဟင်နရီ၊ ဟယ်လင် မေ့နေလို့၊ အခုချက်ချင်းသွားမှ ဖြစ်မယ်။

[နေရာမှ ထ,လိုက်သော ဟယ်လင်ကို ဟင်နရီက လက်ဆွဲထားလိုက်ပြီး...]

ဟင်နရီ။ ။သိပ် မလောပါနဲ့ကွာ၊ ငါ့ကို ပေါလ်က မှာလိုက်တယ်၊ သူ သည်နေ့အချိန်ပိုဆင်းရမှာမို့ မလာနိုင်ဘူးတဲ့၊မင်းကို ပြောဖြစ်အောင်ပြောလိုက်ပါဆိုလို့

## ကန်ထရိုက်

အနားမှ ဖြတ်လျှောက်သွားသောလူတစ်ယောက်ကို—

မောင်ဖြိုး။ ။ဟိုလူပေါ့၊ မိန်းကလေးတွေကို မျက်ရည်ကန်ထရိုက် ပေးနေတာကွ။

မောင်မိုး။ ။ဘာလဲကွ၊ မျက်ရည်ကန်ထရိုက်ပေးတယ်ဆိုတာ

မောင်ဖြိုး။ ။သည်လိုကွာ၊ သူက မိန်းကလေးတွေကို လိုက်ချစ်ပြီးရင် ပစ်ပြေးရော၊ အဲ့သည်တော့ မိန်းကလေးတွေဟာ မျက်ရည်နဲ့မျက်ခွက် ကျန်ရစ်ခဲ့ကြတာ ပြောတာ။





## ခံနိုင်ရည်

မိတ်ဆွေ။ ။ခင်ဗျားဆောက်ထားတဲ့ ဆယ်ထပ်တိုက်ကြီးက ဘယ်လောက်အထိ ခံမှာလဲဗျ။

ကန်ထရိုက်။ ။မပြီးခင်အထိပေါ့ဗျာ။

## ဘယ်သူ အရင်ရောက်

ဆရာမသည် ကျောင်းသားလေးတစ်ယောက်ကို ဤသို့မေး၏။

ဆရာမ။ ။သံချောင်း၊ လပေါ်ကို ဘယ်သူအရင်ရောက်သလဲကွယ့်။

သံချောင်း။ ။အမေရိကန်ပါ။

ဆရာမ။ ။ဂျာရစ်၊ လပေါ်ကို အမေရိကန်တွေ အရင်ရောက်တယ်ဆိုတာ မှန်သလား။

ဂျာရစ်။ ။မမှန်ပါဘူး၊ သူ့ထက် အရင်ရောက်နေတဲ့သူတွေ ရှိပါတယ်။

[ဆရာမ အံ့အားသင့်စွာဖြင့်–]

ဆရာမ။ ။ဟော–မင်း ပြောမှပဲ သိရတယ်၊ ဒါဖြင့် ဘယ်သူတွေများလဲကွယ်၊ ဆရာမကို ပြောပြပါဦး။

ဂျာရစ်။ ။ဆန်ဖွပ်နေတဲ့အဘိုးအိုနဲ့ ယုန်ကလေးပါ ဆရာမ။


www.burmeseclassic.com

www.burmeseclassic.com

## မလျှော့သေး

လူနှစ်ယောက်နှင့် မလှမ်းမကမ်းမှ အမျိုးသမီးတစ်ယောက်သည် လမ်းလျှောက်သွားခဲ့လေရာ—

သူငယ်ချင်း။ ။အဲ့သည်အမျိုးသမီးပေါ့၊ သူယူလိုက်တဲ့ယောကျ်ား မှန်သမျှ သူ့ကိုပစ်ပြီး ပြေးသွားကြလို့ စိတ်ဓာတ် အတော်ကျနေတယ်ကွ။

ထိုသူ။ ။ဟုတ်လား၊ ဒါဆို သူ အိမ်ထောင်ရေးကို အတော် စိတ်ကုန်သွားပုံရတယ်၊ အခု သူ သွားနေတာ သီလရှင်တွေနေတဲ့ ကျောင်းကိုပဲ၊ လောကကြီး ကို စိတ်ကုန်သွားပြီး သီလရှင်ဝတ်တော့မလို့ ထင် ပါရဲ့။

သူငယ်ချင်း။ ။မဟုတ်ဘူး၊ မင်း ထင်တာ မှားနေပြီ၊ တရား ရုံးကိုလက်ထပ်ဖို့သွားတာ၊အခု ယူမယ့် ယောကျ်ား ကသူ့အသက်တစ်ဝက်လောက်ကို ငယ်တယ်လေ။

## လက်နှုတ်

သူငယ်ချင်း။ ။မိန်းကလေးတွေရဲ့လက်နက်ဟာ မျက်ရည်ဆိုရင် ယောကျ်ားတွေရဲ့လက်နက်ကကော။

မောင်ကံ။ ။အဲ့သည် မျက်ရည်ကိုသုတ်ပေးပြီး မိန်းကလေး တွေရဲ့ အသည်းနှလုံး ပျော့ဆင်းသွားအောင်လို့ ကူလီကူမာပြောပြီး ချော့တဲ့ အတတ်ပညာလေ။





## သိချင်

ရေကူးကန်တစ်ခုကိုရောက်လာသော လူတစ်ယောက်သည် ကန်တစ်ကန်က ရေအပြည့်ရှိပြီး ရေလုံးဝမရှိသော ကန် တစ်ကန်၊ ထိုကန်နှစ်ကန်ကိုတွေ့ရာ—

ထိုသူ။ ။မသိလို့ မေးပါရစေခင်ဗျာ။

ကန်စောင့်။ ။ဟုတ်ကဲ့၊ မေးနိုင်ပါတယ်ခင်ဗျာ။

ထိုသူ။ ။သည်ဘက်ကန်က ရေအပြည့်ရှိပြီး ဟိုဘက်ကန် က ရေအလျှင်းမရှိတာ ဘာ့ကြောင့်ပါလဲ ခင်ဗျာ။

ကန်စောင့်။ ။သြော်—ဒါလား၊ ရေအပြည့်ရှိတဲ့ကန်က ရေကူး တတ်သူတွေအတွက်၊ ရေလုံးဝမရှိတဲ့ကန်က ရေ လုံးဝမကူးတတ်သူတွေအတွက်လေ။

## အားပေးချက်

အဆိုကျော်တစ်ယောက်သည် သီချင်းတစ်ပုဒ်ကို အားပါး တရ သီဆိုဖျော်ဖြေပြီးသွားသောအခါ—

အဆိုကျော်။ ။လူတွေဟာ ကျွန်တော် သီချင်းသီဆိုပြီးသွားတဲ့ အခါ လက်ခုပ်လဲ မတီးကြဘူး၊ အော်ဟစ်ပြီးလဲ အားမပေးကြဘူးဗျာ၊ ဘာဖြစ်လို့ပါလိမ့်၊ သီချင်း ရဲ့ အရသာကို မခံစားမိကြလို့လား။

[နံဘေးမှ လူတစ်ယောက်က မည်သို့ပြောလိုက် သလဲ ဆိုလျှင်—]

ထိုသူ။ ။အဲ့သည်လူတွေက မင်း သီချင်းစပြီးဆိုတဲ့အချိန် က စ,ပြီး နားထဲကို ဂွမ်းတွေဆို့ထားကြတာကိုး။



www.burmeseclassic.com

www.burmeseclassic.com

## ခဏလေးစောင့်ပါ

အဆိုကျော်။ ။အခုအချိန်ကစပြီး ပရိသတ်များအတွက် သီချင်း တစ်ပုဒ်ကို ကျွန်တော် သီဆိုဖျော်ဖြေပါတော့မယ်ခင်ဗျာ။

[လူတစ်ယောက်က ကပျာကသီပြေးလာပြီး-]

ထိုသူ။ ။ခ-ခဏလေးစောင့်ပါဦး၊ ကြိုတင်ပြင်ဆင်စရာလေးတွေ ရှိလို့ပါ။

အဆိုကျော်။ ။အသံကိုကြိုက်လို့ အသံသွင်းထားချင်လို့လား။

ထိုသူ။ ။ဟင့်အင်း-နားထောင်မယ့်သူတွေကို ဂွမ်းတွေ လိုက်ပြီး မဝေရသေးလို့။

## အရင်ပြောပါ

ဟောပြောပွဲတစ်ခုတွင် အခမ်းအနားမှူးက အစီအစဉ်များကို ကြေညာသွားသည်။ ဟောပြောရန်ပုဂ္ဂိုလ်သည် စင်မြင့်ပေါ်ကို တက်လာ၏။ သူ ဟောပြောရမည့်ကိစ္စကို စိတ်စောပြီး မေ့သွားနဲ့လေရာ-

ဟောပြောသူ။ ။အဲ-ကျွန်တော် ဘယ်ကစပြီး ပြောရမှန်းတောင် မသိတော့ပါဘူးခင်ဗျာ။

ထိုသူ။ ။ဘယ်ကစပြီး ပြောရမှန်းမသိရင် နိဂုံးချုပ်ကို အရင်ပြောပါခင်ဗျာ။





## အပြောနဲ့အလုပ်

ကိုနုံ ဆိုသော လူတစ်ယောက်ရှိ၏။ နံရံမက အ,လည်း အ,သေး၏။ ထို့ကြောင့် လူတကာ အထင်သေးခံရသည်။ သူ့အစား မခံချင်သော လူကြီးတစ်ယောက်က-

လူကြီး။ ။သူများ အထင်မသေးအောင် အားပါးတရ ကြိုးစား ပြလိုက်စမ်းပါကွာ။

ကိုနုံ။ ။စိတ်ချဦး၊ လူတွေ ဒါလောက်တောင် အထင်သေးလှတာ၊ ကျွန်တော် ဘာကောင်လဲဆိုတာ သိရမယ်။

[ထိုလူကြီးသည် ကိုနုံတစ်ယောက် သူ ခိုင်းသည့်အတိုင်း လုပ်မလုပ် သွားကြည့်သောအခါ ကိုနုံအား-နားရင်းပိတ် ရိုက်ချင်လောက်အောင် ဒေါသ ထွက်သွားခဲ့လေ၏။]

လူကြီး။ ။သည်ကောင်၊ တယ်လေ-ငါ၊ သေလိုက်ပါတော့ဟာ။

[ထိုလူကြီး မြင်တွေ့လိုက်ရသည်ကတော့ ကိုနုံသည် အိမ်ကပျင်တွင်ထိုင်ကာ ဂုန်နီကြီးတွေကို အားပါးတရ ကြိုးကြိုးစားစား ဝါးပြနေသောကြောင့်ပါတည်း-။]

www.burmeseclassic.com

www.burmeseclassic.com

## ဆေးနည်း

ရုံးထဲတွင် အမျိုးသမီးတစ်ယောက်သည် အလုပ်လုပ်နေရင်း ရုတ်တရက် မူးဝေပြီး လဲကျသွားသည်။ လုပ်ဖော်ကိုင်ဖက်များက သူမ သတိရလာစေရန် အမျိုးမျိုးဝိုင်းပြီး ပြုစုကြသော်လည်း သတိမရခဲ့။

ဖနီး၏သတင်းကို ကြားလိုက်ရသော ယောကျ်ားဖြစ်သူက တစ်ဖက်ခန်းမှ ပြေးလာခဲ့ပြီး–

ခင်ပွန်း။ ။ခဏကလေး၊ သူ သတိရလာအောင် ကျွန်တော်ပဲ တတ်နိုင်တယ်။

[လူတွေက ထိုသူ မည်သို့ပြုစုမှာလဲဟု စောင့်ကြည့်ကြသည်။]

[ထိုသူ ပြုစုလိုက်သောအခါ အမျိုးသမီးသည် အင်း–ဟူသော အသံဖြင့် ချက်ချင်းသတိရသွား၏။ မည်သို့မည်ပုံ ပြုစုလိုက်ပါသလဲ၊ ငွေစက္ကူအချပ်ကြီးကြီးကို နှာခေါင်းနှင့်မျက်နှာ နီးနိုင်သမျှနီးအောင် ကပ်ပြီး ယပ်ခတ်ပေးလိုက်သောကြောင့်ပါ။]





## ဆွဲ

သူငယ်ချင်းနှစ်ယောက် ရပ်နေစဉ် မလှမ်းမကမ်းမှ လူတစ်ယောက် ဖြတ်သွားရာ–

ထိုသူ။ ။အဲ့သည်လူက ကာတွန်းဆရာကွ၊ နာမည်လေး ရလာတော့ အတော်ဆွဲရတယ်ကွာ။

သူငယ်ချင်း။ ။ဟုတ်လား၊ သူ ကာတွန်းတွေ တော်တော်ဆွဲရတယ်ပေါ့။

ထိုသူ။ ။ဟုတ်တယ်၊ သူ နေ့တိုင်းဆွဲနေတာ၊ ငါ မြင်ရတယ်၊ ရေပုံးနှစ်ပုံးနဲ့ သူ နေတဲ့ရပ်ကွက်က ရေသိပ်ရှားတယ်လေ။

## မိုးရိပ်မိတယ်

အရက်အမူးလွန်ပြီး ဒယိမ်းဒယိုင်ဖြင့် လျှောက်လာသော လူတစ်ယောက်၊ သူ့ကိုဖြတ်ကျော်ပြီး အမျိုးသမီးတစ်ဦးက လမ်းလျှောက်သွားသည်။ ထိုအမျိုးသမီး၏ ထဘီဆင်သည် အရက်ပုလင်းပုံများ ပါရှိသည်။

ထိုသူ၏မျက်လုံးများက အမျိုးသမီးဝတ်ထားသော ထဘီဆင်ဆီကို ရောက်သွားပြီး မည်သို့ ပြောလိုက်သနည်းဆိုသော်–

ထိုသူ။ ။ဖြည်းဖြည်းသွားပါ မိန်းမရာ၊ ပုလင်းထဲကအရက်တွေ ဖိတ်ကုန်ပါဦးမယ်။

ဟူသတည်း။



www.burmeseclassic.com

www.burmeseclassic.com

## စိုးရိမ်စိတ်

ဦးဖြိုး။ ။ပြီးခဲ့တဲ့နှစ်ဦးပိုင်းကစပြီး ကျုပ်ဟာ စိုးရိမ်စိတ်ကြောင့် ကျန်းမာရေး ကျဆင်းလာခဲ့တယ်ဗျာ။

ဦးတိုး။ ။ဘာအတွက် ခင်ဗျား စိုးရိမ်ကြောင့်ကြပြီး သောက ရောက်ခဲ့ရတာလဲ။

ဦးဖြိုး။ ။ကျုပ် ကျန်းမာရေးအတွက် စိုးရိမ်မိခဲ့တာပါပဲ။

## ဆရာဝန်လည်း

ဆရာဝန်သည် မျက်နှာရှုံ့မဲ့ကာ အပြင်သို့ထွက်မည်ပြုရာ–

ဇနီး။ ။ဒါက ဘယ်ကို သွားဦးမလို့လဲ။

ဆရာဝန်။ ။အကြောညှပ်နေလို့ကွာ၊ အနှိပ်သွားခံမလို့။

## မှတ်ထား

လူဆိုး။ ။ဟေ့ကောင် လက်မြှောက်လိုက်စမ်း။

ထိုသူ။ ။လက်မြှောက်လို့ မရလို့ပါဗျာ။

လူဆိုး။ ။မြှောက်ဆိုမြှောက်ကွာ၊ လျှာမရှည်နဲ့။

[ထိုသူက လက်နှစ်ဖက်စလုံးကို မြှောက်လိုက်သည်။ ထိုအခါ သူကိုင်ထားသော ဘောင်းဘီသည် လွတ်ကျ သွားခဲ့လေ၏။ အောက်မှာ အပုံလိုက်။]

ထိုသူ။ ။ကျုပ် မပြောလား၊ လက်မြှောက်လို့ မရပါဘူးလို့၊ ဘောင်းဘီက ချောင်နေတာ၊ ခါးပတ်မှ မရှိတာ။



## ရောဂါ မဟုတ်တဲ့ ရောဂါ

လူနာ။ ။ဆရာ၊ ကျွန်မ အရင်ကလို မဟုတ်ဘူး၊ ရင်ထဲမှာ သိပ်တင်းကျပ်နေပြီး အသက်ရှူလို့ မဝဘူး၊ မောလည်း မောတယ်၊ ကြည့်ပေးပါဦး ဆရာ။

[သေချာစွာ စမ်းသပ်စစ်ဆေးပြီး...

ဒေါက်တာ။ ။ခင်ဗျားမှာ ဘာရောဂါမှ မရှိပါဘူး၊ အဲ...အင်္ကျီ တင်းကျပ်ကျပ်မဝတ်ဇါနဲ့၊ အသက်ရှူမဝတာ အဲ့ဒါကြောင့်...

[လူနာအမျိုးသမီးသည် မိမိဝတ်ထားသည်ကို ပြန်ငုံ့ကြည့်ပြီး...]

လူနာ။ ။ဟာ...ဟုတ်ပါရဲ့ ဆရာရယ်၊ ဆောရီးပဲနော်၊ အဟင်း...ဟင်း...။

## အမေးနဲ့အဖြေ

ရဲသား။ ။ဥပမာဗျာ၊ လူဆိုးက ခင်ဗျားကို အကြမ်းပတမ်း ဆက်ဆံပြီး ဘလက်ကာယပြုလုပ်ဖို့ ကြံစည်ပြီ ဆိုပါစို့၊ အဲ့သည်အချိန်မှာ ခင်ဗျားက လူဆိုးကို ဘယ်လိုဆက်ဆံမလဲ။

အမျိုးသမီး။ ။ဟင်းနော်၊ အရမ်းအရမ်းမလုပ်နဲ့၊ ကျွန်မ စိတ်ဆိုးလိုက်မှာ နော်လို့ ပြန်ပြောလိုက်မှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com

## သူ့နေရာနှင့်သူ

ကာရာတေးပြိုင်ပွဲတစ်ခုတွင် လူတစ်ယောက်သည် အုတ်ခဲတွေကို လက်ဝါးစောင်းဖြင့် ခွဲပြ၏။ အုတ်ချပ်တွေကို ခြေစောင်းဖြင့် ပစ်ကန်ကာ ချိုးပြ၏။ ရေခဲတုံးကြီးကို နဖူးဖြင့် ပစ်ရိုက်ကာ အစိတ်စိတ်အမြွှာမြွှာကြေသွားအောင် ပြသ၏။

ပြကွက်ပြီးဆုံးသည်အထိ လက်ခုပ်သြဘာသံတွေက တစ်ချိန်လုံး တဖြောင်းဖြောင်းနှင့် ညံနေသည်။

လူသန်ကြီးအဖြစ်အကောင်းဆုံးဆုကိုလည်းရခဲ့လေသည်။

ထိုသူ ရင်ကော့ကာ အိမ်ကို ပြန်လာခဲ့သည်။ အိမ်သို့ရောက်သော်...

ဇနီး။ ။ရှင် ပြန်လာပြီလား။

ခင်ပွန်း။ ။အေး။

ဇနီး။ ။အေးကို အသာထားခဲ့၊ သည်ကိုလာပြီး ရေတတ်တစ်ဆို ထောင်းပေးဦး၊ ကိုယ့်မိန်းမကို ဝိုင်းကူပေးရမှန်း ရှင်မသိဘူးလား။

[ထိုသူ ကုပ်ကုပ်လေးလျှောက်သွားပြီး...]

ခင်ပွန်း။ ။မင်းကလဲကွာ၊ စိတ်ချည်းပဲ၊ ငါလဲ ဒါလုပ်ဖို့ ပြန်လာတာပဲဟာ...ဟီး...ဟီး...

[ငရုတ်ချည်ပွေ့ကိုကိုင်ကာ အားပါးတရ ထောင်းနေလေသတည်း။]





## စကားများလို့

လွန်စွာမှ စကားနည်းသော လူသုံးယောက်တို့သည် ဂူတစ်ခုထဲတွင် စုပေါင်းပြီး နေထိုင်ကြသည်။ ထိုဂူ၏အနီးကို မြင်းကလေးတစ်ကောင် ရောက်ရှိလာခဲ့လေသည်။ တစ်နှစ်အကြာတွင် ပထမလူက...

ပ–လူ။ ။အဖြူရောင်မြင်းလေးပဲကွ။

[နှစ်နှစ်အကြာတွင် ဒုတိယလူက ပြောသည်။]

ဒု–လူ။ ။အဖြူရောင်မှ မဟုတ်တာ၊ အညိုရောင်ကွ။

[သုံးနှစ်အကြာတွင် တတိယလူက မည်သို့ ပြောလိုက်သလဲဆိုသော်...]

တ–လူ။ ။မင်းတို့ သိပ်စကားများကြတယ်ကွာ၊ သည်လိုဆိုရင် မင်းတို့နဲ့အတူ မနေတော့ဘူး။

## ဆင်ခြေ

ရဲ။ ။ခိုးရာပါပစ္စည်းက မင်းလက်ထဲမှာ လက်ပူးလက်ကျပ်မိနေတာတောင် မင်းက ငြင်းတုန်းပဲလား၊ ခိုးတာမဟုတ်ရင် ဘာဖြစ်မလဲ။

ထိုသူ။ ။ကျွန်တော်ခိုးတာမဟုတ်ဘူးလို့ အတပ်ပြောရဲပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အိမ်ရှင်မသိအောင် တိတ်တိတ်လေးယူလာတဲ့ ပစ္စည်းမို့ပါ။

www.burmeseclassic.com

www.burmeseclassic.com

## ချန်ပီယံ

အင်တာဗျူးသူ။ ။ဟုတ်ကဲ့၊ ကျွန်မ တစ်ခုသိပါရစေရှင်၊ လူကြီးမင်းဟာ ဘာဖြစ်လို့ ကမ္ဘာ့အပြေးမြန်ဆုံးလူသား တစ်ယောက် ဖြစ်လာခဲ့ရသလဲဆိုတာ ပါပဲ။

အပြေးချန်ပီယံ။ ။ဖြေပါ့မယ်ခင်ဗျာ၊ ကျွန်တော် ကမ္ဘာ့အပြေးချန်ပီယံဖြစ်လာခဲ့ရတဲ့အကြောင်းကတော့ မူလက အင်မတန်မှ အကြွေးထူပါတယ်၊ ကြွေးမဆပ်နိုင်တဲ့အခါ ကြွေးရှင်တွေက လိုက်လို့ အသားကုန်ပြေးရင်းနဲ့အကျင့်ပါပြီးခုလို အပြေးချန်ပီယံ ဖြစ်လာခဲ့ရတာပါပဲခင်ဗျာ၊ ဒါပါပဲ။

## သားဆုဝန်ရှင်း

သူငယ်ချင်း။ ။နင် ကလေးမရလို့ သားဆုသွားပန်ခဲ့တယ်ဆို၊ အခု ကလေးရပြီ မဟုတ်လား၊ နင် ဘာဖြစ်လို့ စိတ်ညစ်နေရတာလဲ။

သူမ။ ။သားဆု မပန်တာကမှ ပိုကောင်းဦးမယ်၊ ခု ငါ ဘာဖြစ်သွားသလဲသိလား၊ ခြောက်မြွှာပူးတောင် မွေးတယ်တော့...ဟီး...။





## တရားအားထုတ်သူ၏ ဆန္ဒ

ဘုရားစင်ကို မျက်နှာမူပြီး မျက်လုံးအကြောင်သားနှင့် တင်ပျဉ်ဖွဲ့ခွေကာ ထိုင်နေသူ...

မိတ်ဆွေ။ ။ခင်ဗျားယောက်ျားဟာ စကားမပြောဘဲ ဝစီပိတ် တရားကျင့်ကြံအားထုတ်နေတယ်လို့ သိရပါတယ်၊

အိမ်ရှင်မ။ ။ဟုတ်ပါတယ်ရှင်၊ ပြင်းပြင်းထန်ထန်ကို ကျင့်ကြံအားထုတ်နေတာပါ။

မိတ်ဆွေ။ ။ဘယ်လောက်ကြာမှ စကားပြန်ပြောဖြစ်မှာလဲ။

အိမ်ရှင်မ။ ။ကုန်ဈေးနှုန်းမကျမချင်း သူ စကားပြောမှာ မဟုတ်ပါဘူးရှင်။

## အထိတ်တလန့်

သူငယ်ချင်း။ ။နင့်မျက်လုံးတွေ ပိုပြူးလာတယ်၊ ပါးစပ်ကလဲ အရင်လို မလှတော့ဘဲ ပိုပြီး ကျယ်လာတယ်၊ နှုတ်ခမ်းလဲ နည်းနည်းရွဲ့သွားသလားလို့၊ ဘယ်လိုဖြစ်သွားတာလဲ ဟယ်...။

သူမ။ ။အမြန်ကား နေ့တိုင်းစီးမိကတည်းက ခုပုံစံမျိုး ဖြစ်သွားခဲ့တာပဲဟယ်...။



www.burmeseclassic.com

www.burmeseclassic.com

## တမ်းတသူ

စိတ်မနှံ့သူတစ်ဦးသည် ကောင်းကင်ပေါ်သို့မော်ကြည့်ရင်း လက်ညှိုးထိုးကာ...

စိတ်မနှံ့သူ။ ။ဟော...တက်သွားပြီ၊ တက်သွားပြီ၊ နောက်ကိုတောင် လုံးဝလှည့်မကြည့်တော့ဘူး၊ မျက်နှာလွှဲခဲပစ် လုပ်သွားတာလားကွယ်၊ ရက်စက်စိမ်းကားလိုက်တာ၊ ပြန်လာပါတော့၊ ပြန်လာပါတော့လားကွယ်။

[စိတ်မနှံ့သူ၏အပြုအမူကို ကြည့်နေသော လူတစ်ယောက်ကအေးမှလူတစ်ယောက်ကို မေးမိသည်။]

စပ်စုသူ။ ။သူက ဘာကိုကြည့်ပြီး တမ်းတနေရတာလဲဗျ။

ထိုသူ။ ။ကုန်ဈေးနှုန်းကိုလေ။

## ခြေလိုက်ပုံက

ပထမဦးဆုံး ဂျိန်းစ်ဘွန်းအဖြစ် သရုပ်ဆောင်သူသည် မင်းသား ရှောင်ကွန်နရီဖြစ်၏။ ဒုတိယဂျိန်းစ်ဘွန်းသည် ရော်ဂျာမိုး ဖြစ်၏။ တစ်နေ့တွင် မင်းသား ရော်ဂျာမိုးနှင့် သားငယ်တို့သည် စားသောက်ဆိုင်တစ်ဆိုင်၌ စားသောက်နေကြစဉ် မင်းသား ရှောင်ကွန်နရီသည် ဆိုင်ရှေ့မှ ဖြတ်လျှောက်သွား၏။ ထိုအခါ သားငယ်ဖြစ်သူမှာ စားသောက်ဆိုင်ထဲမှ အမှတ်မထင် ပြေးထွက်သွားခဲ့လေသည်။ သားငယ်ပြန်ရောက်လာသောအခါ ဖခင် ရော်ဂျာမိုးက ဤသို့ မေးသည်။





ဖခင်။ ။သား စောစောက အပြင်ကို အလျင်စလိုနဲ့ ပြေးထွက်သွားပြီး ဘာလုပ်တာလဲ။

သား။ ။သား ဂျိန်းစ်ဘွန်းအစစ်ကို သွားကြည့်တာပါ ဒယ်ဒီ၊ [ဟု ဖြေလိုက်လေသတည်း။]

## အဲ့ဒါလေးကိုပဲ

မောင်။ ။ခင်ကသာ မောင့်ကို ပြန်ချစ်မယ်ဆိုရင်လေ...ဟို မိုးကောင်းကင်ထက်က ရှဝံကြယ်ကြီးကို ဆွတ်...ဆွတ်။

ခင်။ ။ကဲပါ၊ ရှဝံကြယ်ကို အသာထား၊ ရှင့်သတ္တိကို အသိအမှတ်ပြုတယ်၊ ရှင် ကျွန်မကို တကယ်ချစ်တယ်၊ သတ္တိရှိတယ်၊ စွန့်စားနိုင်တယ်ဆိုရင် ဟောဟို ဓာတ်တိုင်ပေါ်က မီးလုံးကိုပဲ အရင်ဖြုတ်ပေးစမ်းပါ။

မောင်။ ။အန်...။

## တစ်ဘိုင်

မြို့သို့ တောသားတစ်ယောက်သည် ရောက်လာ၏။ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် လက်ဖက်ရည်ဝင်သောက်ရန် ထိုင်လိုက်သည်။ ထိုအခါ လူတစ်ယောက်က သူ့ရှေ့မှာ ကြက်ဥဟပ်ဘွိုင်တစ်လုံး မှာလိုက်၏။

တောသား။ ။ငါ့ကို တောသားလို့မထင်ရအောင် ဟိုလူမှာတဲ့အတိုင်း လိုက်ပြီးမှာမှပဲ၊ ဟေ့–လက်ဖက်ရည်တစ်ခွက်၊ ကြက်ဥဟပ်ဘွိုင်တစ်လုံးဟေ့...။



www.burmeseclassic.com

www.burmeseclassic.com

[မကြာမီ လက်ဖက်ရည်နှင့် ကြက်ဥပြုတ်ဘဲ့ချိုင် တစ်လုံး လာချပေး၏။ ကြက်ဥကို စားမည်ပြုလိုက်သောအခါ...]

တောသား။ ။ဟော့–ဘယ်လိုလဲကွ၊ မင်းတို့က ကြက်ဥပြုတ်ဘဲ့ချိုင် ဆိုပြီး ကျက်လဲမကျက်လဲပါလားကွဟေ...။

## အချိန်မီ

မီးရထားဘူတာရုံတွင် ခရီးသည်များက ရထားနောက်ကျမည်ကို စိုးရိမ်နေကြ၏။ မကြာမီ ရထားသည် စကြီံအတွင်းသို့ တဖြည်းဖြည်းဝင်လာခဲ့လေ၏။ခရီးသည်တစ်ဦးက ဂါတ်မိုလ်ကြီးကို...

ခရီးသည်။ ။ရထားက နေ့တိုင်းနောက်ကျနေတာ၊ သည်ကနေ့ ခပ်စောစောလေးဝင်လာတဲ့အတွက် လူတွေက သိပ်ပြီး ဝမ်းသာနေကြတယ်ဗျာ။

[ထိုအခါ ဂါတ်မိုလ်ကြီးမှာ မည်သို့ပြောလိုက်သလဲ ဟူမူ...]

ဂါတ်မိုလ်။ ။သည်ရထားက မနေ့ကတည်းက ဝင်မယ့်ရထားဖြစ်ပါတယ်၊ အခုမှပဲ ဝင်လာနိုင်ခဲ့တာပါခင်ဗျာ။





## မြင်စုံများ

ဆေးကျောင်းသားတစ်ဦးသည် အဖော်တစ်စုနှင့်အတူ လေ့လာရေးခရီးထွက်လာ၏။ ကားပေါ်တွင် ခွဲစိတ်ခန်းထဲ၌ လူနာများကို မည်သို့ခွဲစိတ်ခဲ့ရပုံ၊ လေ့လာခဲ့ရပုံများကို အားပါးတရ ပြောလာခဲ့၏။

မကြာမီ ခရီးလမ်းဆုံးကိုရောက်လာခဲ့သည်။ သူတို့သွားရမည့်နေရာမှာ လယ်တောတစ်ခုဆီသို့ ဖြစ်၏။

လမ်းတွင် ဒူးဆစ်ခန့်ရေနစ်သော ရိုးလေးတစ်ခုကို ဖြတ်ကျော်ရသည်။

သို့ရှိစဉ် ထိုမိန်းကလေးသည် တစ်စုံတစ်ရာကို အမှတ်မြင်တွေ့သွားပြီး မေ့လဲသွားလေတော့၏။

မိန်းကလေးအား...

ပါလာသောအဖော်များနှင့်တကွ ခပ်လှမ်းလှမ်းမှာရှိနေသော ဦးကြီးတစ်ယောက်ကပါ ပြေးလာပြီး ပြုစုကြသည်။

ဦးကြီး။ ။လုံမလေးက ဘာများတွေ့သွားလို့ ငယ်သံပါအောင် အော်ပြီး ခုလို မေ့သွားရတာလဲကွယ်။

အဖော်။ ။မျှော့တစ်ကောင် တွေ့သွားလို့ပါရှင်...။


www.burmeseclassic.com

www.burmeseclassic.com

## ဖြတ်ကျော်ခ

လူတစ်ယောက်သည် မီးပုံးပျံကြီးကိုစီး၍ ကမ္ဘာတစ်ပတ်ပတ်ရန် ရည်ရွယ်၏။ ကောင်းကင်မှာ ပျံသန်းလာသော မီးပုံးပျံကြီးသည် ရွာတစ်ရွာသို့ ဖြတ်သန်းသွားစဉ် အောက်မှ လူများက ဤသို့ အော်ဟစ်ကြ၏။

ရွာသားများ။ ။အခွန်…အခွန်ပေးပါ။

[ထိုအခါ မီးပုံးပျံပေါ်မှ ပါလာသူ နှစ်ယောက်အနက် အဖော်တစ်ယောက်က…]

အဖော်။ ။သည်လူတွေ အခွံတောင်းနေကြတယ်ကွ၊ ပစ်ချပေးလိုက်စမ်းပါကွာ။

[လိုမ္မော်ခွံများကိုပစ်ချပေးလိုက်လေသည်။ရွာသားများဆီမှ မကျေမနပ်သံများ ထပ်မံထွက်ပေါ်လာခဲ့ကြပြန်သည်။]

ရွာသားများ။ ။အခွန်…အခွန်…။

ပထမသော် ဘာကို ဆိုလိုမှန်းမသိ၊ နောက်တော့မှ ခေါင်းဆောင်အစစ်က သဘောပေါက်သွားသည်။ မီးပုံးပျံပေါ်ကနေ တစ်စုံတစ်ခုကို ပစ်ချပေးလိုက်၏။ ရွာသားများသည်လည်း ထိုတစ်စုံတစ်ရာကို ကောက်ယူပြီး ကျေနပ်သွားခဲ့ကြသည်။

ရွာသားများ ကောက်ယူသွားခဲ့ကြသည့်အရာမှာ သူတို့ရွာကို ဖြတ်ကျော်ခ ကောက်ခံသည့်အခွန်ငွေပင် ဖြစ်ပါသတည်း။



## ကြောက်

ကျောင်းဆရာတစ်ယောက်သည် ခပ်ပေပေရှိသော ကျောင်းသားတစ်ဦးကို ဤသို့ မေးလေ၏။

ဆရာ။ ။မင်း ကြိမ်လုံးကိုကြောက်သလား၊ ငါ့ကို ကြောက်သလား ပြောစမ်း။

တပည့်။ ။ကြိမ်လုံးကိုင်ထားတဲ့လက်ကို ကြောက်ပါတယ်ဆရာ။

## တွေ့ကြသေးတာပေါ့

ကလေးငယ်တစ်ယောက်သည် ညအိပ်ရာဝင်သောအခါ ခေါင်းအုံးအောက်တွင် ဓားမြှောင်ကို ထိုးထည့်လိုက်၏။ မိခင်က မြင်သွားသောအခါ…

မိခင်။ ။ဟဲ့သား၊ အိပ်ရာဝင်တာ ဘာဖြစ်လို့ ဓားကို ခေါင်းအုံးအောက်မှာ ထည့်ပြီးအိပ်ရတာလဲကွယ့်။

သား။ ။ညက အိပ်မက်ထဲမှာ သူခိုးလာပြီးခိုးတယ်၊ သားလက်ထဲမှာ လက်နက်မရှိတဲ့အတွက် သူခိုးကို ဖမ်းမမိလိုက်ဘူး၊ သည်ည အိပ်မက်ထဲမှာ သူခိုးရောက်လာဦးမှာပဲ၊ တွေ့ကြသေးတာပေါ့ မေမေရာ…။



www.burmeseclassic.com

www.burmeseclassic.com

## လျှောက်လိမ်ပြန်

ခပ်လှမ်းလှမ်းမှ လူတစ်ယောက် ဖြတ်လျှောက်သွား၏။

သူငယ်ချင်း။ ။အဲ့သည်လူရဲ့နာမည်က လျှောက်လိမ်ပြန်တဲ့လေ။

ထိုသူ။ ။မင်းကလဲကွာ၊ သူ့ကြည့်ရတာ ဗမာတစ်ယောက် နဲ့ပဲတူပါတယ်၊ ဘယ်လိုနာမည်ပေးထားတာလဲ။

သူငယ်ချင်း။ ။မနက်မိုးလင်းတာနဲ့ အိမ်ကထွက်၊ လူတကာကို လျှောက်လိမ်ပြီးမှ ပြန်လို့ လျှောက်လိမ်ပြန်လို့ ခေါ်တာကွ။

## ထိုနာမည်

လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် လူတစ်ယောက်သည် တစ်ဦးတည်း လက်ဖက်ရည် ထိုင်သောက်နေသည်။

သူငယ်ချင်း။ ။ဟိုမှာထိုင်နေတဲ့လူရဲ့နာမည်က ကပ်ခွာတဲ့။

ထိုသူ။ ။ကပ်ခွာတဲ့ ဟုတ်လား၊ နာမည်ကြီးကလဲကွာ ဘာဖြစ်လို့ သည်လို ပေးရတာလဲ။

သူငယ်ချင်း။ ။သာမယ်ထင်ရင် ပေါင်းတယ်၊ ပူးကပ်တယ်၊ နာမယ်ထင်ရင် ခွာလိုက်ရော၊ သည်လိုလူမို့ သူ့ကို ကပ်ခွာလို့ ခေါ်ကြတာလေ။





## သည်ဆေးလေ

သဘော်တစ်စင်းပေါ်တွင် ဈေးသည်တစ်ယောက်က အစာကြေဆေး လိုက်ပြီး ရောင်းနေသည်။

ဆေးရောင်းသူ။ ။အစာကြေဆေး ရမယ်၊ အစာကြေဆေး။

ခရီးသည်။ ။ကုန်ဈေးနှုန်းကြီးနေတဲ့အချိန်မှာကွာ၊ အစာကြေဆေးကိုစားတော့ ခဏခဏ ပြန်ပြီး ဆာနေမှာပေါ့ကွ၊ ငါ လိုချင်တဲ့ဆေး ရှိသလား။

ဆေးရောင်းသူ။ ။ဘာဆေးများလဲ ခင်ဗျာ။

ခရီးသည်။ ။ရင်ပြည့်ရင်ကယ်ဆေး။

## ထူးခြားသန်းကြွယ်

အမျိုးသမီးနှစ်ယောက် ဈေးထဲတွင် ဆုံမိကြရာ...

၁-အမျိုးသမီး။ ။ဟဲ့-မဟာဂုဏ်လေး၊ မပြောချင်ပါဘူးအေ၊ မျောက်ကလေး မွေးလို့တဲ့တော့။

၂-အမျိုးသမီး။ ။ဟယ်...ဟုတ်လား၊ ထူးဆန်းလိုက်တာ၊ ဘယ်တုန်းက မွေးလိုက်တာလဲ။

၁-အမျိုးသမီး။ ။ပြီးခဲ့တဲ့ လကလေး၊ တောထဲက မုဆိုးတစ်ယောက်က သူ့ကိုလက်ဆောင်ပေးလိုက်တာတဲ့။

၂-အမျိုးသမီး။ ။အန်...။

www.burmeseclassic.com

www.burmeseclassic.com



## ဘာရမလဲ

ခင်ပွန်း။ ။မိန်းမရေ၊ ငါ အလှူကိုသွားတာ ငါ့ဖိနပ် သူများ စီးသွားတယ်ကွာ။

ဇနီး။ ။ဟင်...ဒါဆို ရှင် ဖိနပ်ပျောက်ခဲ့ပြီပေါ့။

ခင်ပွန်း။ ။မပူပါနဲ့ မိန်းမရယ်၊ ငါလဲ သူများဖိနပ်အသစ်တစ်ရံကို ကောက်စီးခဲ့တာပေါ့ကွ၊ ဘာရမလဲ။

## အပြန်အလှန်

သား။ ။ဖေဖေ၊ မမလေ သားရဲ့ အင်္ကျီနဲ့လုံချည်ကို ယူပြီး ဝတ်နေတယ်၊ သိလား။

ဖေဖေ။ ။ဟော...ဟုတ်လား၊ လွယ်ပါတယ်ကွာ၊ မင်းလဲ သူ့ထဘီနဲ့ အင်္ကျီတွေကို ပြန်ယူပြီး ဝတ်လိုက်ပေါ့။

## အခြေအနေ

မိခင်။ ။သမီးရေ၊ ဘုရားကို ဥပုသ်စောင့်သွားကြမယ်ဟေ့၊ ပန်းဆီမီး၊ ရေချမ်းကပ်လှူကြမယ်ကွယ်။

သမီး။ ။သမီး ခေါင်းကိုက်နေလို့မေမေ၊ မလိုက်တော့ဘူး။

ဖခင်။ ။သမီးရေ၊ မင်္ဂလာအဆင့်မြင့်ရုပ်ရှင်ရုံမှာ ကားကောင်းတယ်ဟေ့၊ လက်မှတ်ဝယ်လာပြီ၊ သမီး ခေါင်းကိုက်နေတယ်ဆို၊ ရုပ်ရှင်ကြည့်လို့ ဖြစ်ပါမလား။

သမီး။ ။သမီး ခေါင်းကိုက်ပျောက်သွားပြီ ဖေဖေ၊ ရုပ်ရှင်လိုက်မယ်။



## ခြင်ဆေး

လူတစ်ယောက်သည် ဈေးထဲမှာ ပစ္စည်းတစ်ခုကို အော်ပြီး ရောင်းနေ၏။

ဈေးသည်။ ။ခြင်မကိုက်တဲ့ဆေး၊ သုံးကျပ်၊ သုံးကျပ်။

ဝယ်သူ။ ။ဟာ...ခြင်ထောင်မထောင်ဘဲ ခြင်မကိုက်တဲ့ဆေး ဝယ်ပြီး ဆောင်ထားရရင် သိပ်ကောင်း၊ ပေးစမ်း သုံးကျပ်ဖိုး။

[ထိုသူသည် စာအိတ်အရွယ် အလုံပိတ်ထားသော အိတ်ကလေးကို ဝယ်သွားခဲ့သည်။ အိမ်ကိုရောက်သောအခါ စာအိတ်လေးကို ဖောက်လိုက်သည်။ အထဲမှာ စာရွက်လေးတစ်ရွက်သာ ပါလာသည်။]

[ခြင်ကိုက်လျှင် ခြင်ထောင်ထောင်ပြီး အိပ်ပါ။]

ဝယ်သူ။ ။ဟိုက်...။

## အထိတ်တလန့်

လူနှစ်ယောက်၏အနီးမှ အမျိုးသမီးတစ်ယောက်က ဖြတ်လျှောက်သွားသည်။

သူငယ်ချင်း။ ။အဲ့သည် အမျိုးသမီးကွာ၊ ဒေါသကြီးလိုက်တာ၊ မပြောနဲ့တော့၊ သူ့ယောကျ်ားနဲ့ရန်ဖြစ်တာကွာ၊ လက်ထဲမှာလဲ ဓားကြီးကိုင်လို့။

ထိုသူ။ ။ဟေ...ဟုတ်လား၊ ဆက်ပြောပါဦး။

www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်း။ ။အဲ့သည်အမျိုးသမီးကကွာ၊ ဘာမပြောညာမပြောနဲ့ တစ်ခါတည်းကို လှိုးချလိုက်ပါလေရော။

ထိုသူ။ ။ဟာ...။

သူငယ်ချင်း။ ။ယောကျ်ားဖြစ်သူက ငယ်သံပါအောင်အော်ပြီး မလှိုးနဲ့ မလှိုးနဲ့လို့ တောင်းပန်ပေမယ့်လဲ မရပါဘူးကွာ၊ ဒေါသတကြီးနဲ့ ဓားကြီးကိုကိုင်ပြီး လှိုးတော့တာပါပဲ။

ထိုသူ။ ။ဖြစ်မှဖြစ်ရလေကွာ၊ နို့–အမျိုးသမီးက ဘာကို လှိုးတာလဲကွ။

သူငယ်ချင်း။ ။သစ်တော်သီးကြီးကိုလေ။

## အဲ့ဒါကြောင့်

သူငယ်ချင်း။ ။ဟိုသူတို့သားက သူ ယူမယ့် မိန်းကလေးကို ဘာဖြစ်လို့ မယူတော့အဲ့ စေ့စပ်ကြောင်းလမ်း ဖျက်သိမ်းလိုက်ရတာလဲကွ။

ထိုသူ။ ။အဲ့သည် မိန်းကလေးက ဟိုတယ်တစ်ခုမှာ အလုပ်ရသွားလို့တဲ့လေ။



## အတင်း

ထိုသူ။ ။ငါဆိုတဲ့ကောင်က အတင်းဖျင်းပြောတာကို သိပ်မကြိုက်ဘူး။

သူငယ်ချင်း။ ။ငါလဲ လက်မခံဘူးကွ။

ထိုသူ။ ။အေး...မင်းနဲ့ငါနဲ့ စိတ်သဘောထားချင်း တိုက်ဆိုင်တယ်၊ ဟိုအကောင်ကတော့ကွာ၊ယောကျ်ားကြီးတန်မဲ့နဲ့ သူများအကြောင်း သိပ်ပြီးပြောတဲ့အကောင်။

သူငယ်ချင်း။ ။ဟုတ်တယ်၊ သည်ကောင့်ကို ငါ လုံးဝသဘောမကျဘူး၊ အလကားကောင်။

ထိုသူ။ ။နောက်ပြီး သည်ကောင်က အပြောအဆိုလဲ တင်စီးသေးတယ်ကွ။

သူငယ်ချင်း။ ။မှန်လိုက်လေ၊ လူတကာအပေါ် ကြောချင်တဲ့အကောင်။

ထိုသူ။ ။နောက်ပြီး သည်ကောင့်အကျင့်က......

www.burmeseclassic.com

www.burmeseclassic.com



## အင်တာဗျူး

အရာရှိ။ ။မင်း ပညာအရည်အချင်း ဘယ်လောက်ရှိသလဲ။

ထိုသူ။ ။ဘွဲ့ရပြီးပါပြီ။

အရာရှိ။ ။ဘာသာစကား ဘယ်နှစ်မျိုးတတ်သလဲ။

ထိုသူ။ ။အင်္ဂလိပ်၊ ဂျပန်၊ တရုတ်၊ ပြင်သစ် လေးဘာသာ တတ်ပါတယ်။

အရာရှိ။ ။ကောင်းပြီ၊ မင်းကို တို့ရဲ့ကုမ္ပဏီမှာ အလုပ်ခန့်လိုက်ပြီ၊ ဟောဟိုလှောင်အိမ်လေးထဲက ကြက်တူရွေးကို စကားသင်ပါ။

## သင်းကြောင့်

အဘိုးအို။ ။ဩော်...ကား...ကား...သည်ကားဆိုတဲ့အရာကို ဘယ်သူကများ တီထွင်ခဲ့ပါလိမ့်၊ တောက်...

ခရီးသည်။ ။ဘာဖြစ်လို့လဲ အဘ။

အဘိုးအို။ ။မင်း မသိဘူးလား၊ သင်းကြောင့် ငါတို့ အခုမှတ်တိုင်မှာ ရပ်ပြီး စောင့်နေရလို့ပေါ့ကွ။

## မေတ္တာ

မိခင်။ ။သမီး ဆယ်တန်းစာမေးပွဲအောင်ရင် အမေ သေပျော်ပါပြီကွယ်။

သမီး။ ။သမီးဆယ်တန်းအောင်ရင် အမေအသက်တိုသွားမှာစိုးလို့ နှစ်တိုင်းပဲ ဖြေနေရတာပေါ့ အမေရယ်။



## ဖြည့်ထပ်ပေးသော

သူငယ်ချင်း။ ။ဘယ်လောက်ပဲဖြည့်ဖြည့်၊ ဘယ်တော့မှ မပြည့်ဘဲ အမြဲတမ်းထွက်ထပ်ပြီး ဖြည့်နေရတာ ဘာလဲကွ။

ထိုသူ။ ။ဟောသည် ဝမ်းဗိုက်ကြီးပေါ့ကွ။

သူငယ်ချင်း။ ။မဟုတ်ဘူး၊ ပါးစပ်ပေါက်၊ ဘယ်တော့မှ အတင်းပြောလို့ မကုန်နိုင်ဘဲ စကားတွေ မပြတ်ထည့်ပေးလိုက်၊ ပြောလိုက်၊ ကုန်သွားလိုက်၊ ပြန်ထည့်ပေးလိုက်နဲ့၊ အဲ...

## ဖျာသေး

ထိုသူ။ ။မင်း ဘာကြောင့် ဒါလောက်အထိဆင်းရဲနေရတာလဲကွ။

သူငယ်ချင်း။ ။မချမ်းသာလို့ပေါ့ကွ။

ထိုသူ။ ။ဘာဖြစ်လို့ မချမ်းသာရတာလဲကွ။

သူငယ်ချင်း။ ။ဆင်းရဲလို့ပေါ့ကွ။

ထိုသူ။ ။ဘာဖြစ်လို့ ဆင်းရဲနေရတာလဲကွ။

သူငယ်ချင်း။ ။မင်းဘိုးအေ...။

## အမြင်

ထိုသူ။ ။သူငယ်ချင်း၊ ငါ...ငါ...အမြင်မကြည်လင်ဘူးကွာ။

သူငယ်ချင်း။ ။အမြင်မကြည်လင်ဖြစ်မှာပေါ့၊ မင်းရဲ့မျက်ခုံးပေါက်က ကျဉ်းပြီး မျက်လုံးက မှေးနေတာကိုး။

www.burmeseclassic.com

www.burmeseclassic.com

## ကောင်းတယ်ဆိုပြီး

စာရေးဆရာမ။ ။ကျွန်မရေးတဲ့စာတွေကိုဖတ်ပြီး ဘယ်လိုသဘော ရပါသလဲ ရှင်...။

စာဖတ်သူ။ ။ကောင်းတယ်၊ ကောင်းတယ်၊ စိတ်ညစ်ဖို့။

## အသေနဲ့အရှင်

သူငယ်ချင်း။ ။ဟောဟိုကောင်ပေါ့၊ မိန်းမကို အသေကြောက် လိုက်တာမှ...

ထိုသူ။ ။အရှင်ဆိုရင် မကြောက်ဘူးပေါ့နော်။

## သုံးယောက်ကြုံကြိုက်ပုံက

ယောကျ်ား။ ။ငါသာ ခုနေသေသွားရင် မင်းတော့ လောကကြီး အလယ်မှာ မျက်စိသူငယ်၊ နားသူငယ်နဲ့ ကျန်ရစ် ခဲ့မှာပဲ နော်။

ဇနီး။ ။မပူပါနဲ့ရှင်ရယ်၊ ရှေးထုံးလဲ မပယ်နဲ့တဲ့၊ စာဆို နဲ့အညီ တစ်ပင်လဲ တစ်ပင်ထူလိုက်မှာပေါ့ ကိုကို လင်ရယ်။

## တောင်းသူနှင့်ပေးသူ

ထိုသူ။ ။ငါ့ကို အကြံပေးစမ်းပါကွာ၊ အကြံပေးစမ်းပါ။

သူငယ်ချင်း။ ။ရော့ကွာ။

ထိုသူ။ ။ဟောကောင်၊ အကြံပေးပါဆိုမှ ဘာဖြစ်လို့ ထမင်း ကျန်၊ ဟင်းကျန်တွေကို လာပေးနေရတာလဲ။

သူငယ်ချင်း။ ။မင်းပဲ အကျန်ပေးဆို။



## သည်လိုလုပ်

ငရဲသား။ ။ယမမင်းကြီးခင်ဗျား၊ ဆီဈေးတွေတက်လို့ ငရဲ ကျခံသူတွေကို မကြော်နိုင်တော့ပါဘူး၊ ဘယ် လိုလုပ်ရပါ့မလဲခင်ဗျာ။

ယမမင်းကြီး။ ။ရေနဲ့ပဲကြော်ကွာ။

## မှား

ထိုသူ။ ။မင်း အမှားတစ်ခုကိုကျူးလွန်ပြီးရင် နောင်တရဖူး တာမျိုး ရှိခဲ့ဖူးသလား။

မောင်ဆိုး။ ။မရှိခဲ့ဖူးပါဘူးခင်ဗျာ။

ထိုသူ။ ။ဘာဖြစ်လို့လဲ။

မောင်ဆိုး။ ။နောင်တရချိန်မရှိအောင် ခဏခဏမှားနေလို့ပါ ခင်ဗျာ။

## တန်ဖိုးရှိအောင်

ဆရာမ။ ။လူတစ်ယောက်ဟာ ကိုယ့်ကိုယ်ကို တန်ဖိုးရှိအောင် ဘယ်လိုနေထိုင်ရမလဲ၊ မောင်အေး၊ ဖြေစမ်း။

မောင်အေး။ ။နာမည်ပြောင်းပစ်ရပါမယ်၊ ကိုရွှေ၊ ကိုငွေ၊ ဒေါ် စိန်ရွှေ၊ ကိုဒေါ်လာ၊ ဦးကျောက်စိမ်း အစရှိသဖြင့် ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

## ဘာကောင်လဲ

မောင်ချေး။ ။အဲ့သည် သတ္တဝါဟာ ကပ်မိရင် ခွာလို့ မရဘူး၊ အားလုံးက ပိုင်းပြီးခွာလဲ ဖွတ်ကြီးပေကပ်နေတယ်၊ မိုးခြိမ်းသံကြောင့်လဲ လန့်ပြီးခွာမသွားဘူး၊ အဲ့သည်ကောင်က ဘာလဲ။

မောင်ဖြေ။ ။တောက်တဲ့။

မောင်ချေး။ ။မှားတယ်။

မောင်ဖြေ။ ။ဒါဖြင့် ဘာလဲ။

မောင်ချေး။ ။ကုန်ဈေးနှုန်း။

## မသိလို့ပါ ဆရာဝန်ရယ်၊ ပြောပြစမ်းပါကွယ်

လူနာတစ်ဦးသည် ဆရာဝန်ထံတွင် ဆေးကုသခံပြီးသော အခါ...

လူနာ။ ။ကျွန်တော် မသိလို့ မေးပါရစေ ဆရာ။

ဆရာဝန်။ ။ဟုတ်ကဲ့၊ မေးနိုင်ပါတယ်။

လူနာ။ ။ဆရာ့ဆေးခန်းမှာ စမ်းသပ်ခ မယူပါ၊ ဆေးဖိုးဝါးခပဲ ယူပါတယ်လို့ ရေးထားပါတယ်၊

ဆရာဝန်။ ။ဟုတ်တယ်လေ။

လူနာ။ ။ဆေးဖိုးဆိုတာကိုတော့ နားလည်ပါတယ်၊ ဝါးခဆိုတာက ဘာလဲ ဆရာ၊ ကျွန်တော် မရှင်းလို့ပါ။

ဆရာဝန်။ ။အဲ...ဟို...ဟိုလေ...ဝါးခဆိုတာက...အဲလေ...။



## အကြံဉာဏ်

အမျိုးသမီးသူငယ်ချင်းနှစ်ယောက်သည် လမ်းမှာတွေ့ကြရာ

နယ်လီ။ ။ငါ့ယောက်ျားက ငါ့ကို ပိုပြီးချစ်လာအောင် ဘယ်လိုလုပ်ရင် ကောင်းမလဲကွာ၊ အကြံဉာဏ်ပေးစမ်းပါဦး။

ဂျင်နီ။ ။လွယ်ပါတယ်ကွာ၊ သူ့ရှေ့မှာ ကောင်လေးတစ်ယောက်ကို မသိမသာ တွဲပြလိုက်၊ သူ မခံချင်စိတ်လဲ ဖြစ်သွားမယ်၊ အစိုးရိမ်လဲ ကြီးသွားမယ်၊ မင်းကို လက်လွှတ် ဆုံးရှုံးသွားမှာစိုးလို့ ပိုပြီး ချစ်ပြလာလိမ့်မယ်။

နယ်လီ။ ။မင်းနည်း ကောင်းတယ်၊ ငါ ချက်ချင်းပဲ စမ်းသပ်ကြည့်မယ်ကွာ။

[တစ်လအကြာတွင် သူငယ်ချင်းနှစ်ယောက် ပြန်ဆုံကြသည်။]

ဂျင်နီ။ ။ဘယ်လိုလဲကွာ၊ငါပေးလိုက်တဲ့လင်ချစ်ဆေးကောင်းရဲ့လား။

နယ်လီ။ ။မပြောပါနဲ့တော့ ဂျင်နီရယ်၊ မင်းပေးတဲ့နည်းအတိုင်း သူ့ရှေ့မှာ ကောင်လေးအသစ်တစ်ယောက်ကို တွဲပြလိုက်တာပေါ့။

ဂျင်နီ။ ။အဲ့သည်တော့...

နယ်လီ။ ။သူ...သူလေ ငါ့ကို ရွဲ့တဲ့သဘောနဲ့ ကောင်မလေးတစ်ယောက်ကို တွဲပြတယ်၊ အခုတော့ အဲ့သည်ကောင်မလေးကိုပဲ ပိုချစ်သွားပြီး ငါနဲ့ ကွာရှင်းလိုက်ရပြီတော့၊ ဟီး...။

ဂျင်နီ။ ။ဟောတော်...။



www.burmeseclassic.com

www.burmeseclassic.com

## ချမ်းသာတဲ့သူ

မောင်ပေါ။ ။ငါ့မှာ သိန်းဟစ်ရာကြီးများတောင်ရှိတယ်ဆိုရင် မင်း ယုံမှာလား။

မောင်ပါ။ ။မယုံပါဘူးကွာ၊ မင်းအကြောင်း ငါ အသိဆုံးပါ၊

မောင်ပေါ။ ။သြော်...မင်းကလဲ အဲ့သည်ငွေတွေ အနုတောင် ပါလာသေးတယ်၊ ဟောသည်မှာ ကြည့်။

[လက်ဝါးပေါ်မှ ပိုက်ဆံကိုကြည့်ပြီး...]

မောင်ပါ။ ။ဟော့ကောင်၊ ဘာကြောင်တာလဲ၊ ငွေတစ်ရာတည်း၊

မောင်ပေါ။ ။အေးလေ...ငါ ပြောသားပဲ မဟုတ်လား၊ သိမ်းထား တဲ့ ငွေတစ်ရာပါလို့...။

## ဘိုက်ထိုး

လူငယ်တစ်ဦးသည် ကုလားအမျိုးသားပိုင်ဆိုင်သော ကုန်ဆိုင်တစ်ဆိုင်ကိုသွား၏။ ဈေးဝယ်သူများက များပြားနေ၍ သူ့အလှည့်ကို မရောက်နိုင်ဘဲ ဖြစ်နေရသည်။

ထိုအခါ ဆိုင်ရှင်ကုလားကြီးက ထိုလူငယ်ကို မည်သို့ ပြောလိုက်သနည်းဆိုသော်...

ကုလားအမျိုးသား။ ။ကန်ကလေး ဘိုက်ထိုး...ဘိုက်ထိုး...

[ထိုအခါ လူငယ်သည် ဘာမပြော၊ ညာ မပြောနှင့် ထိုကုလားကြီး၏ဗိုက်ကို ထိုး လိုက်ပါတော့သည်။]





ကုလားအမျိုးသား။ ။အွတ်၊ အာရေး၊ သေပါပြီ။

[မမျှော်လင့်မိသော အဖြစ်အပျက်ကြောင့် လူအများ ဝိုင်းအုံလာကြလေသည်။]

တစ်ယောက်က။ ။ဘယ်လိုဖြစ်တာလဲကွ၊ သူ့ဗိုက်ကို ဘာ ဖြစ်လို့ ထိုးရတာလဲ ကောင်လေး၊ ပြော စမ်းပါဦး။

လူငယ်။ ။ရန်ဖြစ်တာ မဟုတ်ပါဘူး၊ သူ့ဗိုက်ကို ထိုးခိုင်းလို့ ကျွန်တော်က ထိုးရတာပါ ခင်ဗျာ။

[လူငယ်ပြောလိုက်တော့မှ ငိုအားထက် ရယ်အားသန်ကုန်ကြလေသည်။]

[ကုလားစကားနားလည်သူတစ်ယောက် က...]

သေးလူ။ ။ ဖြစ်မှဖြစ်ရလေကွာ၊ ဗိုက်ထိုး ဆိုတာ... ကုလားလို ထိုင်လို့ပြောတာကွ၊ ဗိုက်ကို ထိုးခိုင်းတာ မဟုတ်ဘူး။

လူငယ်။ ။ဟာ...ကျွန်တော် မသိလို့ပါဗျာ။

[ထိုအခါကျမှ လူငယ်သည် ကုလားကြီး ကို ပျာပျာသလဲနှင့် တောင်းပန်ရသော ဟူ၏။]



www.burmeseclassic.com

www.burmeseclassic.com

## ဖြစ်ရလေ

လှိုဏ်ဂူကသည်းဖိုဝတ္ထုရေးဆရာတစ်ယောက်သည် ခေါင်းမြီးခြုံပြီး တဟီးဟီးအသံပြုကာ တစ်ကိုယ်လုံးတုန်နေ၏။

အိမ်ကို လာလည်သူတစ်ဦးက အိမ်ထဲရှိနေသူတစ်ယောက်ကို ဤသို့ မေးသည်။

လာလည်သူ။ ။စာရေးဆရာ ကိုသတ္တိ ဘယ်သွားပါသလဲခင်ဗျာ၊

ထိုသူ။ ။ဟောဟိုမှာ အိပ်နေသူပါပဲ။

လာလည်သူ။ ။ဟာ..သူ ဘယ်လိုဖြစ်နေတာလဲဗျ၊ တစ်ကိုယ်လုံးလဲ ခိုက်ခိုက်တုန်လို့ပါလား။

ထိုသူ။ ။ဆရာကြီးတစ်ဦးရေးတဲ့ စုန်းကဝေဝတ္ထုကိုဖတ်ပြီး ခုလို အကြောက်လွန်နေတာပါပဲ ဆရာ။

## ခံစားချက်

ကျေးတောရွာတစ်ခုမှ အသက်ရှစ်ဆယ်ကျော် အမယ်ကြီးတစ်ဦးသည် ဓာတ်ပုံရိုက်ရမှာကို လွန်စွာ ကြောက်၏။

တစ်နေ့တွင် မြို့မှ သူဌေးတစ်ဦးသည် ရွာသို့ရောက်လာပြီး သက်ကြီးရွယ်အိုများကို အလှူဒါနပြု၏။

အမှတ်တရဓာတ်ပုံရိုက်ရန်အတွက် အများနှင့်အတူ ထိုအဘွားကြီးကိုပါ ခေါ်ရာ အကြောက်အကန်ပင်လိုက်ပါလာခဲ့သည်။

အဘွားအို။ ။အမေ မလိုက်ပါရစေနဲ့ကွယ်၊မလိုက်ပါရစေနဲ့။

ဓာတ်ပုံဆရာ။ ။ခဏလေးပါ အဘွားရယ်၊ ဘာမှ မဖြစ်ပါဘူး။

[အမယ်ကြီးကို ချော့မော့ပြီး ကုလားထိုင်မှာ ထိုင်စေသည်။]

[ဓာတ်ပုံဆရာက လျင်မြန်စွာဖြင့် ဓာတ်ပုံရိုက်လိုက်သောအခါမီးကဖျတ်ခနဲဆိုလင်းသွားသည်။]

အဘွားအို။ ။အား...အမလေး။

[အဘွားအိုက လန့်ပြီး အမှတ်တမဲ့အော်လိုက်သည့်အခါ ဓာတ်ပုံဆရာက ပျာပျာသလဲဖြင့်...

ဓာတ်ပုံဆရာ။ ။အဘွား...ဘာဖြစ်လို့ အော်တာလဲ။

အဘွားအို။ ။နာမှာစိုးလို့။

## ကျား

ကုမ္ပဏီရုံးခန်းထဲသို့ လှပသော မိန်းမပျိုလေးတစ်ဦးက...ဝင်လာခဲ့သည်။ ထိုအခါ ကြွားဝါတတ်သော မန်နေဂျာသည် ဖျက်နေသော တယ်လီဖုန်းကိုကောက်ယူ၍ ဟန်ပါပါ နားထောင်လိုက်ပြီး...

မန်နေဂျာ။ ။ဘာပြောတယ် သူငယ်ချင်း၊ သိန်းနှစ်ရာ အရင်းအနှီးမြှုပ်နှံထားတဲ့ကိစ္စ၊ ဒါ...ငါ့ဘိုးဘွားတွေက အမွေပေးထားခဲ့တဲ့ ငွေတွေ၊ မင်း ဆပ်ချင်တဲ့အချိန်မှ ပြန်ဆပ်၊ ရတယ်။

[ညှဲ့သည်မိန်းကလေးက အနားရောက်လာပြီး]





www.burmeseclassic.com

www.burmeseclassic.com

မိန်းကလေး။ ။သည်မှာရှင့်...

[မန်နေဂျာကလက်ကာပြလိုက်သည်။ ခဏကလေးစောင့်၊ သည်မှာ အရေးကြီးနေလို့ပါဟုဆိုသည့်သဘော။ ဆက်လက်၍...]

မန်နေဂျာ။ ။ဟုတ်ပါပြီ၊ အဲ့သည် သိန်းနှစ်ရာကို မင်း ပြန်မပေးလဲ ရတယ်၊ ဒါလောက်နဲ့တော့ ငါ မွဲမသွားသေးဘူး၊ ဒါနဲ့ ငါ မှာလိုက်တဲ့ ပစ္စည်းတွေတင်လာတဲ့ သင်္ဘော ဆိုက်ပြီလား၊ ဘာ–သိန်းတစ်ထောင်ဖိုး ဟုတ်လား၊ ဒါများကွာ၊ ရေးကြီးခွင်ကျယ်လုပ်လို့၊ ငါ့အတွက် မိုင်နာပါကွာ၊ မင်း သိတယ် မဟုတ်လား၊ ငါ ဘယ်လောက်ချမ်းသာတယ်ဆိုတာ...။

[စကားပြောခွက်ကိုချလိုက်သည်။ အလုပ်အလွန်များ၍ လွန်စွာ ပင်ပန်းကြီးသွားသည့်ဟန်ဖြင့် သူ့ရှေ့မှာထိုင်နေသော မိန်းမပျိုလေးကို...

မန်နေဂျာ။ ။ကဲ–ဆို၊ ဦးက သိပ်အလုပ်များတယ်၊ ကြားလိုက်တယ် မဟုတ်လား၊ စောစောက ပြောလိုက်တဲ့ စကားတွေ၊ အလကား သိန်းသုံးလေးရာလောက်နဲ့လဲ စိုးရိမ်ပူပန်နေကြတယ်၊ ဒါနဲ့ သည်က ညီမလေးက...။

မိန်းကလေး။ ။ဦးက သည်ကုမ္ပဏီက မန်နေဂျာ အသစ်လားဟင်...။





မန်နေဂျာ။ ။ဘာဖြစ်လို့လဲကွယ့်။

မိန်းကလေး။ ။သမီးကလဲ သည်ကုမ္ပဏီမှာ အလုပ်လုပ်ပါတယ်၊ ခွင့်ယူထားတာကြာပြီ၊ သည်ကနေ့မှ ရုံးပြန်တက်တာ။

မန်နေဂျာ။ ။ဪ..ဦးက အပြင်က ဧည့်သည်မှတ်လို့ ကဲ–ဆို၊ ဘာပြောချင်လို့လဲ။

မိန်းကလေး။ ။ဟို...ဟို...အဲ့သည် တယ်လီဖုန်းက ပျက်နေတာသုံးလလောက်ရှိပြီ၊ အဲ့ဒါ လာပြောတာပါ။

မန်နေဂျာ။ ။ဟော...။

## သူ့ကျတော့

ယောက်ျားဖြစ်သူသည် လွန်စွာမှ စည်းကမ်းကြီးသော ဇနီးကို ကြောက်ရသူဖြစ်သည်။ တစ်နေ့တွင် သူ၏လက်ပတ်နာရီသည် လူစည်ကားသောနေရာတစ်ခုတွင် ကြိုးပြတ်ကာ ကျပျောက်သွားသည်။ အိမ်ကိုပြန်ရောက်သောအခါ မိန်းမက...

ဇနီး။ ။ရှင့်လက်ပတ်နာရီ ဘယ်ရောက်သွားသလဲ။

ခင်ပွန်း။ ။ကြိုးပြတ်ပြီး ကျပျောက်သွားတယ်ကွာ။

ဇနီး။ ။ရှင်ဟာလေ သိပ်ပြီး နမော်နမဲ့နိုင်တာပဲ။

[အခြားစကားများဖြင့် ဆူပူသေးသည်။ သို့သော် ကိုယ့်အပြစ်နှင့်ကိုယ်မို့ ပြန်မပြောသာ။]

www.burmeseclassic.com

[တစ်နေ့တွင်အလွန်စည်းကမ်းကြီးလှပါသည်ဆိုသော ဇနီးသည် လက်စွပ်ကျပျောက်သွား၏။ ယောကျ်ားက သိသွားခဲ့ရာ သူ့အကွက်ဝင်လာပြီဆိုပြီး...

ခင်ပွန်း။ ။လက်စွပ်ပျောက်သွားတယ်၊ ဟုတ်လား၊ မင်းဟာလေ၊ သိပ်ပြီး နမော်နမဲ့နိုင်တာပဲ။

ဇနီး။ ။အို...ပညာရှိ သတိဖြစ်ခဲ့ပါတော်။

## ဒါလည်း ဟုတ်မှန်၏

မောင်ဘ။ ။ကိုယ်က သူများကို အကူအညီပေးနိုင်ပြီး အဲသည်အလုပ်နဲ့ပဲ ကိုယ့်ကိုယ်ကို ပြန်ပြီး မကူညီနိုင်တာ ဘာအလုပ်လဲကွ။

မောင်မြ။ ။မသိဘူးလေ။

မောင်ဘ။ ။ဆံပင်ညှပ်တဲ့အလုပ်လေ၊ ဆံပင်ညှပ်ဆရာဟာ ကိုယ့်ဆံပင် ကိုယ်ပြန်ညှပ်နိုင်သလား။

## ခေါင်းပုံဖြတ်

သူငယ်ချင်း။ ။မင်း အခု ဘာအလုပ်လုပ်နေသလဲကွ။

ထိုသူ။ ။ခေါင်းပုံဖြတ်အလုပ်လေ။

သူငယ်ချင်း။ ။ဘာလဲကွ၊ ငါ နား မရှင်းပါဘူး။

ထိုသူ။ ။ဆံပင်ညှပ်သမားလို့ ပြောတာကွ။



## အသက်ထက် ပို၍အရေးကြီး

ပင်လယ်ထဲတွင် သင်္ဘောတစ်စင်းပျက်၏။ မကြာခင်မှာနစ်မြုပ်တော့မည်ဖြစ်သည်။ သင်္ဘောမှ တာဝန်ရှိသူများသည် ခရီးသည်များကို အသက်ကယ်လှေများပေါ် တင်ပေးနေကြသည်။

အမျိုးသမီးတစ်ယောက်သည် သင်္ဘောပေါ်မှ အသက်ကယ်လှေပေါ်ကို ဆင်းခါနီးမှ...

အမျိုးသမီး။ ။အို...ခဏလေး၊ အရေးကြီးတဲ့ပစ္စည်းတစ်ခု အခန်းထဲမှာ ကျန်ခဲ့လို့။

[ဆိုပြီး သင်္ဘောထဲသို့ ပြေးဝင်သွားခဲ့လေသည်။]

[ပြန်ထွက်လာသောအခါ လက်ထဲတွင် လက်သည်းနီဆိုးဆေးပုလင်းကို တွေ့လိုက်ရသည်။]

အမျိုးသမီး။ ။အမျိုးသားက မွေးနေ့မှာ လက်ဆောင်ပေးထားတာ၊ ကံကောင်းလို့ ကျန်ခဲ့တော့မလို့... အဟင်းဟင်း...။

## အတောင်မဲ့သတ္တဝါ

သူငယ်ချင်း။ ။အတောင်မရှိလဲ ပျံနိုင်တဲ့သတ္တဝါဟာ ဘာလဲကွ

ထိုသူ။ ။မသိဘူးလေ။

သူငယ်ချင်း။ ။ကောလာဟလဆိုတဲ့ ငှက်ပေါ့ကွ။

www.burmeseclassic.com

## ခွန်အားကြီးသောသီချင်း

သူငယ်ချင်း။ ။သီချင်းတွေထဲမှာ ခွန်အားအကြီးဆုံး၊ အချိန်အစီးဆုံး သီချင်းတစ်ပုဒ်ရှိတယ်၊ အဲ့သည်သီချင်းဟာ ဘာသီချင်းလဲ။

ထိုသူ။ ။ဆင်ကြီးကို ဂဠုန်ချီ။

## ဘရိတ်

ပီတာ မောင်းလာသောကားကို ယာဉ်ထိန်းရဲက ဖမ်းလိုက်လေသည်။

ပီတာ။ ။ဘာဖြစ်လို့ ဖမ်းတာလဲ ခင်ဗျာ။

ရဲ။ ။ခင်ဗျားကား ဘရိတ်မမိဘူး။

ပီတာ။ ။ဆရာထင်လို့ပါ၊ ကျွန်တော့်ကား ဘရိတ်ကောင်းပါတယ်။

ရဲ။ ။ဒါဖြင့်ရင် ခင်ဗျားကားကို ရှေ့ကနေ မောင်းသွား၊ ကျွန်တော်တို့ကားက နောက်ကနေလိုက်ခဲ့မယ်၊ နောက်ကနေ ဟွန်းတီးပြီး အချက်ပေးလိုက်ရင် ခင်ဗျားကားက ချက်ချင်းရပ်၊ ဟုတ်ပြီလား။

ပီတာ။ ။ကောင်းပါပြီ ခင်ဗျာ။





[ပီတာက သူ့ကားကို ရှေ့မှနေ၍ မောင်းသွားသည်။ ယာဉ်ထိန်းရဲ၏ကားက နောက်မှ လိုက်ပါလာသည်။ ကားရှင်းသောနေရာသို့ရောက်သောအခါ ယာဉ်ထိန်းရဲ၏ ကားက နောက်မှ ဟွန်းတီးပြီး အချက်ပေးလိုက်သည်။]

"တီ–တီ–"

[ပီတာသည် သူ့ကားကို ချက်ချင်းရပ်ပစ်လိုက်၏။

"ဒုန်း"

[ယာဉ်ထိန်းရဲ၏ကားက ပီတာ၏ကားကို နောက်ဘက်မှ ဝင်၍ တိုက်လိုက်ခြင်းပါ။]

## ဖြတ်

သူငယ်ချင်းနှစ်ယောက် ဆုံကြရာဝယ်...

မောင်လှ။ ။ငါ ဟိုတစ်နေ့က အရက်သောက်ခြင်းရဲ့အပြစ်တွေကို ရေးထားတဲ့စာအုပ် ဖတ်မိတယ်ကွာ။

မောင်မြ။ ။အဲ့သည်တော့...

မောင်လှ။ ။စာအုပ်ကိုဖတ်ရင်းနဲ့ တဖြည်းဖြည်း မကျေမနပ်ဖြစ်လာမိတယ်ကွ။

မောင်မြ။ ။နောင်တ,ရပြီး အရက်ကို ဖြတ်လိုက်တယ်ဆိုပါတော့။

မောင်လှ။ ။ဟင့်အင်း...စာအုပ်ကို ငါ ဖြတ်ပစ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

## သေမင်း

လူငယ်တစ်ဦးသည် အဘိုးအိုတစ်ဦးအား နောက်ပြောင်လိုသည်နှင့်…

လူငယ်။ ။အဘက အတော်အသက်ကြီးပြီးနော်၊ သေမင်းဆီကို
သွားရမယ့်အချိန်က နီးနေပြီ။

လူကြီး။ ။အေး…သေမင်းကလဲ လူငယ်တွေဆီကို ကိုယ်တိုင်
လာပြီး ခေါ်တတ်သကွယ့်…။

လူငယ်။ ။ဗျာ…။

## ဘယ်သူများပါလိမ့်

ရထားတစ်စီးခုတ်မောင်းနေစဉ် ရထားပေါ်တွင် ခရီးသည်များနှင့်အတူ သမီးရည်းစားနှစ်ယောက်လည်း လိုက်ပါလာကြ၏။

ရထားက လိုဏ်ခေါင်းရှည်ကြီးထဲကို ဖြတ်သွားသောအခါ စက္ကန့်သုံးဆယ်မျှ မှောင်အတိကျသွား၏။ ရထားလိုဏ်ခေါင်းထဲမှ ထွက်လာခဲ့ပြီးနောက်…

ကလယ်ရာ။ ။မှောင်က သိပ်ကဲတာပဲ အဟွန်း။
ဂျွန်။ ။ဟင်–ဘာဖြစ်လို့လဲ။

ကလယ်ရာ။ ။ရထားလိုဏ်ခေါင်းရှည်ကြီးထဲ ဖြတ်သွားနေတုန်း
ခင့်ကို မွှေးမွှေးပေးလိုက်လို့ပေါ့။

ဂျွန်။ ။ဟင်…ကိုယ် မင်းကို လုံးဝ မနမ်းမိပါလား။

ကလယ်ရာ။ ။ဟောတော်၊ ဒါဖြင့် ဘယ်…ဘယ်သူများပါလိမ့်။





## လူမနော

သွားနေသော ဘတ်စ်ကားတစ်စီးပေါ်ဝယ် ကျပ်တန် တစ်ရွက်က အတက်အဆင်း လှေကားထစ်ပေါ်ကို ကျနေရာ…

ခရီးသည်တစ်ဦးက စပယ်ရာကို…

ခရီးသည်။ ။ဟဲ့–သူငယ်၊ အောက်မှ ကျပ်တန်တစ်ရွက်
ကျနေတယ်ကွယ့်၊ ကောက်လိုက်ဦး။
[လူငယ်တစ်ဦးကမကြားတကြားလေသံဖြင့်
မည်သို့ ပြောလိုက်သလဲဆိုသော်…]

အခြားခရီးသည်။ ။ကျပ်တန်မို့လို့ သတိပေးနေနေတာပါ၊ ရာ
လူငယ် တန်ဆိုရင် သူ သတိပေးနိုင်မှာ မဟုတ်ဘူး၊
စဉ်းစားနေပြီပေါ့။
[ခရီးသည်၏ မျက်နှာသည် နီမြန်းသွားခဲ့
လေ၏။]

## မှားလို့လား

အပျိုကြီးတစ်ဦးနှင့် လက်ထပ်ပြီးခဲ့သော လူရိုးကြီးတစ်ယောက်ကို…

ဇနီး။ ။မ,ကို စိတ်ချပါကိုရယ်၊ မ,လေ အဖိုဆိုလို့ ယင်ဖို
တောင် မသန်းခဲ့ဖူးပါဘူး။

ခင်ပွန်း။ ။မင်းက ယင်ဖိုတောင် အသန်းမခံရပါဘူးဆို၊ ဟိုလူက
မင်းနဲ့ ဖြစ်ဖူးတယ်လို့ ပြောနေပါလားကွ။

ဇနီး။ ။အို…အဲဒါက လူဖိုပဲဟာ၊မ,ပြောခဲ့တာမှားသလားလို့။

www.burmeseclassic.com

www.burmeseclassic.com


## စိတ်ချသွားပါ မောင်ရယ်

ပင်ကယ်ကမ်းခြေသို့ အပန်းဖြေခရီးထွက်လာခဲ့ကြသော ဇနီးမောင်နှံနှစ်ယောက် ခင်ပွန်းသည်က ရေကူးနေရင်း ရေနစ်သောအခါ...

ခင်ပွန်း။ ။ခင်ရေ... မောင်တော့ ရေနစ်ပြီ၊ လာ ကယ်ပါဦး၊ မောင် သေသွားရင် ခင် ဒုက္ခရောက်ပြီး ကျန်ခဲ့တော့မှာပဲ။

ဇနီး။ ။ခင့်အတွက် ဘာမှ မပူနဲ့မောင်၊ မောင် အသက်အာမခံထားခဲ့တယ် မဟုတ်လား၊ စိတ်ချလက်ချသာ သွား မောင်ရေ...။

## ဘာတတ်နိုင်မှာလဲ

မိခင်။ ။သားရဲ့ဖေဖေက ရည်းစားဦး မေမေ့ကိုမှ မရရင် ချောက်ကြီးထဲ ခုန်ချပြီး သတ်သေမြဲမယ်လို့ပြောခဲ့တာ၊ မယုံရင် သား ဖေဖေကို သွားမေးကြည့်။

သား။ ။ဟုတ်လား ဖေဖေ၊ မေမေ ပြောတာ အမှန်ပဲလား။

ဖခင်။ ။ဖေဖေ ပြောခဲ့တဲ့အချိန်တုန်းက သားရဲ့မေမေဟာ ဖေဖေရဲ့ ဆယ့်ရခြောက်ယောက်မြောက် ရည်းစားပေါ့ကွယ်။

## အမေးနဲ့အဖြေ

ဖခင်ကို အထင်ကြီးသော သားငယ်တစ်ဦးက...

သား။ ။သား မသိလို့ မေးချင်တယ် ဖေဖေ။

ဖခင်။ ။မေးလေ သား။

သား။ ။လူတွေက မနက်မိုးလင်းလာရင် ဘာဖြစ်လို့ အရပ်တစ်ဖက်တည်းကို မသွားဘဲ အရပ်ရှစ်မျက်နှာခွဲပြီး သွားရတာလဲ။

ဖခင်။ ။ဩော်...အင်း...သည်လိုလေကွာ၊ အရပ်တစ်ဖက်တည်းကို လူတွေစုပြီး သွားကြရင် ကမ္ဘာကြီးက တစ်ဖက် စောင်းသွားမှာပေါ့ကွ၊ အဲ့သည်တော့ လူတွေ လဲကျကုန်မှာစိုးလို့ ဟန်ချက်ညီအောင် ဖြန့်ပြီး သွားကြရတာပေါ့...ဟဲ...ဟဲ...။

ဝင်းရွှေနောင်



www.burmeseclassic.com

www.burmeseclassic.com

## မိတ်ဖျက်မှာစိုးရင်

ထိုသူ–ငါ့ကို ငွေတစ်ရာလောက် ချေးပါလားကွာ။

သူငယ်ချင်း–ပြန်တောင်းမရရင် မိတ်ပျက်မှာစိုးလို့ မချေးပါရစေနဲ့ကွာ။

ထိုသူ–ဒါဆိုရင်လဲ အလကားပေးလိုက်လေ…။

## တွင်းထွက်ပစ္စည်း

အိမ်ကို အလည်လာသော သားမက်လောင်းလေးကို ယောက္ခမလောင်းက စီးပွားရေးနှင့်ပတ်သက်ပြီး တီးခေါက်ကြည့်သည်။

ယောက္ခမလောင်း–မင်း ဘာအလုပ်အကိုင်များ လုပ်သလဲကွယ့်။

သားမက်လောင်း–တွင်းထွက်ပစ္စည်းမျိုးစုံရောင်းဝယ်ပါတယ်။

ယောက္ခမလောင်း–သွပ်၊သံ၊ကျောက်၊ရွှေ၊ငွေ၊ပတ္တမြားတွေလား။

သားမက်လောင်း–မဟုတ်ပါဘူး၊ ဖား၊ကြွက်၊ငါးရှဉ့်၊ မြွေ၊ တီ၊ အဲဒါတွေပါ…။

## အထင်ကြီးဖို့

ထိုသူ–လူတွေအထင်ကြီးအောင် ဘယ်လိုနေရမလဲ ဆရာ။

ဆရာ–အထင်သေးအောင် မနေနဲ့ပေါ့ကွာ။



## လိုက်ခဲ့စမ်းပါ

နှစ်ပေါင်းသုံးထောင်ကျော်လောက်က ရှေးဟောင်းပစ္စည်းများကို ပုံတောင်ပုံညာဒေသတွင် တူးဖော်ပြီး ပြန်လာခဲ့သူ ရှေးဟောင်း သုတေသနပညာရှင်တစ်ဦး…

ထိုသူ–သည်ပစ္စည်းတွေဟာ ကံကောင်းလို့ တွေ့ရတာ၊ အင်မတန်မှ ရှားပါးပြီး တန်ဖိုးရှိတဲ့ပစ္စည်းတွေဗျ။

[အားပါးတရ ကျေနပ်စွာ ပြောလိုက်ရာ အိမ်သို့ အလည်ရောက်နေသော တောမှ အဒေါ်ကြီးက ချက်ချင်း မည်သို့ ပြန်ပြောလိုက်သလဲဆိုသော်]

အဒေါ်ကြီး–မောင်ဟိုဒင်းရယ်၊ သည်အိုးခြမ်းကွဲတွေကိုများ အပင်ပန်းခံပြီး အဝေးမှာ သွားရှာသလား၊ ရွာကို လိုက်ခဲ့စမ်းပါ၊ ငါတို့အိမ်နောက်ဖေးက အိုးလုပ်တဲ့ နေရာမှာ အိုးခြမ်းကွဲတွေမှ တစ်ပုံကြီးပါတော်။

## အကြံကောင်းတော့

ပေတူးသည် ကမ်းစပ်မှာထိုင်ကာ ငါးမျှားနေ၏။ အတန်ကြာသောအခါ ငါးပွက်သဖြင့် ဆွဲတင်လိုက်ရာ…

ပေတူး–ဟာ…ဖိနပ်တစ်ဖက်။

[နောက် အတန်ကြာပြန်သော် ငါးက ပွက်ပြန်၏။ အားပါးတရဆွဲတင်လိုက်သည်။ ပါလာသည်ကလည်း နောက်ထပ် ဖိနပ်တစ်ဖက်။]



www.burmeseclassic.com

www.burmeseclassic.com

[ပေတူး စိတ်ညစ်သွားသည်။]

ပေတူး–အကြံရပြီ။

[ထိုဖိနပ်တစ်ရံကို ဈေးမှာ သွားရောင်းပြီး ငါးများဝယ်ကာ အိမ်သို့ ပြန်လာခဲ့လေသည်။]

"ဟဲ...ဟဲ...အကြံမပိုင်လားဗျာ..."

## ဘယ်ကောင်လဲကွ

ယောက်ျားဖြစ်သူသည် အိမ်ကို ဒေါသတကြီးဖြင့် ပြန်လာခဲ့ပြီး ဇနီးကို...

ယောက်ျား–ဟေး...မင်းကို ကောင်လေးတစ်ယောက်က မွှေးမွှေးပေးလိုက်လို့ဆို၊ ဘယ်မှာလဲ အဲသည်ကောင်လေး၊ ငါ့ကို ပြစမ်း...။

ဇနီး–ဟုတ်တယ်လေ၊ ခင့်ကို ကောင်လေးတစ်ယောက်က မွှေးမွှေးပေးတယ်၊ အဲသည်ကောင်လေးက သည်မှာလေ မောင်ရဲ့...။

[ဇနီးသည် နှစ်နှစ်သားအရွယ်လောက်ယောက်ျားလေးကို ကိုယ်မှာချီထားရင်းက ပြောလိုက်လေသတတ်။]





## တိုတိကျ

ထိုသူသည် သူ့ကိုယ်သူ လွန်စွာမှ တိကျသူကု မကြာခဏ ပြောလေ့ရှိသည်။

ထိုသူ–ကျုပ်က ဘာပဲလုပ်လုပ် တိတိကျကျပဲ၊ သူများပြောစရာမလို့အောင်ကို တိကျတဲ့ကောင်။

[တစ်နေ့တွင် ထိုသူသည် ဆံပင်ညှပ်ဆိုင်ကို သွားသည်။ လောင်းကုတ်အင်္ကျီကြီးကို ကျကျနနချွတ်ကာ ချိတ်မှာချိတ်၏။ ထို့နောက် ကုတ်အင်္ကျီကိုချွတ်ကာချိတ်တွင် သပ်ရပ်စွာချိတ်သည်။]

[ပြီးလျှင် လည်စည်းကိုဖြေသည်။ ရှပ်အင်္ကျီအပေါ်ကြယ်သီးနှစ်လုံးကိုဖြုတ်ပြီးမှ ထိုင်ခုံတွင်ထိုင်သည်။]

ဆံသဆရာ–ဆံပင်ညှပ်မလို့လား ဆရာ။

ထိုသူ–အင်းလေ...။

ဆံသဆရာ–ဆံရာ ခေါင်းပေါ်မှာ ဆောင်းထားတဲ့ဦးထုပ်လေးချွတ်ပေးပါလားခင်ဗျာ...။

www.burmeseclassic.com

www.burmeseclassic.com



## ကိုတကျတဲ့သမီး

နာရီနှင့်အလုပ်လုပ်ပြီး အလွန်တိကျသော ဖခင်တစ်ဦး ရှိသည်။ အိမ်တွင်းအလုပ်များကို နံရံရှိ ပိုက်ဘုတ်တွင် အချိန်ဖြင့် စာရေးထား၏။

နံနက် ၅ နာရီ စာကြည့်ချိန်။

" ၆ နာရီ ၁၅ မျက်နှာသစ်ချိန်။

" ၁၀ နာရီ ၁၅ နံနက်စာစားချိန်။

ညနေ ၅ နာရီ ၁၅ ထမင်းစားချိန်။

ည ၈ နာရီ ဝ၅ စာကြည့်ချိန်။

ည ၁၀ နာရီ ၁၅ အိပ်ချိန်။

အလွန်တိကျသော ဖခင်၏အချိန်ဇယားကို သားသမီးများသာမက ဇနီးပါ လိုက်နာရသည်။

တစ်နေ့သော နံနက်ခင်းတွင် သမီးကြီးဖြစ်သူကို မတွေ့မိသည်နှင့် မေးကြည့်ရာ ဇနီးသည်က ပိုက်ဘုတ်ကို ရေးပြလိုက်ပြီး...

ဇနီး–ဟိုမှာလေ ဖအေကြီးရဲ့...။

[ပိုက်ဘုတ်အောက်ဆုံးတွင် သမီးဖြစ်သူ ရေးထားသည်ကား–]



အဖေ–

သမီးရဲ့ချစ်သူနဲ့ ညသန်းခေါင်ယံကျော်ကျော် ၁၂ နာရီ ၁၃ မိနစ် ၁၅ စက္ကန့်တိတိမှာ ခိုးရာ လိုက်ပြေးသွားပါပြီ၊ သမီးအား ခွင့်လွှတ်ပါ...။

ဟူသတည်း။

## သူ့ကို မလျှောင်နဲ့

ထိုသူသည် ကုန်စျေးနှုန်းဆိုသောအရာကို လက်ဝါးပေါ်မှာ တင်ထား၏။ အစကတော့ ဂေါ်လီလုံးလောက်ရှိသည်။

ထိုသူ–မင်း ငယ်ပါသေးတယ်ကွာ။

[မထီမဲ့မြင်ပြုလိုက်သည်နှင့် တဖြည်းဖြည်းကြီးထွားလာခဲ့လေရာ ကြက်ဥလောက်၊ ဖရဲသီးလောက်၊ တောင်ပို့ကြီးလောက်ပမာဏအထိဖြစ်လာပြီး နောက်ဆုံး တောင်ကြီး တစ်တောင်လောက်အထိ ဖြစ်လာကာ...]

ထိုသူ–အောင်မယ်လေးဗျ၊ သေပါပြီ...။

[သူ့အပေါ် ပိနေလေတော့သတည်း။]

www.burmeseclassic.com

www.burmeseclassic.com

## ခြားနားချက်

စာသင်ခန်းတစ်ခုအတွင်း၀ယ် ဆရာမက...

ဆရာမ–မောင်ချွေး ထစမ်း၊ လူနဲ့တိရစ္ဆာန် ဘာခြားနားသလဲ။

မောင်ချွေး–နဲ့တစ်လုံးပဲ ခြားနားပါတယ် ဆရာမ။

## တွေးသာကြည့်ပါတော့

အမျိုးသမီးတစ်ဦးသည် ထိုလမ်းက သွားရာတွင် ပေးကမ်းနေကျ မျက်မမြင်တစ်ဦးရှိ၏။ တစ်နေ့တွင် ထိုနေရာတွင် ထိုင်နေသော မျက်မမြင်သည် မျက်မှန်နက်ကြီးတပ်ထားသော်လည်း အရင်လူမဟုတ်။

သူမ–ဟို မျက်မမြင် မဟုတ်ပါလား။

မျက်မမြင်–ဟုတ်ပါတယ်၊ သူက ကျွန်တော့်သူငယ်ချင်းပါ၊ သူ့ကိုယ်စား ကျွန်တော့်ကို ခေါ်ထားခဲ့တာပါ။

သူမ–သူက ဘယ်ကိုသွားလို့လဲ ရှင်။

မျက်မမြင်–ရုပ်ရှင်သွားကြည့်ပါတယ်။

BURMESE CLASSIC
www.burmeseclassic.com